

www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# သုန္ဒရီသက်ဝေ

## အလွမ်းည မိုးသည်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၄၆၁၀၆၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၁၁၆၀၈၀၈ |
| တန်ဖိုး | - | ၂၃၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ |
| အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ရက် | - | ၂၀၀၈ စက်တင်ဘာလ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးတိုးဝင်း (နေလရောင်အော့ဖ်ဆက်) (၀၂၄၃၁) အမှတ်(၉၆/ခ)၊ (၁၁)လမ်းရန်ကုန်မြို့ |
| ထုတ်ဝေသူ | - | ဦးတိုးဝင်း (မြ-၀၉၃) ရန်ပိုင်ဦးစာပေ |


BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ညွန့်ရိုးသက်ဝေ

အာယုမ်းဥ မိုးသည်း

ရန်ပိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

" ငါ့ကို မင်းမေ့သွားပြီလား ထင်ရှား..."

" ဟာ... ဘာလို့မေ့ရမှာလဲ ကျော့စွာရဲ့... ဒီလောက်ချစ်တဲ့ သူငယ်ချင်းကို မေ့စရာလား..."

" ဒါဆို ငါ့ဆီကို ဆက်ဆက်လာဖြစ်အောင် လာပါလား ထင်ရှားရာ..."

မျက်နှာလေးညိုးပြီး တောင်းပန်ခေါ်နေလိုက်တာများ...။

အေးပါကွာ... ငါလာမှာပေါ့...

ငါလာမယ် ကျော့စွာလို့ ပြောနေမိပါတယ်။

ကျော့စွာ့ပုံစံကလည်း အဝတ်အစားတွေ ညိုးနွမ်းပြီး ဆံပင်တွေက ရှည်လို့... ကြည့်ရတာ မကောင်းလိုက်တာ...။ အရင်က သူငယ်ချင်းကျော့စွာဟာ... ဒီလိုမဟုတ်ပါဘူး...။ သူ့ကိုယ်သူ ကျော့နေအောင် ပြင်လွန်းလို့တောင် ထင်ရှားတို့က သဘောကျရသေးတယ်။

" ထင်ရှား... ငါ့ကိုပစ်မထားပါနဲ့... ငါ့ဆီလာပါ..."

ပြောလည်းပြော ထင်ရှားလက်ကို အတင်းဆွဲတော့တာပါ လေ...။ အေးစက်နေတဲ့ ကျော့စွာ့လက်တွေကြောင့် ထင်ရှားစိတ်မှာ နေ့လာသလိုပါပဲ...။ အေးလိုက်တာ... အေးလိုက်တာ...။ သူသေ ...ကြီးလိုပါပဲလား။

www.burmeseclassic.com

www.burmeseclassic.com



" လွှတ်ပါ— လွှတ်... ငါ့ကိုလွှတ်..."

" ထင်ရှား... ထင်ရှားအောင်... ငါ့ကိုကယ်ပါ... ငါ့ကို ပစ်မထားပါနဲ့—"

ဘုရား... ဘုရား...။

ကျော့စွာ့ရုပ်က တဖြည်းဖြည်း ကြောက်မက်ဖွယ်ရာ အသွင်အဖြစ် ပြောင်းလဲသွားပါလား။ အေးစက်တဲ့ လက်ကြီးတွေက လည်း ထင်ရှားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်တာ။

" ရှူး... အား..."

ကျော့စွာ့လက်ကလွှတ်ပြီး ယိုင်ထွက်သွားလိုက်တာ။ နှလုံးသားတစ်ခုလုံး လေဟုန်စီးဆင်းသလိုမို့ အော်လိုက်မိပါ ပြီ။

" ထင်ရှား... ထင်ရှား... ဟိတ်ကောင် ထင်ရှားအောင် ဘာဖြစ်တာလဲ..."

" ဟင်... ဟင်... သူရ... ငါ... ငါ..."

" မင်း အိပ်မက်ဆိုး မက်ပြီထင်တယ်... ဘာတွေများ မက်နေလဲ..."

သူရမေးလို့ ပြန်စဉ်းစားမိတယ်။

ရင်ထဲ ခုထိ လှိုက်ဖိုနေဆဲပါလား။ အိပ်မက်က မပျောက် မသွား။ အမြစ်တွယ်သလို တွယ်ကျန်ရစ်ခဲ့ပါပြီ...။

ထင်ရှားအောင်ရဲ့ အချစ်ဆုံးသူငယ်ချင်းကျော့စွာ။ ဘွဲ့ရသည် ထိ အခင်ဆုံး အချစ်ဆုံး တတွဲတွဲ သူငယ်ချင်း။ ကျော့စွာက ဘွဲ့ ရပြီး သူ့မြို့သူပြန်တယ်လေ...။ ထင်ရှားကသာ အလုပ်လုပ်တော့မယ် ဆိုပြီး ရန်ကုန်မှာနေရစ်ခဲ့တယ်။ ဝေးကွာသွားကြချိန်မှာ အဆက်အသွယ်



ပြတ်သလောက် ဖြစ်သွားခဲ့တယ်ဆိုပေမယ့် တစ်နှစ်သာသာပဲ ရှိဦးမှာ ပါ...။

" ကျော့စွာ တစ်ခုခုတော့ ဖြစ်ပြီထင်တယ် သူရ..."

" မင်းကလည်း အိပ်မက်ပါ..."

" အိပ်မက်ကလည်း ဆိုးဝါးလိုက်တာ... ငါအိပ်မက်လို့ကို မထင်မိဘူး... ခုထိ ခံစားနေရတယ်..."

အိပ်မက်ထဲမှာ မြင်ရတဲ့ ကျော့စွာရဲ့ ညှိုးငယ်စုတ်ချာနေသော အသွင်သဏ္ဌာန် အေးစက်နေတဲ့ လက်ကြီးတွေ... နားထဲမှာ ငါ့ကို ကယ်ပါ.. ငါ့ကိုပစ်မထားပါနဲ့ဆိုတဲ့ အသံပဲကြားနေရတယ်။

" ကျော့စွာ့ဆီ ငါလိုက်သွားချင်တယ် "

" မင်းက ကျော့စွာ့မြို့ကိုရောက်ဖူးလို့လား..."

" ဘယ်ရောက်ဖူးပါ့မလဲ "

" ဒါဆို ကျော့စွာ့မိသားစုကိုရော... မတွေ့ဖူးဘူးပေါ့ ဟုတ်လား "

" ကျော့စွာ့မိသားစုမှာ ကျော့စွာ့ညီ သော်တာနဲ့တော့ သိတာပေါ့... သော်တာနဲ့ ခင်ပါတယ်... သော်တာတွဲရလို့ ပြန်သွားတာ တောင် ဘာမှကြာဦးမှာ မဟုတ်ဘူး..."

" သော်တာ တစ်ယောက်တည်းနဲ့ပဲ သိတာပေါ့ ဟုတ်လား"

" ဟုတ်တယ်... "

သူရမေးမှ ကျော့စွာ့မိသားစုဆိုလို့ စဉ်းစားမိပါတယ်။ ကျော့စွာ ညည်းညူဖူးသော သူတို့မိသားစုတွေအကြောင်း အမှတ်ရ သွားပါပြီ။

" ကျော့စွာ့ မိသားစုတွေက တစ်မျိုးတော့ တစ်မျိုးပဲ

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့— ကျော်စွာအဖေက အိမ်ထောင်သုံးဆက်ပြုခဲ့တယ်…”

“ သုံးဆက်တောင် အားပါးပါး…”

“ တစ်ပင်လဲမှ တစ်ပင်ထူဆိုတော့လည်း အပြစ်ပြောရခက်ပါတယ်… ပထမ အိမ်ထောင်ဆုံးတော့ ဒုတိယပြု… ဒုတိယအိမ်ထောင်က ဆုံးပြန်ရော… တတိယအိမ်ထောင်ကတော့ အခုထိရှိပါသေးတယ်… ကျော်စွာတို့ မိထွေးပေါ့…”

“ ကျော်စွာက ဘယ်အိမ်ထောင်ကမွေးတာလဲ ”

“ ပထမဆုံး မိန်းမက မွေးတာ… သူတို့မှာ အရင်းအချာသုံးယောက်ရှိတာပဲ ငါသိတယ်… ကျန်တဲ့ အိမ်ထောင်တွေနဲ့လည်း သားသမီးတွေ ရှိသေးတယ်… ကျော်စွာ ပြောတော့ပြောပေမယ့် ငါမမှတ်မိဘူး…”

“ မင်းပြောပုံအရဆို မိသားစုတွေက ရှုပ်နေမှာ… မင်းသွားလို့ဖြစ်ပါ့မလား…”

“ ငါက အပြီးသွားနေမှာမှ မဟုတ်ပဲ… ကျော်စွာနဲ့တွေ့ရုံသွားတာပဲ… ကျော်စွာနေကောင်းတယ်… အဆင်ပြေတယ်ဆိုသုံးလေးရက်နေ ပြန်လာမှာပေါ့…”

“ ဒါဆိုလည်း သွားလေ… သွားပါ…”

“ ကျော်စွာနေကောင်းပါစေ… ငါနဲ့ကျော်စွာက သူငယ်ချင်းသာ ဆိုတယ်… ညီအစ်ကိုအရင်းလောက်ချစ်တာပါ… ငါက တစ်ဦးတည်းသော သားပေမယ့်… သူက ညီမတွေရှိတော့ ငါ့ကို ယောက်ဖတော်ချင်လိုက်ရတာ… သူ့အိမ်လိုက်ခဲ့ ကြိုက်တဲ့ ညီမယူတဲ့လေ…”

“ ဒီလောက် သဘောကောင်းနေမှတော့… ခုတစ်ခေါက်သွားရင်း ညီမတစ်ယောက်ပါ ရွေးလာခဲ့ပါလား…”



“ တော်ပါ သူရရယ်… ငါကရင်မခုန်ရင် လူပျိုကြီးပဲဖြစ်ဖြစ်ပါ…”

“ ဒါဆိုလည်း အခုသွားတဲ့အခါ… ကျော်စွာညီမတွေထဲကတစ်ယောက်လောက်ကို ရင်ခုန်ပါစေဗျာ…”

“ ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ”

သူငယ်ချင်းနှစ်ယောက်ရယ်မိကြပါပြီ။ ရယ်နေတဲ့ကြားထဲက ရင်ထဲတော့ တစ်ခုခုအတွက် ညစ်ထေးနေသလို ခံစားရပါတယ်။ ကျော်စွာဆီကိုသာ စိတ်ကရောက်ရောက်သွားတာပါလား။ အိပ်မက်နယ်… ဆိုးဝါးလိုက်တာလို့လည်း စိတ်မကောင်းဖြစ်မိပါတယ်။ ကျော်စွာ ဘာမှ မဖြစ်ပါစေနဲ့…။ ညှိုးနွမ်းနေတဲ့ ကျော်စွာ့ပုံစံကို ဖျောက်ဖျက်၍ မရသလိုပါလား။

ရှုတ်တရက်… ထင်ရှားရောက်လာတယ်ဆို…။

ကျော်စွာ ဘယ်လောက်များ အံ့ဩလိုက်လေမလဲ…။

သူတို့အိမ်ကို လိုက်လည်ပါ လိုက်လည်ပါဆိုတုန်းက လိုက်သွားမယ် ပြင်လိုက် အကြောင်းတစ်ခုခုကြောင့် ပျက်သွားလိုက်နဲ့…။

အခုမှ မရောက်ရောက်အောင် သွားရတော့မှာလား…။

ပျော်ရွှင်စွာ သွားချင်သော ခရီးတစ်ခုပါ…။

ဒါပေမယ့် စိတ်မှာထင့်နေရတာကတော့ ဆိုးပါတယ်… ကျော်စွာ…။

ငါ့ဆီလာခဲ့ပါဆို… စိတ်ချ… မင်းဆီ ငါ အရောက်လာခဲ့မယ်။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

စိတ်မြန်တယ်ပဲဆိုဆို... ဆိုးဝါးတဲ့ အိပ်မက်ကြောင့်ပဲ ဆိုဆို... ခရီး အမြန်ထွက်ခဲ့ပါပြီ။ တစ်ခေါက်မှ မရောက်ဖူးသော မြို့ဖြစ်ပေမယ့် ပါးစပ်ပါ ရွာရောက်ဆိုတဲ့ စကားလည်း ရှိတာပဲလေ...။ ကားဆိုက်တဲ့ အချိန် အလင်းရောင် ရှိသေးလို့ တော်ပါသေးရဲ့...။ ကားဆိုက်တဲ့ နေရာက မြို့လယ်ခေါင်ဆိုတော့ စည်းကားနေသားလား။

" ကျွန်တော်... ဒီလိပ်စာသွားချင်ပါတယ်..."

" ပျဉ်းမရိပ်သာကိုလား... မြို့ပြင်ထိသွားရမယ်... ဘယ်သူ့ဆီသွားမှာလဲ... ကျော်လင်းနဲ့ မော်လင်းတို့ဆီလား..."

" ကျော်လင်းနဲ့မော်လင်း... ဟင့်အင်း... မဟုတ်ပါဘူး ကျွန်တော်က ကျော်စွာဆီသွားမှာ..."

" ကျော်စွာ..."

" ဟုတ်ပါတယ်... ကျော်စွာပါ... သော်တာ့အစ်ကိုလေ..."

" ကျော်စွာလား... ကျော်စွာက အိမ်မှာမရှိဘူး ဆေးရုံမှာ..."

" ဗျာ..."

အံ့ဩလွန်းရပါပြီ။ ကျော်စွာက ဘယ်လိုဖြစ်ပြီး ဆေးရုံ ရောက်သွားရပါလိမ့်။ ဘာဆက်ပြောရမှန်းမသိလောက်အောင်ပင် ဆိုက္ကားဆရာ ဦးလေးကြီးကိုသာ ငေးကြည့်နေမိပါတော့တယ်။

" ကျော်စွာ့ဆီသွားမလား... ဆေးရုံကိုပို့ပေးမယ် "



" သော်တာရော... အိမ်မှာရှိမလား ဦးလေး "

" သော်တာက ဒီကနေ ဆယ့်လေးမိုင်လောက်ဝေးတဲ့ ရွာမှာ... သူ့ကခြံတွေရှိတယ်..."

" အခု ဒီမှာ မရှိဘူးလား "

" မရှိဘူး..."

ထင်ရှားကိုသိတဲ့လူက ကျော်စွာနဲ့ သော်တာပဲရှိတာ။ သော်တာက ဝေးနေတယ်။ ကျော်စွာက ဆေးရုံမှာ... ပျဉ်းမရိပ်သာမှာ ရှိတဲ့ လူတွေကို တစ်ယောက်မှမသိ။ ဒါကြောင့်မို့ ကျော်စွာရှိတဲ့ ဆေးရုံကိုပဲသွားဖို့ ရွေးလိုက်ပါတယ်။

" လူလေးက မောင်ကျော်စွာ့သူငယ်ချင်းလား..."

" ဟုတ်ကဲ့..."

" မောင်ကျော်စွာက နှလုံးရောဂါအခံရှိလို့ ဆေးရုံတက်ရသေးတာ "

" ဟုတ်လား... ကျော်စွာနဲ့ ဦးလေးခင်တာပေါ့နော်..."

" သိပ်တော့ မခင်လှပါဘူး... ဒါပေမယ့် မြို့ငယ်ကလေးပဲ ကွယ်... တစ်ယောက်တစ်ယောက် မစိမ်းလှပါဘူး..."

" ကျော်စွာ့နှလုံးရောဂါက ပြင်းထန်လာလို့ ဆေးရုံတက်ရတာလား ဦးလေး..."

" မဟုတ်ဘူး... မောင်ကျော်စွာက သူတို့အိမ် ဝရန်တာက ပြုတ်ကျတာ..."

" ဗျာ "

အရမ်းအံ့ဩရပါရောလား။ နှလုံးရောဂါရှိတယ်ဆိုလို့ နှလုံးရောဂါနဲ့များ ဆေးရုံရောက်ရတယ်မှတ်တာ။ အခုတော့

www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာက ပြုတ်ကျသတဲ့လား။

" ဘယ်လို ပြုတ်ကျသွားတာလဲဟင်..."

" ဝရန်တာသစ်သားဆွေးပြီး ကျိုးကျတယ်ပြောတာပဲ... သေချာတော့ မသိပါဘူး..."

" အခုရော... အခြေအနေ ဘယ်လိုရှိသလဲ ဦးလေးသိလား"

" မသိဘူးကွဲ..."

ဆေးရုံရှေ့ဆိုက်ကားရပ်တော့ မှောင်ရီပျိုးစတောင်ရှိနေပါပြီ။ ဒီမြို့မှာ အတော်အေးပါလား။ အအေးဓာတ်က ပတ်ဝန်းကျင်ကို ပိုပြီးငြိမ်သက်စေသလိုပါပဲ။ ဆေးရုံကလေးက ပန်းပင်တွေနဲ့ အေးချမ်းနေတာပါလား။

" ကျေးဇူးပဲ ဦးလေး "

" တည်းခိုဖို့ အဆင်မပြေရင် ဒီမှာ တည်းခိုခန်းမရှိဘူး... ဦးလေးအစ်ကို ဘုန်းကြီးကျောင်းမှာ သွားတည်းလို့ရတယ်... နန္ဒဝန် ကျောင်းက ဦးဇင်း ဂန္ဓမာလို့မေး... ဦးလေးဦးမောင်တိုး လွှတ်လိုက်တာ လို့ပြော "

" ဟုတ်ကဲ့..."

ဖြစ်ချင်ရာဖြစ်... ဆေးရုံထဲတော့ဝင်ခဲ့ပါပြီ။

လှေကားမှာတွေ့ရတဲ့ သူနာပြုဆရာမကြီးကိုပဲ ကျော်စွာနဲ့ တွေ့ချင်တာ ပြောပြမိတယ်...။ ညွှန်လိုက်တဲ့နေရာကို လာခဲ့မိတဲ့အခါ ကုတင်ပေါ်မှာ သတိလစ်နေတဲ့လူက ထင်ရှားရဲ့ သူငယ်ချင်း ကျော်စွာ တဲ့လား။ စိတ်မကောင်းဖြစ်ရလွန်းစွာ ကြည့်နေမိပါပေါ့...။ အိပ်မက်ထဲ က အတိုင်း ကျော်စွာပုံစံက ညှိုးနွမ်းနေတာပါလား...။ ကြည့်ရတာ ခုထိသတိလစ်နေတုန်း... ကျော်စွာစိတ်တွေက ထင်ရှားဆီ လွင့်မျော



ရောက်ရှိလာတာ ထင်ပါရဲ့...။

" ဘာကိစ္စလဲဟင်..."

ကျော်စွာကို ငုံ့ကြည့်နေမိတာနှင့် ဘေးနားရောက်လာသူကို သတိမထားလိုက်မိပါဘူး...။ အသံကြားတော့မှ ကြည့်မိတာ။ နုဖတ်နေတဲ့ မျက်နှာလေးအရ အသက်တစ်ဆယ့်လေး တစ်ဆယ့်ငါး လောက်ပဲ ရှိမယ့် ကောင်မလေးတစ်ယောက်။

" ကိုယ်က ကျော်စွာနဲ့ တက္ကသိုလ်တက်တုန်းက သူငယ်ချင်း ပါ... ကျန်ခဲ့တဲ့ရက်တွေက ကျော်စွာကို အိပ်မက်တွေပဲ မက်နေတယ်... ငါ့ဆီလာခဲ့ပါ ခဏ ခဏ ခေါ်နေလို့ လာခဲ့တာပါ..."

" ဟုတ်လား... ကိုကြီးက ကိုကြီးကျော်စွာ သူငယ်ချင်း လား... နာမည်ဘယ်လိုခေါ်လဲ..."

" ကိုယ့်နာမည် ထင်ရှားအောင်ပါ..."

" ကိုကြီးထင်ရှားအောင် "

" ဟုတ်တယ်... ညီမလေးက ကျော်စွာ့ညီမလား "

" ဟုတ်ပါတယ်... ဖြူဖွေးက ကိုကြီးကျော်စွာ ညီမပါ..."

" ကျော်စွာ အခြေအနေ ဘယ်လိုရှိလဲဟင်..."

" သတိရလိုက်... မရလိုက်ပါပဲ... သတိရရင် စကားတွေ ပြောနေပြီး... သတိမရတဲ့အခါ ဒီပုံစံပါပဲ..."

" ဆရာဝန်တွေက အခြေအနေဘယ်လိုပြောလဲ..."

" ဟင့်အင်း... ဖြူဖွေးမသိပါဘူး..."

ဟုတ်မှာပေါ့လေ။

ချာတိတ်မလေ ဘာကိုမှသိဦးမယ့်အရွယ်မှ မဟုတ်တာ။ လူကြီးတွေ ခိုင်းတဲ့အတိုင်း နေနေရပုံပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



" မင်းကကျော်စွာကို စောင့်နေတာလား... တခြားလူကြီးတွေကရော... မင်းတို့အမေကရော..."

" မာမီ...,မာမီက လမ်းမှမလျှောက်နိုင်ပဲ... ဘီးတပ်ကုလားထိုင်ပေါ်မှာ... သွားနေရတာ... ဘယ်လိုလုပ်လာနိုင်ပါ့မလဲ ကိုကြီးရားရဲ့..."

စိတ်မကောင်းဖြစ်နေရပေမယ့် ကိုကြီးရားလို့ ကောင်မလေးခေါ်တဲ့ပုံလေးကြောင့် ပြုံးမိပါတယ်။ ကျော်စွာကို ခုလိုမြင်ရတာ စိတ်ထဲ ဘယ်လိုမှ မကောင်းနိုင်တော့ပါဘူး။

" သော်တာရော... ကျော်စွာခုလိုဖြစ်နေတာကို သိလား... လာရော လာသေးလားဟင်..."

" ကိုလေးသော်တာက တစ်ခါလာပြီး ဟိုကအလုပ်တွေရှိလို့ ပြန်သွားတာ... ပြန်လာခဲ့မယ်ပြောတယ်..."

သော်တာရှိရင်တော့ ထင်ရှားနှင့်လည်း ခင်မင်တာမို့ စကားပြောလို့ အဆင်ပြေမယ်...။ အခုတော့ သော်တာကလည်း မရှိ။

" ကိုကြီးရားက ကိုကြီးကျော်စွာဆီ လာတာဆို ဒီည ဘယ်မှာ အိပ်မှာလဲ..."

" ဒီမှာပဲစောင့်မယ် "

" စောင့်ပေးမယ်ဟုတ်လား... ဟာ ဝမ်းသာလိုက်တာ "

" မင်းကရော စောင့်ရမှာ မဟုတ်လား "

" ကိုကြီးရားရှိနေမှတော့ အိမ်ပြန်မှာပေါ့... ကိုကြီးရားစောင့်ပေးမှာ မဟုတ်လား "

ဩော်... ဒီကလေးမ တစ်ညလုံး စောင့်ရရှာတာပါလား။ ကလေးသာသာဆိုတော့ ထင်ရှားရှိတယ်ဆို အိမ်ပြန်ချင်ပုံရတယ်...။



" မင်းတို့အိမ်က မြို့စွန်မှာဆို မှောင်နေပြီ... မင်း ဘယ်လိုပြန်မလဲ "

" ဖြူဖွေးမှာ စက်ဘီးပါပါတယ် "

" ကျော်စွာမှာ ညီတွေရှိသေးတယ်မဟုတ်လား... သူတို့က ယောကျ်ားလေးတွေဖြစ်ပြီး... ကျော်စွာကို စောင့်မပေးဘူးလား... မင်းတို့ ညီအစ်မတွေက စောင့်နေရသလား..."

" ကိုတွေးနဲ့ ကိုငယ်ကိုများ စောင့်ခိုင်းရရင် ဆေးရုံတစ်ခုလုံး ဖောက်ထိုးဖြစ်သွားမယ်..."

ပြောပြီးတော့ ရယ်နေတယ်...

နှုတ်ခမ်းလွန်းတဲ့ အရွယ်မို့ အပူအပင်မရှိ သစ်ရွက်လှုပ်တာတောင် ရယ်ချင်နေပုံပါပဲ...။

" ပြန်ချင်ပြန်တော့ ဖြူဖွေး... ကိုကြီးစောင့်မယ်... စိတ်ချပြန် "

" ကျေးဇူးပဲ ကိုကြီးရား..."

ကောင်မလေးက ကျောပိုးအိတ်လေးကောက်လွယ်ပြီး ထင်ရှားကို ကျေးဇူးတွေတင်ကြောင်းပြော... လက်ပြပြီး ပြေးထွက်သွားပါတယ်...။ ထင်ရှားမှာသာ... ဘယ်လိုပဲသိပ်ချစ်ကြပါတယ်ဆိုဆို... စကားလည်းမပြောနိုင်သော ကျော်စွာအား စောင့်နေရစ်ရတယ်။

" ဟယ်... ဖြူဖွေးရော..."

သူနာပြုဆရာမကြီးတစ်ယောက်လာမေးပါတယ်။

" ကျွန်တော်ရှိတာနဲ့ ပြန်သွားပါတယ်... ကိစ္စရှိလို့လားဟင်..."

" မရှိပါဘူး... မတွေ့လို့မေးတာ..."

" ကျွန်တော် မသိလို့မေးပါရစေ... ကျော်စွာအခြေအနေက

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရှိပါသလဲ…"

"မင်းမသိဘူးထင်တယ်… ကျော်စွာ အခြေအနေ မကောင်းဘူးလေ… ခါးရိုးလည်ပင်းရိုးတွေထိထားတယ်… သတိရလိုက် မရလိုက် အခြေအနေ မကောင်းဘူးကွဲ…"

"ဗျာ…"

သက်ပြင်းတစ်ချက် ပြင်းပြင်းရှိုက်မိပါပေါ့…။

ဖြစ်ရလေ…။

ကျော်စွာရယ်… ဖြစ်မှဖြစ်ရလေ။

"သတိကောရလာတတ်လား… ကျွန်တော်က ကျော်စွာရဲ့သူငယ်ချင်းပါ… သူနဲ့ပဲခင်တော့… သတိရမယ်ဆိုမှ တွေ့ရမှာ…"

"တစ်ချက်တစ်ချက်တော့ သတိရလာတတ်ပါတယ်… ရုတ်တရက် အခြေအနေဆိုးလာရင်တော့ မပြောတတ်ဘူး… ခုထိတော့ အရင်အတိုင်းပါပဲ…"

သူနာပြုဆရာမကြီးလည်းထွက်သွားရော… ထင်ရှားစိတ်မှာ… စိတ်မကောင်းတာရော… စိတ်ဓာတ်ကျတာရော… ခံစားရပါတယ်။ ကျော်စွာအခြေအနေ မကောင်းတော့ဘူးဆိုပါလား။ ခင်မင်ရင်နှီးခဲ့ကြစဉ် ကျော်စွာတစ်ယောက် ဒီလိုမျိုး ခွဲခွာသွားလိမ့်မယ် ဘယ်ထင်ခဲ့ပါ့မလဲလေ။

မတတ်နိုင်တော့ပါဘူး…

ကျော်စွာက ခုပုံဖြစ်နေပြီ။ ထင်ရှား ဘာဆက်လုပ်သင့်သလဲ… သတိရမယ်ဆို အချိန်ကလည်း အတိအကျမသိ…။ နောက်ဆုံးလာနှုတ်ဆက်သလို ဖြစ်နေပါရော…။ လောလောဆည်တော့ ကျော်စွာအားမှာ စောင့်ရင်း သုံးရက်လောက်တော့ နေလိုက်မယ်… ကြိုမတွေး



တော့ဘူးကွာ။

အပြင်မှာ လေတွေ တိုက်နေပါလား။

ဆေးရုံလေးကတော့ တိတ်ဆိတ်စပြုပြီ။

ထင်ရှားကတော့ ဘယ်လိုမှ အိပ်မပျော်နိုင်။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" ဖြူဖွေးက အဲလိုပဲ… ညှော်သည်ကို လှူနာစောင့်ခိုင်းလို့ သင့်မသင့် မသိဘူး… သူ့သက်သာဖို့ပဲ သိတယ်… ဆောရီးပဲ… ခင်ဗျားက ကိုကြီးကျော်စွာ သူငယ်ချင်းဆို…"

မနက်မိုးလင်းပြီးတော့ ဖြူဖွေးထက် သုံးလေးနှစ်ကြီးမည့် အပျိုမလှလှတစ်ယောက် ရောက်လာပါတယ်။

" ဟုတ်ပါတယ်… ထင်ရှားအောင်ပါ…"

" မာမီကတော့ ရှင့်ကိုမသိဘူးတဲ့ "

" ဟုတ်မှာပေါ့… ကိုယ့်ကို ကျော်စွာနဲ့ သော်တာပဲသိတာ

" ကိုလေးသော်တာနဲ့ ခင်သလား "

" ခင်တယ်…"

" မမဖြူနု မမဖြူနု… ကိုကြီးလှုပ်နေပြန်ပြီ… ဆရာဝ ပြေးခေါ်ပါ…"

" နင်မြန်မြန်သွားခေါ်လေ…"

ကျော်စွာ နည်းနည်းလှုပ်လာတော့ ထင်ရှား ရင်ခုန် မြန်လာပါတယ်။

ဆရာဝန်နဲ့ ဆရာမတွေ ဝိုင်းပြုစုကြပါတယ်…။ ခဏနေတေ ကျော်စွာကို ထင်ရှားတို့ ကြည့်နေမိကြပါပြီ။

" ကိုကြီး… ကိုကြီး "



" ဖြူဖွေး အရမ်းမအော်နဲ့လေ…"

" မမဖြူနုကလည်း… မျက်လုံးလေးပွင့်ချင်နေတယ်…"

" အင်းပါဟယ် "

" ဘာပြောနေလဲ… နားထောင်…"

တိုးတိုးလေးရွတ်နေပြန်ပါတယ်…

ဖြူဖွေးက ကျော်စွာနှုတ်ခမ်းနားကို ကပ်ပြီး နားထောင်တယ်လေ…။

" ဖြူချော… ဖြူချော…"

" မမဖြူနု… မမဖြူချောကို ခေါ်ခိုင်းနေတယ်…"

" ခေါ်ထားတာပဲ… ကလေးတွေစာမေးပွဲရှိနေလို့ဆို လာမှ မလာတာ…"

" သော်တာ… သော်တာ "

" ကိုလေးသော်တာကို ခေါ်ပြန်ပြီ…"

" ကိုကြီးတို့များ… ပြုစုရတော့ ငါတို့က… သူကတော့ သူ့အရင်းအချာတွေပဲ ခေါ်နေတယ်… တော်ပြီ နောက်နေ့ ငါမစောင့်နိုင် ဘူး… ဟိုနှစ်ယောက် ခေါ်စောင့်ခိုင်း…"

ဖြူနုဆိုတဲ့ ကောင်မလေးက မကြည်မလင် ပွစိပွစိပြောပြီး အနားက ထွက်သွားပါပြီ…။

" ကိုကြီးသတိရလား… ကိုကြီးသူငယ်ချင်း ထင်ရှားအောင် ရောက်နေတယ်…"

ဖြူဖွေးကတော့ နေမကောင်းတဲ့လူကို လူကောင်းလို ပြောနေ ပြန်တာ…။

" ထင်ရှား… ထင်ရှား…"

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက သတိရတယ်ဆို မှတ်ဉာဏ်တော့ ကောင်းသေး သားပဲ...။

" ကျော်စွာ... ငါရောက်နေတယ်..."

" ထင်ရှား... ဝမ်းသာလိုက်တာ... တွေ့ချင်နေတယ်..."

ကျော်စွာအတွက် စကားလုံးတစ်လုံးပြောဖို့ ပင်ပန်းလှချည် လား...။ ထင်ရှားလက်ကို အတင်းဆွဲထားပြန်ပါတယ်။

" ဟယ်... ကိုလေးသော်တာ... ကိုလေးလာတယ်

ဝင်လာတဲ့သော်တာက ထင်ရှားကိုမြင်တော့ အံ့သြဝမ်းသာ သွားပုံ ရပါတယ်။ ကိုကြီးသတိရနေလားဆို အနားမှာဝင်ထိုင်ပါတယ် ကျော်စွာက ကြည့်သာကြည့်နေတယ် မမြင်သလိုပါပဲလား...။

" သော်တာ..."

" ကျွန်တော်ရှိပါတယ်..."

" ထင်ရှားလည်းရှိတယ် "

" သော်တာ... ဖြူချောကို ထင်ရှားနဲ့ လက်ထပ်ပေးလို ပါ..."

ဘုရားရေ...။ ဒီလောက်ဖြစ်နေတဲ့ အချိန်မှာတောင် ကျော်စွာ ဘယ်လိုဖြစ်ရပါလိမ့်။

" ထင်ရှား... ဖြူချောနဲ့လက်ထပ်ပြီး ပျဉ်းမရိပ်သာမှာနေပါ သော်တာ... မာမီ့ကို ငါက ဖြူချောနဲ့ ထင်ရှားကို သဘောတူတာ ပြောပေး..."

" ဟုတ်ကဲ့ပါ..."

" သော်တာ... ကတိပေးပါ "

" ကတိပေးတယ် ကိုကြီး..."



ကျော်စွာ ပြန်ငြိမ်သွားပြန်ပြီ။

မောနေလိုက်တာ။ စိတ်မကောင်းဖြစ်ရတယ်။ သော်တာ သည်း မျက်နှာမကောင်းပါဘူး...။

ကျော်စွာ သတိလစ်သွားပြန်တော့ သော်တာနှင့်နှစ်ယောက် ဆေးရုံရှေ့ခုံတန်းလေးမှာ လာထိုင်မိကြတယ်။

" ကိုထင်ရှား ဘယ်လိုရောက်လာတာလဲ "

အိပ်မက်ကို အမှန်အတိုင်း ဖွင့်ပြောလိုက်ပါတယ်။

" ကျွန်တော်ယုံပါတယ်... ဘာလို့ဆိုတော့ ကိုကြီးလိမ့်ကျတဲ့ နေ့က အိမ်မှာကျွန်တော်မရှိဘူး... ခြံထဲမှာ... အိပ်မက်ထဲမှာ ကိုကြီးက သော်တာ... မင်းအိမ်အမြန်ပြန်လာစမ်း ဆိုတာနဲ့ လာတော့ ခုလို တွေ့ရတာ... ဟိုးအရင် သုံးရက်လောက် တစ်ခါပြန်လာတုန်းက သတိရသေးတယ်... ကျွန်တော့်ကို မြင်တာနဲ့... ဖြူချောကို ကိုထင်ရှားနဲ့ လက်ထပ်ပေးဖို့ပဲ ပြောနေတယ် "

" အရင်တစ်ခါကလည်း ငါမရှိပဲ ပြောတယ် ဟုတ်လား..."

" ဟုတ်တယ်..."

ကျော်စွာ့စွဲလန်းစိတ်က ဆိုးလှပါလား။

ဘယ်လိုဖြစ်လို့ သူ့ညီမနဲ့ ထင်ရှားကို အတင်း လက်ထပ်ပေး င်းနေပါလိမ့်...။

" ကိုကြီးဟာ သနားစရာပဲ... ခုနေ သေရင်တောင် တ်ပါ့မလား... ဖြူချောကိုပဲ စိတ်ပူနေတာကိုး..."

" ဖြူချောက ဘယ်သူလဲ "

" ကိုကြီး... ကျွန်တော်နဲ့ ဖြူချောက အရင်းတွေပါ... ဖြူနု၊ ကျော်လင်း၊ မော်လင်းတို့က အခုရှိတဲ့ ဒေါ်သက်ထားက

www.burmeseclassic.com

www.burmeseclassic.com



မွေးတာ..."

" ဒုတိယ အိမ်ထောင်ကရော..."

" ဒေါ်သက်နှင်းက အခုရှိတဲ့ဒေါ်သက်ထားရဲ့ အစ်မပါ... သူကတော့ သမီးတစ်ယောက်ပဲ မွေးခဲ့တယ်... အဲဒါကတော့ ဖြူပြာတဲ့..."

" ဒါဆို သော်တာတို့က မောင်နှစ်မရှစ်ယောက်ပေါ့ "

" ဟုတ်ပါတယ်... ကိုကြီးက ရှစ်ယောက်ထဲမှာ အကြီးဆုံးဆိုတော့ အိမ်မှာ ဖေဖေဆုံးတည်းက ဩဇာတော့ ရှိပါတယ်... ဖြူချောကိုလည်း သိပ်ချစ်တယ်လေ..."

" အိပ်မက်မက်လိုက်တာမှာ စိတ်ပူပြီး အစ်ကိုလိုက်လာတာပါ သော်တာ... ကျော့်စွာအခြေအနေကြည့်ပြီး အစ်ကိုပြန်မှာပါ..."

" ရောက်မှတော့ နေပါဦး ကိုထင်ရှားရာ... ကျွန်တော်လည်း ကိုကြီးကိုစိတ်မချလို့ ချက်ချင်းမပြန်သေးပါဘူး..."

သော်တာရောက်လာလို့ အများကြီးတော့ အသက်ရှူချောင်သွားပါတယ်...။

" ဖြူချောက ဘာလို့မလာလဲ "

မေးမိပြီးမှ ကျော့်စွာအပြောကြောင့် ထင်ရှားကပါ စိတ်ဝင်စားနေပြီလား သော်တာထင်သွားမလားဆို မျက်နှာပူသလို ဖြစ်သွားပါတယ်။

" ဖြူချောက ဟိုဘက်မြို့မှာ ဆရာမအလုပ်ရှိတယ်... ခုချိန် ကလေးတွေက စာမေးပွဲစစ်နေတော့... မလာနိုင်ဘူးဖြစ်နေတာ... ဖြူချောသိရင် ချက်ချင်း လာကလာချင်... မသာရရင် ငိုတော့မှာမို့ အကြောင်းမကြားပဲ ထားခဲ့တာ..."



" သူမသိပဲ ကျော့်စွာတစ်ခုခုဖြစ်သွားရင်လည်း စိတ်ထိခိုက်တော့မယ် ထင်တယ်..."

" သွားပြောပြန်တော့လည်း လိုက်လာနိုင်မှာ မဟုတ်ဘူး..."

အပြင်မှာတော့ လေအေးတွေက တိုက်နေလိုက်တာ။

သော်တာ့ရင်ထဲလည်း ထင်ရှားနှယ် ပူနေလိမ့်မယ် ထင်ပါရဲ့...။ ကျော့်စွာ့နှယ် ဖြစ်ရလေခြင်း။

" ကိုထင်ရှား အလုပ်ကရော... ဘာလုပ်နေလဲ "

" ငါလည်းဘွဲ့ရရော... ဘကြီးက သူကန်ထရိုက်လုပ်ငန်းထဲ ထည့်တာ... ဆောက်လုပ်ရေးတွေပေါ့... အခုတော့ ဒီလာချင်လို့ ပြောထွက်လာခဲ့တာ..."

သော်တာ့ကို မပြောဖြစ်ပေမယ့် အခြေအနေကြည့်ပြီး နက်ဖြန် သန်ဘက်ခါလောက်ပြန်မှပါ...။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့မနက်စောစောမှာပဲ ကျော်စွာဆုံးပါတယ်။

သော်တာကတော့ ကိုထင်ရှားကို သူပြောချင်ရာ ပြောလိုက်ရလို့များ စိတ်ချသွားသလားမသိဘူးတဲ့လေ...။ ကျော်စွာဆုံးတော့ အနားမှာ သော်တာနဲ့ ထင်ရှားပဲရှိပါတယ်။ ကျော်စွာ့မှာ ညီတွေလည်းရှိတယ်ဆို မတွေ့ရပါလား။

" ပစ္စည်းတွေသိမ်းပြီးရင် အိမ်ပြန်မယ်... ကိုထင်ရှားလိုက်ခဲ့ပါ... ကိုကြီးက ကိုထင်ရှားကို ဘယ်လောက်ခင်တယ်ဆိုတာ ကျွန်တော်သိပါတယ်... ပြီးတော့ ကျွန်တော်ကလည်း ကိုကြီးသဘောအတိုင်းပါပဲ... ဖြူချောနဲ့ ကိုထင်ရှား..."

" ဟာကွာ... မင်းကလည်း... ဖြူချောသိရင် စိတ်ထိခိုက်သွားပါမယ်..."

ပစ္စည်းတွေသာ ကူသိမ်းနေရတယ်။

ငါဒီကပဲ ပြန်မယ်သော်တာ။ ပျဉ်းမရိပ်သာကို မလိုက်တော့ဘူးလို့ ပြောသင့်လား...။

ဝေခွဲရခက်နေပါပြီ။

" ကိုလေး... ကိုလေး... ကိုကြီးဆေးရုံတက်ရတယ်ဆို... ကိုကြီးရော... ကိုကြီး... "

စိုးရိမ်ပူပန်မှုအပြည့်စွက်သော အသံလေးကြောင့် ထင်ရှား



လှည့်ကြည့်မိပါတယ်။ ကျောင်းစိမ်းလုံချည်နဲ့ အင်္ကျီလက်စကအဖြူလေးဝတ်လို့ ဆံထုံးမှာ ပန်ထားသော နှင်းဆီတစ်ပွင့်က နွမ်းစပြုနေပါပြီ။ ဆရာမလေးဟာ ပိန်ပိန်ပါးပါး ရှည်ရှည်လျလျလေးနဲ့ တိမ်ငွမ်းစိုင်လေး လွင့်လာသလို...။

" ကိုကြီးမရှိတော့ဘူး ဖြူချော "

" ရှင် "

ဖြူချောတဲ့...

ဖြူချောဆိုပါလား။

ဒီကောင်မလေးဟာ ကျော်စွာက ထင်ရှားနှင့် လက်ထပ်စေချင်သော... ဖြူချောဆိုတဲ့ ကောင်မလေးပါလား...။ ကောင်မလေးကရုတ်တရက်တော့ နားမလည်နိုင်သလိုလေးနဲ့ သော်တာ့ကို ကြည့်နေပါတယ်။ ချက်ချင်းဆိုသလို ပါးပြင်ပေါ်ကို ဖြတ်ဆင်းကျလာတဲ့မျက်ရည်စတွေ။

" ကိုကြီးမရှိတော့ဘူး ဟုတ်လား... ကိုကြီးမရှိတော့ဘူး... ကိုလေး တကယ်ပြောတာလား... ကိုကြီးက ဖြူချောကို ထားခဲ့ပြီဟုတ်လား..."

ပြောရင်း ပြောရင်းက... တဖြည်းဖြည်း ခွေကျသွားတဲ့အခါ သော်တာ ပွေးထိန်းရတော့တာ။ သော်တာ့ရင်ခွင်ထဲမှာ သတိလစ်နေပါရော။

" ကိုထင်ရှား... ကျွန်တော့်လက်ကိုင်ပဝါကို ရေနည်းနည်းဆွတ်ပေးပါ..."

အရေးထဲ သော်တာ့လက်ကိုင်ပဝါ ရှာမရတာနဲ့ ထင်ရှားရဲ့ ဖွေးမွ လက်ကိုင်ပဝါလေးကိုပဲ ရေဆွတ်ပေးလိုက်ရတယ်...။ သော်တာ

www.burmeseclassic.com

www.burmeseclassic.com



က သူ့ညီမလေး သတိရအောင် ပြုစုနေရတယ်။

သတိလည်းရရော… ကိုကြီးရေဆို ငိုပြန်ရော… မငိုပါနဲ့လား။

ငိုနေတဲ့မင်းကိုမြင်ရတာ… ရင်ထဲထိခိုက်လာတယ်…။

ဖြူချောတဲ့လားကွာ…။ နာမည်နဲ့ လူနဲ့လိုက်ဖက်ညီစွာ ဖြူဖြူချောချော နူးနူးညံ့ညံ့လေး…။ ဒီညီမလေးကို ချစ်မြတ်နိုးလှစွာ ထင်ရှားလက်ကို ဘာလို့ အပ်ခဲ့ချင်ရပါသလဲ ကျော်စွာ။

“ သော်တာ… ငါပြန်တော့မယ်…”

“ မပြန်ပါနဲ့ ကိုထင်ရှား… ကိုထင်ရှားက ကိုကြီးသူငယ်ချင်းပဲ အစ်ကိုကြီးတစ်ယောက်လို ကိုကြီးနာရေးမှာတော့ ရှိနေသင့်ပါတယ်… ပြီးတော့ ကိုကြီးမရှိလို့ ကိုကြီးစကားကို နားမထောင်ချင်တာလား… ပြီးတော့ ကျွန်တော် ကိုထင်ရှားကို ပြောပြစရာတွေ ရှိပါသေးတယ်… လိုက်ခဲ့ပါ…”

ဖြူချောက ငိုရင်း အခုမှ ထင်ရှားကိုကြည့်နေပါတယ်။ သော်တာ ဒီလောက်ပြောမှတော့ ပျဉ်းမရိပ်သာကို ခဏတဖြုတ်တော့ လိုက်သွားရတော့မှာပါပဲလေ…။

☐ ☐ ☐

ကိုကြီးရယ်…

နောက်ဆုံးအချိန်ထိ စကားတစ်ခွန်း ပြောမသွားခဲ့ရပါလား။ ဖြူချောကိုတော့ အိပ်မက်ဏတဆင့် ဘာလို့လာမခေါ်ရပါလိမ့်။ ကိုလေး သော်တာကိုလည်း မင်းခဏပြန်ခဲ့ဆို အိပ်မက်ထဲ လာခေါ်တာ တဲ့…။

ပြီးတော့ ကိုကြီးရဲ့သူငယ်ချင်းလို ရန်ကုန်မှာ နေတဲ့လူကို တောင် လာခဲ့ပါ… လာခဲ့ပါ တတွတ်တွတ်သွားခေါ်ပါလျက်…။

ဖြူချောကိုတော့ ဘာလို့လာမခေါ်ပါလိမ့်…။

ငို… ငို…

ခုချိန်တော့ ဖြူချောအတွက် မျက်ရည်သာ အဖော်ပါ…။

“ မမဖြူချော…”

“ ဖြူဖွေးလေး… လာ… ထိုင် ”

“ မမဖြူချော ထမင်းလည်း မစားဘူးဆို… ထမင်းစားပါ လား… ဖြူဖွေးအခန်းထဲ ယူလာပေးမယ်လေ…”

“ မစားချင်ပါဘူး… ငိုပဲငိုချင်တယ်…”

“ ဟိုကိုကြီးရှားနဲ့ရော စကားမပြောဘူးလား ”

ကိုကြီးရှားဆိုတာ… ကိုကြီးရဲ့ သူငယ်ချင်းကို ပြောတာ လား…။ ဘာလို့ သွားစကားပြောရမှာလဲ…။

www.burmeseclassic.com

www.burmeseclassic.com



" ဘာလို့ပြောရမှာလဲ..."

" ဟင်... အဲဒီကိုကြီးရှားက မမဖြူချောနဲ့ လက်ထပ်ရမှာလေ..."

" ဘယ်လို "

" ကိုကြီး နောက်ဆုံး သတိရလာတော့ အနားမှာ ဖြူဖွေးရယ်... မမဖြူနုရယ်... ကိုလေးသော်တာရယ်... ကိုကြီးရှားရယ် အတူရှိကြတာ... မမဖြူချောနဲ့ ကိုကြီးရှားကို လက်ထပ်ပေးလိုက်ပါဆို ကိုလေးကိုမှာခဲ့တယ်..."

" အဲဒီလူရောသိလား..."

" သိတာပေါ့ "

" ဟင် "

ကြံကြံဖန်ဖန်။ ကိုကြီးနဲ့ဖြူချော အမြဲ အဆက်အသွယ်ရှိခဲ့တာပါ။ ကိုကြီးတက္ကသိုလ်သွားတက်နေတုန်းလည်း... ဖြူချောဆီ စာရေးမပြတ်ခဲ့ပါဘူး...။ ကိုကြီးက ဖြူချောကိုသိပ်ချစ်ခဲ့တာ...။ ညီမလေးအပေါ် အစ်ကိုကြီး တစ်ယောက်လိုသာမက ဖခင်တစ်ယောက်လို စောင့်ရှောက်ခဲ့တာ...။

ဒီလောက် အဆက်အသွယ်မပြတ်ပါပဲ တစ်ခါမှ အဲဒီကိုထင်ရှားအောင် ဆိုတဲ့ လူနဲ့ လက်ထပ်ပေးမယ်မပြောခဲ့ပါဘူး...။ မဖြစ်နိုင်။ ကိုကြီးဆုံးခါနီးမှ အိပ်မက်ကြောင့်ပါဆို ရုတ်တရက် ရောက်လာတဲ့လူကို ဖြူချော ဘယ်လို လက်ထပ်ရမှာတဲ့လဲ...။

" လက်မထပ်ချင်ပါဘူး... ခုမှတွေ့ဖူးတာ... ဖြူဖွေး ညာတာလား "

" မညာပါဘူး မမဖြူချောရယ်... မယုံရင် မမဖြူနုမေး..."



" ဖြူနုလည်း မမေးချင်ဘူး..."

ဖြူနုက ဖြူဖွေးလိုမျိုး ဖြူချောကို အစ်မရယ်လို့ ခင်မင်တာ မဟုတ်ဘူး...။

" ကိုလေးကိုမေး "

" ဟယ် မမေးပါဘူး... သူလည်းပြန်မှာ "

ကိုကြီးနှင့် ဖြူချော တွေ့လိုက်ရရင်ကောင်းမှာ...။ ကိုကြီး နှုတ်ဖျားမှ ပြောသော စကားတွေကို ကြားချင်ပါတယ်။ ကိုကြီးရယ်... ဖြူချောကို စောင့်ပါဦးတော့လား...။

" ကိုကြီးနှင့် စကားပြောချင်လိုက်တာ..."

ပြောပြီး ငိုမိပြန်ပါပြီ။

မျက်ရည်က မခမ်းနိုင်အောင်ပါပဲ။ ငိုပြီးရင်း ငိုပေါ့...။

" ကိုကြီးက ကိုလေးကို သေချာမှာခဲ့တာ... ကိုကြီးရှားကို ပျဉ်းမငြိမ်းမှာ ခေါ်ထားလိုက်ပါ... မမဖြူနုနဲ့ လက်ထပ်ပေးလိုက်တဲ့ ကိုလေးကိုမေး "

" ကိုလေးကရော ဘာလို့ခြိပြန်ရတာလဲ..."

" ငွေသွားယူမယ် ပြောတာပဲ... ကိုကြီးရက်လည်အတွက် ငွေသွားယူတာ..."

" ငွေက အိမ်မှာမရှိဘူးလား "

" မာမီ ဘယ်လောက်ကပ်စေးနဲ့တယ် သိပါရက်နဲ့ မမဖြူချောရယ်..."

ပြောပြီးတာနှင့် ဖြူဖွေးက လှစ်ခနဲဆို အခန်းထဲက ပြေးထွက်သွားပါပြီ။ ဖြူချောမှာတော့ တွေးပြီးတော့ ငို...။ ငိုရှုံ့ပွန်းလို့ နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



" ဖြူချော "

" အန်တီသက်ထား "

အန်တီသက်ထားက ဖြူချောအခန်းထဲထိ ဘီးတပ်ကုလားထိုင်ကို တွန်းဝင်လာပါပြီ...။ ဟိုးအရင် ဘယ်တုန်းကမှ ဖြူချောအခန်းကို လာတာမဟုတ်။

" ဖြူချော... သေတဲ့လူလည်းသေပြီ... ပြန်ရှင်မလာနိုင်တော့ဘူး... ငိုချည်းပဲ မနေနဲ့တော့... မင်းအစ်ကိုလတ်ကပြောတော့... အစ်ကိုကြီးသဘောအရ ထင်ရှားအောင်ဆိုတဲ့ ကောင်လေးနဲ့ မင်းကို လက်ထပ်ပေးမယ်ဆိုပါလား... သူတို့က ထင်ရှားအောင်ကို ဘာသဘောကျကြတာလဲ... ကောင်လေးကို မေးကြည့်ပြီးပြီ... ဘကြီးရဲ့ ဆောက်လုပ်ရေးမှာကူနေတာ... ဘွဲ့ရတယ် ဒါပါပဲ သိပ်လည်း ချမ်းသာတာ မဟုတ်ဘူး..."

အန်တီသက်ထားက ကိုထင်ရှားအောင်ဆိုတဲ့ လူအကြောင်းတွေ လာပြောနေတာပါလား။ ကိုလေးကတောင် ကိုကြီးသဘောအတိုင်း ကိုထင်ရှားအောင်နှင့် လက်ထပ်ပေးမယ်လို့ ပြောတာပါလား...။ ဟုတ်ရဲ့လား...။ စိတ်ညစ်ရတဲ့အထဲ စိတ်တွေ နောက်ကျိရှုပ်ထွေးနေပါပေါ့...။

" မင်းမကြိုက်ရင် မကြိုက်ဘူးလို့ သော်တာ့ကို ပြောပြီး ပြန်နိုင်းလိုက် ဖြူချော ပျဉ်းမငြိမ်မှာ လူစိမ်းနေတာ ငါမကြိုက်ဘူး... မင်းအစ်ကိုတွေကြောင့်သာ..."

" ဟုတ်ကဲ့... ကိုလေးနဲ့ရော ကိုထင်ရှားအောင်နဲ့ပါ ဖြူချော တွေ့ကြည့်လိုက်ပါမယ်..."

" တွေ့ချင်မြန်မြန်တွေ့... မင်းအစ်ကိုကြီး သဘောတူတယ်



ဆိုတာနဲ့ မင်းခေါင်းညိတ်စရာမလိုဘူး... မင်းယူရမှာ မင်းကြိုက်မှ လက်ခံ... မင်းတွေ့ပြီး ငြင်းလိုက်... ငါထင်တာကတော့ ပျဉ်းမငြိမ်ရဲ့ အမွေမှာ... မင်းတစ်ပုံရမယ်ဆိုတာနဲ့ ဒီလူရောက်လာတယ်ထင်တယ်... ဒီလူက မင်းမင်းရဲ့ ခြေဖျားတောင်မမီဘူး..."

အန်တီသက်ထားကတော့လေ... သူ့တူ မင်းမင်းသာ ကမ္ဘာပေါ်မှာ အတော်ဆုံးလူပါလား...။ သူ့တူကဖြင့်...။

ပြီးတော့ အမွေ... အမွေနဲ့။

တစ်ခါမှ ငွေတွေနှင့်ပတ်သက်ပြီး ဖြူချောမစဉ်းစားခဲ့ပါဘူး။

ဖြူချောဘဝမှာ... တပည့်တွေကြားထဲ ပျော်ရွှင်နေခဲ့တာပဲ... ဖြူချောတစ်ယောက်တည်းအတွက် ငွေ လိုမှမလိုတာ...။

" မြန်မြန်တွေလိုက် ဖြူချော... အသုဘပြီး ပြန်မလားမှတ်... ရက်လည်ပြီးတောင် ပြန်မယ့်ပုံမရှိဘူး..."

" ဟုတ်ကဲ့ပါ... ဖြူချောတွေ့ကြည့်ပါမယ် "

" မင်းသာငြင်းလိုက်... သူ့ကို ပျဉ်းမငြိမ်က ခုချက်ချင်း ပြန်နိုင်းလိုက်ရုံပဲ... အခုငြင်း အခုနှင်မယ်..."

အန်တီသက်ထားကတော့... အခုငြင်း အခုနှင်မတဲ့။ ကိုထင်ရှားအောင်နှင့် စကားပြောကြည့်ရမယ်... ပြီးတော့ ကိုကြီးသာ ရှိတော့တာ ကိုလေးတစ်ယောက်လုံး ရှိသေးတာ... ကိုလေးနှင့်လည်း စကားပြောရဦးမှာပေါ့...။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

ကျော်စွာကို မြေကျပြီးလို့ ပြန်မလားမှတ်ပါတယ်... သော်တာက ခဏနေပါဦး သူငွေယူဖို့ ခြံထဲပြန်မယ်... ပြန်လာမှ စကားပြောကြတာပေါ့တဲ့...။

ဖြူချောဆိုတဲ့ ကောင်မလေးက တပိုတည်းပိုပြီး အခန်းထဲမှာပဲ နေတော့ စကားလည်းမပြောရပါဘူး...။ အပေးကနေ ဖြူချောငိုနေတာ မြင်ရတော့ စိတ်မကောင်းဖြစ်ရပါတယ်...။ သော်တာပြန်လာရင်တော့ ကျော်စွာက ဘယ်လိုသဘောတူတူ ပြန်ပါရစေပဲ ပြောရတော့မယ်။

အခန်းထဲမှာလည်း မနေချင်လို့ ခြံထဲဆင်းလာခဲ့ပါတယ်။

ပျဉ်းမမြိုင်ဆိုတာ ပျဉ်ထောင်အိမ်အိုကြီးတစ်လုံးပါပဲ...။ ရေနံနဲ့လည်း ကင်းဝေးတာကြာတော့ ခြောက်သွေ့ပြီး မှုန်မှိုင်းနေသော အိမ်အိုကြီးပါပဲ...။

ခြံကြီးကတော့ ကျယ်ဝန်းလိုက်တာ...။

" ဟာ... ရက်စက်တယ်ကွာ..."

ဘဲလေးငါးကောင်က လှုပစွာပွင့်နေတဲ့ ဂန္ဓမာပန်းခင်းလေးကို အတင်း ထိုးဆိတ်ဆွနေလိုက်တာ...။

ကြက်တွေကလည်း ပန်းခင်းလေးတွေကို ဖျက်ဆီးနေတာ ပါလား။ ပန်းပင်လေးတွေ မွမွကြေ ဖျက်ဆီးနေပါပေါ့...။

" ဟဲ့... သွား... သွား... ကြက်တွေဘဲတွေကလည်းလေ...



ပန်းပင်လေးတွေကုန်ပါပြီ "

ကြက်တွေ ဘဲတွေကို လိုက်မောင်းနေမိပါပြီ။ ပန်းပင်လေးတွေ မွမွကြေနေတာ ထင်ရှား မမြင်ရက်။ ပန်းခင်းလေးမှာ ပတ်ပတ်လည် စိုက်ထူထားသော... ဝါးခြမ်းပြားတွေကလည်း ပြိုလဲလို့...။ ကြက်တွေဘဲတွေမောင်းပြီး... ယိုင်လဲနေသော ဝါးခြမ်းတွေကို ပြန်စုစည်းရတယ်...။

" ဒီမှာ... ဒီမှာ "

" ဗျာ "

" ခင်ဗျားနဲ့ ဒီအိမ် ဘာမှမဆိုင်ဘူး... ခင်ဗျားက ကျွန်တော့် ကြက်တွေ ဘဲတွေကို မောင်းထုတ်ပစ်ရအောင်... ခင်ဗျားက ဒီအိမ်နဲ့ ဘာပတ်သက်လဲ..."

ခပ်မာမာ ခပ်စွာစွာ လေသံကြောင့် ကြည့်မိတာပါ။

ဖြူပြာလို့ခေါ်တဲ့ ကောင်မလေးပါလား။

သူမက ခေါင်းသက်နှင်းနှင့် မွေးခဲ့တဲ့ သမီးပါ...။ ကောင်မလေးက ဆံပင်တိုလေးနဲ့ ရှပ်အင်္ကျီဆောင်းဘီနဲ့... ယောကျာ်းလေး တစ်ယောက်လို ပုံစံလေးပါပဲ။ ကျော်စွာအသုဘမှာ မျက်ရည်မကျပေမယ့်... ဖြူချောကို အရမ်းမငိုနဲ့... ငိုလည်း ကိုကြီးပြန်မရှင်ဘူး... ကိုကြီးအတွက် ကုသိုလ်ကောင်းမှု များများ လုပ်ဖို့ပဲလိုတယ်... စိတ်ပါဟာလို့ ချော့ပြောတာတော့ ကြားခဲ့ရပါတယ်။

" ကြက်တို့ ဘဲတို့လို တိရစ္ဆာန်တွေ မွေးတဲ့လူဆိုတာ... ခြင်းလေးခတ် စနစ်တကျမွေးရတယ်... ဒီလောက် ခြံကျယ်ကြီးမှာ [illegible]ရေးလုပ်ချင်ရင် ခြံနဲ့ဝင်းနဲ့ စနစ်တကျ မွေးလို့ ကောင်းမှာကောင်း ဒီလို ပစ္စလက္ခမွေးရင်တော့ ပန်းပင်လေးတွေ သေကုန်မှာပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



" ဩော်... ခင်ဗျားက ဖြူချောရဲ့ ဂူဆိုတော့ ဖြူချောရဲ့ သစ်ပင်တွေ သေမှာကြောက်တဲ့ဘက်ကပေါ့... ဒီမှာ ခင်ဗျားတို့ သစ်ပင်ပန်းပင်တွေ သေမှာကြောက်ရင် ခြံသေချာခတ်ကြ... ကြက်တွေ ဘဲတွေ အပြစ်လာမပြောနဲ့... အခုမှ ဖြူချောကြောင့် ပျဉ်းမငြိမ်မှာ မြေချရုံရှိသေးတယ်... အသံကောင်း ဟစ်မနေနဲ့... လက်သီးနဲ့ ဆွဲထိုးပစ်မှာ..."

လက်စသတ်တော့ ဒီသစ်ပင် ပန်းပင်လေးတွေက ဖြူချောရဲ့ ပန်းပင်လေးတွေတဲ့လား။

" ကောင်းပါပြီဗျာ... ကောင်းပါပြီ... သစ်ပင် ပန်းပင်လေးတွေကို ကျွန်တော် သေချာခြံခတ်ထားပါမယ်... ခင်ဗျားရဲ့ ကြက်နဲ့ ဘဲတွေ မဝင်နိုင်အောင် ခြံစိတ်စိတ်လေး ခတ်ပါမယ်..."

" အဲလို လိမ္မာမှပေါ့..."

အဲလိုလိမ္မာမှပေါ့လို့ စကားသာလျှော့ချသွားတာ...

လက်သီးကိုတော့ မျက်နှာနား ကပ်ပြသွားသေးတယ်။

ယောက်ျားလေးဆန်ပြီး ပွင့်လင်းတဲ့ ပုံလေးပါ...။ စိတ်သဘောထားတော့ ဆိုးပုံမရပါဘူး...။

ဖြူပြောတဲ့အတိုင်း ဝါးခြမ်းစိတ်စိတ်လေးတွေနဲ့ ကာမှပါဆို ဝါးခြမ်းလေးတွေကို သေချာပြန်ပြီး ရက်နေမိတယ်...။

တော်တော်စိပ်စိပ်ရက်ထားရင်တော့ ကြက်ဘဲတွေဝင်နိုင်မှာ မဟုတ်တော့ပါဘူး...။

" ရှင့်ကို ကျေးဇူးတင်ပါတယ်..."

နူးညံ့တဲ့ သံစဉ်လှိုင်းကြောင့် မော့ကြည့်မိပါတယ်။

" ဖြူချော..."



" ပန်းပင်လေးတွေကို ဖြူချော ချစ်ပါတယ်... ဒါပေမယ့် မြို့ပြောင်းသွားရတော့ အိမ်ကို တစ်ပတ်တစ်ခါလောက်မှ ပြန်နိုင်တယ်... ဂရုမစိုက်နိုင်တော့ဘူး... ဖြူချောရဲ့ ပန်းပင်လေးတွေကို ဂရုစိုက်ပေးတာ ကျေးဇူးတင်ပါတယ်..."

" ရပါတယ် ဖြူချော... ကျွန်တော်လည်း စိုက်ပျိုးမွေးမြူရေး ဝါသနာပါပါတယ်... မွေးမြူရေးလုပ်ရင်... သူ့နေရာနဲ့သူ... စနစ်တကျ ခြံခတ်မွေးရမယ်လေ... မဟုတ်လို့က သစ်ပင်ပန်းပင်တွေ မလွယ်ဘူး..."

" ဖြူပြာက မလွယ်ဘူး... စိတ်အရမ်းမြန်တယ်... သူ့ကြက်တစ်ကောင်ကို ကျော်လင်းယူချက်စားလိုက်လို့ဆို ကျော်လင်းကို ထိုက်လိုက်တာ... ငါးချက်လောက် ချုပ်ယူရတယ်... အန်တီသက်နှင်းတုန်းကတော့... စနစ်တကျ ခြံအကျယ်ကြီးနဲ့ကို ကြက်မွေးတာ... အိမ်မှာ ကြက်ဥ ဝယ်တောင်မစားရဘူး... အန်တီသက်နှင်းဆုံးတော့ မွေးမြူရေးခြံလည်း ပျက်တာပါပဲ "

ဖြူချောက သေချာရှင်းပြပါတယ်။ သူမရှင်းပြနေတာကို ကြည့်ပြီး... အေးချမ်းတည်ငြိမ်သော ကန္တေအလှရှင်ပါပဲလို့ ထင်ရှားကြည့်နေမိပါတယ်။ စကားပြောရင်းက ကျော်စွာ သဘောတူခဲ့တဲ့ အကြောင်း ပြောကြည့်ရမလား... မကောင်းဘူးထင်တယ်။ သော်တာ စေ့ဆယ်ကိုလုံးရှိသေးတာ။ သော်တာ သူ့ညီမကို သူ့ဘာသာ ပြောမယ် ထင်ပါရဲ့...။

" ကိုထင်ရှားအောင်နဲ့ ကိုကြီး သိပ်ခင်သလားဟင် "

" ခင်ပါတယ်... တက္ကသိုလ်တက်နေတဲ့ တစ်လျှောက်လုံး ...ခင်ကို အရင်းအချာလိုနေခဲ့တာပါ... ကျော်စွာက ပျဉ်းမငြိမ်ကို ...ည်ခေါ်ပေမယ့် အကြောင်းအမျိုးမျိုးနဲ့ ပျက်ပြီး မရောက်ဖြစ်ခဲ့

www.burmeseclassic.com



တာပါ… အရမ်းခင်ပါတယ် ဖြူချော…"

ညီမတွေလာကြည့်ဖို့ ခေါ်ခဲ့တာတော့ ပြောလို့ဖြစ်မလား။

"ဟိုလေ… ဟို… ကိုကြီးက ရှင်နဲ့ ဖြူချောကို လက်ထပ်ဖို့ သဘောတူခဲ့တယ်ဆိုတာ ဘာကြောင့်လဲ… ဟိုးအစတည်းကလား… ရှင်ရော သိလားဟင်… ကိုကြီးဆီက ဖြူချောကို အိမ်ထောင်ရေး အကြောင်းပြောတာ တစ်ခါမှ မကြားဖူးလေတော့ မယုံသလိုပါပဲ… ကိုကြီးဆီကနေ ကိုထင်ရှားအောင် ဆိုတဲ့ နာမည်ကို ဖြူချော တစ်ခါမှကို မကြားဖူးတာ…"

"ကျောင်းမှာနေတုန်းကတော့ ငါ့ညီမလာကြည့်ပါ… ဘာညာ နောက်တာလောက်တော့ ရှိပါတယ်… ခုလိုမျိုး သော်တာ လည်း ရှိချိန်… အတည်ပြောလိုက်တော့ ကျွန်တော်လည်း အရမ်း အံ့သြရပါတယ်…"

ကောင်မလေး အံ့သြတာမပြောနဲ့…။

ထင်ရှားကိုယ်တိုင် အံ့သြခဲ့တာနဲ့အမျှ ဖြူချောကို တွေ့ရပြန်တော့… စိတ်မှာ နှစ်သက်မြတ်နိုးဖွယ်ရာကောင်းသလို…။

¤ ¤ ¤

ဖြူပြာနှင့် ရန်ဖြစ်တော့မလား စိတ်ထင့်သွားရတယ်။

ဖြူပြာက စကားပြောလည်း ရှင့်သီးသလို လက်ကလည်း မြန်ပါဘိ…။

အန်တီသက်ထားကတော့ အဲ့ဒီထင်ရှားအောင်ဆိုတဲ့လူက ဖြူချောရဲ့ အမွေကို လိုချင်တာတဲ့…။ ရှင့်ကို ဖြူချောမနှစ်သက်ဘူး… ပြန်ချင်ပြန်လို့ ပြောရမယ်တဲ့… အဲလိုပြောရင် ကောင်းမလား။

ကိုကြီးကိုပြေးမြင်မိတယ်… ကိုကြီးဟာ ဖြူချောကို ဘာလို့များ ဒီလူနှင့် လက်ထပ်စေချင်ခဲ့တာပါလိမ့်။

ဖြူချောရဲ့ ပန်းပင်လေးတွေ သေကုန်တာမို့ သူနဲ့ဖြူပြာ… ရန်သူ ဖြစ်နေတာပါလား…။ ဟိုးရက်က ဖြူချောစိုက်ထားခဲ့တဲ့ နှမာခင်းလေးတွေဟာ အဖူးလေးတွေဖူးစပြုနေခဲ့တာ။ ဖြူချောရဲ့ ပန်းခင်းလေးတွေဟာ ဖြူပြာ့ ကြက်ဘဲတွေကြောင့် သေကျေပျက်ဆီးရ ပေါင်းလည်း များပါပြီ…။

သူတို့ရဲ့ခပ်လှမ်းလှမ်းက ရပ်ကြည့်မိတာ။

ဖြူပြာစကားပြောတာ ကြမ်းတမ်းလွန်းပါလားကွယ်။

သူ့ကို ဖြူချောလူမို့ ဖြူချောဘက်ကတဲ့။ ဖြူပြာ့ခေါ်သကို နဲ့တယ်… သူ့ကို တစ်ခုခုများ လုပ်မလား။ ခုချိန် သူဟာ ကိုကြီးရဲ့ ဧည့်သည်အဖြစ် ရောက်နေခဲ့တာ။

နောက်ဆုံးတော့ ဖြူပြာ့ကို သူကလိုက်လျှော့စွာ ပြုံးပုံအောင်

www.burmeseclassic.com



ခတ်မယ်လို့ ပြောပါတယ်။

ထင်ရှားအောင်ဆိုတဲ့လူက သည်းခံနိုင်သား။

သူကတော့ ပန်းပင်လေးတွေ ပြန်ကာဖို့ ကြိုးစားနေတယ်

သူဟာ ဖြူချောလူတဲ့လား။

အခုမှ သူ့ကို သေချာကြည့်မိပါတယ်… အသားညိုပြီး စိုပြေပါတယ်။ အရပ်မြင့်မားပြီး သန့်ပြန့်ချောမောပါတယ်…။ သူ့ကို ကျေးရူးတင်ကြောင်းပြောရင်း စကားတွေပြောမိကြပါတယ်။ ကိုကြီးက ဘာလို့များ သူနဲ့ လက်ထပ်စေချင်တာ ပါလိမ့်။ ဖြူချောက လက်ထပ်ဖို့ကို မေးမိတဲ့အခါ…။

" အိမ်ထောင်တစ်ခု ထူထောင်တယ်ဆိုတာ မလွယ်ဘူ ဖြူချော… ကျော်စွာက ကျွန်တော့်ကို ချစ်ခင်စိတ်ချယုံကြည့်လ ဖြူချောကို လက်ထပ်ပြီး စောင့်ရှောက်စေချင်တယ်ဆိုပေမယ့် တကယ်တမ်း တစ်သက်လုံး လက်တွဲရမှာက ကျွန်တော်တို့နှစ်ယော ပါ… ကျွန်တော်တို့နှစ်ယောက် အခုမှ တွေ့ဖူးကြတာ… တစ်ယော စိတ်ဓာတ် တစ်ယောက် ဘယ်လို နားလည်မှာတဲ့ပဲ… တကယ် အချိန်ယူ လေ့လာသင့်ပါတယ်…"

သူ့ရဲ့ အိမ်ထောင်ရေးအမြင်လေးကတော့ မဆိုးပါဘူး

" ကျွန်တော် ဒီမှာနေနေတာ ဒေါ်သက်ထားကလည် နှစ်သက်ပုံ မရဘူး…"

အန်တီသက်ထား မနှစ်သက်တာကို သူလည်း သိပုံ တယ်။

သိမှာပေါ့လေ။ အန်တီသက်ထားတို့က လူမှုရေး နားလည်တာမှ မဟုတ်တာပဲ။



" ကျွန်တော်ပြန်ချင်ပြီ "

" ဟင်… ဘာလို့ပြန်ရမှာလဲ…"

လွှတ်ခနဲတားမိပြီးမှ…။

ဖြူချော ဒီလိုတားလိုက်တာ… သူ့ကို မပြန်စေချင်လို့…။ သူ့ကို နှစ်သက်နေလို့များလားဆို သူတွေးတော့မလားဆိုပြီး… ဖြူချော ရှက်သွားမိပါတယ်…။ ဖြူချောကိုယ် ဖြူချောတောင် ခုလိုမျိုး လွှတ်ခနဲ ဘယ့်အတွက် တားလိုက်မိပါလိမ့် မသိလိုက်။ သူတစ်မျိုးထင်မလား…။ ဒါကြောင့် ချက်ချင်း ကိုကြီးကြောင့်လို့ ပြောမိပါပြီ။

" ရှင့်ကို ကိုကြီးက နေစေချင်တာပဲ… ဘယ်သူက နှစ်သက်သည် ဖြစ်စေ… မနှစ်သက်သည်ဖြစ်စေ နေခွင့်ရှိပါတယ်… နောက်ဆုံး ကိုကြီး မရှိတော့ဘူးလို့ အန်တီသက်ထားက ပြောချင်တာ တောင် ကိုလေးတစ်ယောက်လုံး ရှိပါသေးတယ် ပြောလို့မရပါဘူး…"

ပျဉ်းမငြိမ်မှာ သူ့ကိုရှိနေစေချင်မိပြီလား…။

ကိုကြီးက သူ့ကို ဘာတွေသဘောကျတယ်ဆိုတာ ဖြူချော သိချင်ပါတယ်။

ပြီးတော့ သူနှင့် စကားပြောကြည့်တဲ့အခါ နားလည်မှုလေးတွေကို ဖြူချော မြင်ရပါတယ်။

ဖြူချောရဲ့ ပန်းခင်းလေး လုံခြုံစွာ လုပလာသလို… ဖြူချော ဘဝ တစ်ခုလုံးအတွက်လည်း လုံခြုံလုပမှုပေးနိုင်မည့်သူလို့ ကိုကြီးက ယုံကြည်ခဲ့တာများလား…။

အန်တီသက်ထားပြောသလို ပြန်တော့လို့ ဖြူချော မပြောချင် မပြောချင်တော့တာ… မပြောရက်တော့တာများလား…။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

ပြန်ချင်တယ်ဆိုတဲ့စိတ်။

ဟင်… ဘာလို့ပြန်ရမှာလဲဆိုတဲ့ အသံလေးကို ဖျောက်ဖျက်မရပါလား…။ ကုတင်ပေါ်မှာ ငြိမ်သက်စွာ အိပ်နေမိပေမယ့် အတွေးတွေက ဟိုဟိုဒီဒီပျံ့ပျံ့လွင့်လွင့်။ သူရဆီတော့ အကျိုးအကြောင်း စာရေးဦးမှပါ။ ရက်ကြာလာရင် သူရ စိတ်ပူနေလိမ့်မယ်။ ထင်ရှားအောင် တစ်ယောက် မောင်ကြီးမပြန်နိုင်တယ် ဖြစ်နေပြီလားဆိုတာများ သူရသိရင်…။

ခုချိန်ထိ သူမမြင်ဖူးသေးတာ… ဒေါ်သက်ထားရဲ့ သားတွေပါပဲ။ အသုဘနေ့ကလည်း မတွေ့ရပါဘူး…။ အစ်ကိုကြီးတစ်ယောက်ရဲ့ အသုဘမှာ အရိပ်အယောင်တောင် မမြင်ရတာ အံ့သြရလွန်းတယ်လေ။ ထမင်းလာပို့ပေးတတ်သော ဒေါ်ထူးကိုမေးကြည့်မှ ရန်ကုန်သွားနေကြတယ်တဲ့။

“ သူတို့ဘာသာ ပြန်လာကြမှာပေါ့ ဒေါ်ထူးရဲ့… ကလေးလေးတွေမှ မဟုတ်တာ… ဖြူနုက ဘာလို့သွားကြိုရမှာလဲ… ဖြူနု ကျူရှင်သွားစရာရှိတယ်… မအားပါဘူး…”

အသံတွေကို အကုန်ကြားနေရတယ်။

အခန်းနံရံတွေက… အပေါ်ဘက်မှာလပ်ဟာနေတော့ အပြင်က အသံတွေ အခန်းထဲဝင်နေကျပါပဲ။ ဒေါ်ထူးနှင့်ဖြူနု ပြောနေကြ



တာ။ ကြည့်ရတာ ရန်ကုန်သွားနေတဲ့ကောင်လေးတွေ ပြန်လာမယ့်ပုံပါပဲ။

“ ဖြူပြာ့ကို သွားကြိုခိုင်းလိုက်ပါ ”

“ အမလေး… ဖြူပြာနဲ့ဆိုရင်တော့ ဟိုနှစ်ယောက် ချက်ချင်း အသက်ထွက်နိုင်တယ်… တော်ပါတော့… ငါ့ဘာသာပဲ သွားကြိုပါမယ်…”

ပျဉ်းမငြိမ်မှာ ဖြူပြာကိုတော့ အတော်လန့်ကြပုံပါပဲ။ ဖြူပြာ့ပုံကလည်း မလွယ်ပါဘူး…။

“ မမဖြူချောကို ကြိုခိုင်းပါလား ”

“ မလုပ်ပါနဲ့ဟယ်… ဖြူချောက အေးစက်စက်နဲ့ ဘာမှ ဦးမဆောင်နိုင်ပါဘူး… တံဆိတ်ရှိငို့ဖို့ပဲ… တဆိတ်ရှိကြောက်ဖို့ပဲ…ဒါပဲ”

ဒေါ်ထူးပြောပုံအရဆို… ဖြူချောက အားငယ်ကြောက်ရွံ့တတ်ပုံပါလား…။

အဲဒီကောင်လေးတွေကကော ဘယ်အရွယ်တွေလဲ… သူတို့ကကော… ထင်ရှားအပေါ် ဘယ်လိုအမြင်မျိုး ရှိလေမလဲ…။ ဖြစ်ချင်ရာဖြစ်ပဲ… သော်တာနဲ့တွေ့ပြီးရင်… ပြန်မှပါ…။

မင်းကိုတွေ့ချင်တော့လည်း… မင်းရှိရာ ဆိုက်ဆိုက်ရောက်အောင် လာရတော့မှာပါပဲ ဖြူချောရယ်…

အခန်းထဲနေရလွန်းတော့လည်း ငြီးငွေ့လာပြီ။

ဒါကြောင့်… ခြံထဲဆင်းလိုက်ပြန်တော့လည်း… တွေ့ပြန်ပါပြီ ဆိတ်တစ်ကောင်။

ဆိတ်ဆိုတာကလည်း သိတဲ့အတိုင်း… တွေ့သမျှ သစ်ရွက်တွေ အကုန်ဝါးတော့တာ။ ဒီဆိတ်ကလည်း ဖြူပြာ့ရဲ့ဆိတ်ပဲ ဖြစ်မယ်

www.burmeseclassic.com

www.burmeseclassic.com



သေရှာပါတယ်။

ဖြူပြာရှော့တော့ ဆိတ်ကိုမောင်းလို့မဖြစ်။ ဇီဇဝါပင်တန်းလေးမှာ ဇီဇဝါညွှန့်လေးတွေတော့ ကုန်ပါပြီ။ ဆိတ်စားပြီးရင် သစ်ပင် အရွက်ညွှန့်လေးတွေခများ ပြန်ပြီး နုလန်ထူဖို့ မလွယ်ရှာပါဘူး...။ ဟိုဒီကြည့်လို့ မတွေ့တော့မှ ဆိတ်ကို အသာလေး မောင်းထုတ်လိုက်တာ။

" ကိုထင်ရှားအောင်... ဖြူပြာတွေ့ရင် ရှင်မလွယ်ဘူးနော်"

" ဖြူချောတွေ့တဲ့အတိုင်း ဇီဇဝါပင်လေးတွေ အညွှန့်တွေ ကုန်တော့မယ်လေ..."

" တစ်ခါတစ်ခါတော့ ဖြူပြာ့ရဲ့ လေသံမာမာတွေကို စိတ်ညစ်လို့ သစ်ပင်ရုလေးတွေ သနားပေမယ့် မျက်လုံးစုံမှိတ်နေရတာပါပဲ..."

" ကျွန်တော်သိချင်တာလေး မေးမယ် ဖြူချော... ဖြူချော မောင်လေးတွေက ရန်ကုန်က ပြန်လာမယ်ဆိုတော့ သူတို့ ခရီးသွားနေကြတာလား..."

" ကျော်လင်းက ခုနစ်တန်းမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး— ဦးနှောက်ထိ ထားတယ်လေ... ရန်ကုန်မှာ ဦးနှောက်နဲ့ အာရုံကြော အထူးကုတွေနဲ့ပြ ဆေးရုံခဏ ခဏတက်ရတယ်... သူဆေးရုံတက်ရလို့— အငယ် မော်လင်းလေးက လိုက်စောင့်ရတာပါ... ဘ ကျွန်းမ ရေးက လုံးဝမကောင်းရှာပါဘူး..."

ဒီလိုဆိုတော့လည်း... ခွင့်လွှတ်လို့ရပါတယ်လေ။ ကျွန်းမ ရေးကြောင့်ပဲ မဟုတ်လား။

" ဖြူပြာ့ကို အပေါင်းအသင်းဖြစ်အောင် ကြိုးစားပြီး— သူ့တိရစ္ဆာန်လေးတွေကို ခြံခတ်ပေးမှ ထင်တယ်... မဟုတ်လို့ကတော့ ပန်းပင်လေးတွေ မလွယ်တော့ဘူး... သော်တာ ဒီနေ့ပြန်လာမယ်—



ကျွန်တော် ပြန်ဖို့တော့... သော်တာ့ကို ပြောပြီး..."

" ကိုလေးနဲ့ တိုင်ပင်ပေါ့ ကိုထင်ရှားအောင်ရယ်..."

" ဖြူချောကျောင်းက ဟိုဘက်မြို့မှာနော်..."

" အမှန်ဆို ဖြူချောက ဒီမြို့ကကျောင်းကို ပြောင်းမိန့်ကျနေတာပါ— ကလေးတွေစာမေးပွဲရှိလို့ စောင့်နေတာ— ပြောင်းရတုန်းကဆို ကိုကြီးနဲ့ ခွဲမနေရတော့ဘူးလို့ အရမ်းဝမ်းသာနေရတယ်... အခုတော့—"

အသံလေးတိုးပြီး ငိုချင်လာပြန်ပြီထင်တယ်။

ဒီလောက် အားငယ်တတ်တဲ့ ကောင်မလေးကို ဘာလို့များ ထင်ရှားအောင်ရင်မှာ နှစ်သက်လက်ခံလို့ရသလို ခံစားနေရတာပါလိမ့်။

" ခင်ဗျားတို့နှစ်ယောက်က လိုက်ဖက်ညီတာပဲ... ကိုကြီးလည်း အခုလိုမျိုး ယှဉ်တွဲကြည့်ဖူးတယ် ထင်ပါရဲ့..."

ရုတ်တရက် ဖြူပြာ့အသံကြောင့် သူတို့ လန့်သောင်သွားရတယ်။

တွေ့ရတုန်းမှာ ဖြူပြာ့ကို စည်းရုံးမှပါဆို...။

" ဖြူပြာ့မှာ ဘဲဘယ်နှစ်ကောင် ဆိတ်ဘယ်နှစ်ကောင် ကြက် ဘယ်နှစ်ကောင်ရှိလဲ "

" ဘာလုပ်မလို့လဲ "

" ကိုယ်က မွေးမြူရေးဝါသနာပါတယ်... မင်းနဲ့ပေါင်းပြီး— ရှိသမျှ အကောင်လေးတွေ ပွားအောင် လုပ်ပေးမလားလို့ "

" တကယ် "

" တကယ်ပေါ့... ဖြူပြာရဲ့ "

" ဟာ... ဒါဆို ကောင်းလိုက်တာ... ကျွန်တော်က ကြက်ခြံကြီး တစ်ခြံလောက် ပြန်လုပ်ချင်နေတာ ကိုထင်ရှားအောင်ရာ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ခင်ဗျား စပ်တူမွေးမြူရေး လုပ်ရအောင်လား... ကျွန်တော် တစ်ဖေ ာက်တည်း ငွေမရှိလို့ပါ..."

" ငွေက ကိုယ့်မှာရှိပါတယ်..."

" ဒါဆို တကယ် လုပ်ငန်းလုပ်မှာလား "

ဖြူပြာကတော့ အကြီးအကျယ်သဘောကျနေပါပြီ။ သူ့အမေ လက်ထက်တုန်းက သူတို့မှာ မွေးမြူရေးလုပ်ငန်းတွေရှိပါလျက် အမေလည်း ဆုံးရော... ဖေါ်သက်ထားက ငွေတွေ ပြန်တောင်းတာ မှာ... အလုပ်တွေ အကုန်ပျက်သွားတဲ့အကြောင်း ပြောပါတယ်။

" သော်တာနဲ့လည်း တိုင်ပင်မှထင်တယ် ဖြူပြာ "

" ကိုလေးက သဘောတူမှာပါ..."

" ဒါဆိုလည်း... ခြံအတွက် ကုန်ကျစရိတ်တွေ မှန်း တွက်ထားလေ..."

" ဟုတ်ပြီ... အရမ်းဝမ်းသာတယ်... ကိုထင်ရှားအောင် "

ဖြူပြာကတော့ ဝမ်းသာအားရပြေးပါရော...။

သူဘာလို့ ဒီလိုဆုံးဖြတ်လိုက်သလဲဆို...။ ဖြူချောသိပါ မလား။

" ဖြူပြာနဲ့ တကယ်အလုပ်လုပ်မလို့လားဟင်... ဖြူပြာက စိတ်မာစိတ်ပြတ်တယ်နော်... သူ့ကိုပြောပြီးရင် ရမှာမဟုတ်ဘူး..."

" ဖြူပြာနဲ့ အလုပ်လုပ်မှ တိုယ် ဒီမှာနေလို့ကောင်းမှာပေါ့ ဖြူချောရယ်... ကိုယ်... ဒီမှာနေချင်တယ် "

မျက်ခနဲ ကြည့်လ ာဲ့ မျက်ဝန်းလေးတစ်စုံ။

အားငယ်တတ်တဲ့ ကောင်မလေး ရှက်တဲ့အခါမှာလည်း တကယ်ချစ်စရာကောင်းတာပါလား...။ ရင်ထဲမှာ ခံစားချက်တွေ



ကြောင့်လည်း ဖြူပြာနှင့် အလုပ်လုပ်ဖို့ စဉ်းစားလိုက်တာပါ...။

သော်တာက ဘာပြောမလဲ။

သော်တာ့ကိုတော့ ယောက်ျားလေးချင်း ပွင့်လင်းစွာ ပြောသင့် တယ် ထင်ပါရဲ့။

ပြီးတော့ ဖြူချောကို ထင်ရှားအောင်ကိုယ်တိုင်က နှစ်သက်မိ ပါတယ် ဆိုရင်ကော...။ ဘာများပြောလေမလဲမသိ...။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" ဒီလူကို ခုထိ မင်း မနှင်သေးဘူးလား "

ခက်တဲ့ အန်တီသက်ထားပါလား။

" အဲဒါ ဖြူချောလုပ်ရမှာမဟုတ်ဘူး... ကိုလေးပြန်လာမှ ကိုလေးလုပ်မှာ..."

" မင်းက မနှင်ရက်တော့ဘူးဆိုပါတော့... မင်းနှကပါ သဘောကျနေပြီ ဆိုပါတော့..."

အန်တီသက်ထားအမေးကြောင့် ဖြူချော ရှက်သွားမိပါတယ်...။ ဖြူချောစိတ်မှာလည်း သူ့ကိုမပြန်စေချင်တော့တာလား...။

ကိုယ်... ဒီမှာနေချင်တယ်တဲ့...။ အဲဒီမျက်ဝန်းလေးတွေမှာ အချစ်ရှိနေတာလား...။ တွေးမိရင်ကို ရင်ထဲနွေးလာသလိုပါပဲ...။

" ကိုလေးကိုပဲပြောပါ... အန်တီသက်ထား "

" ကျော်စွာက ဒီလူကို ဘာသဘောကျခဲ့တာလဲ... သိပ်လည်း ချမ်းသာပုံမရပါဘူး... အိမ်ထောင်တစ်ခုမှာ ငွေရှိဖို့ အရေးကြီးတယ် ဖြူချော..."

ဒါဆိုရင် အန်တီသက်ထား ဖေဖေ့ကို ဘယ်လိုခံယူချက်နှင့် လက်ထပ်ခဲ့ပါလိမ့်။ ဖြူချောကတော့ အချစ်မပါတဲ့ အိမ်ထောင်ရေးကို မလိုချင်ပါဘူး...။

" သော်တာက ဒီလူကို ဒီမှာပဲ ခေါ်ထားလို့ဖြစ်မလား...



ကျော်လင်းတို့နဲ့ ဖြစ်မလား... မော်လင်းကလည်း ဒေါ်သက ပေါ်ကြီးကြီး... တကယ်လို့ မင်းသဘောကျတယ်ဆိုလည်း... အမြန်ဆုံး လက်ထပ်ပြီး ရန်ကုန်လိုက်သွားပါလား..."

စိတ်မှာ မကြည်မလင်ဖြစ်ရပါတယ်။

အမြန်ဆုံးလက်ထပ်ပြီး လိုက်သွားလို့ ပြောရအောင် ပျဉ်းမမြိုင် မှာ ဖြူချောအတွက် နေရာမရှိတော့ဘူးလား။ ကိုကြီးဆုံးတာမှ ကြာသေး ပျဉ်းမမြိုင်မှာ ဖြူချောနေရာ ပျောက်နေပြီလား...။

" ကျွန်တော်ပြောပါရစေဦး... ဒါဖေဖေ့အိမ်ပါ... ဖြူချော ဘာလို့ နေလို့မရတာလဲ အန်တီသက်ထား... ပျဉ်းမမြိုင်ဟာ အမွေ ခွဲရသေးပါဘူး..."

" ဒါဆို အိမ်မကြီးမှာမနေနဲ့... ထမင်းလည်းခွဲချက်စား"

" အန်တီသက်ထား ဒီလောက်ကပ်စေးနဲရင်တော့ ကျွန်တော် အမွေခွဲဖို့ ချက်ချင်းစီစဉ်မယ်... ခွဲပေးနိုင်ရင်ပေး... မပေးနိုင်ရင် ဉ်းမမြိုင်ကိုရောင်း... ပြီးတော့ သုံးပုံပုံ... ခွဲယူရုံပဲ..."

ရုတ်တရက် ဖြူပြာ့အသံကြားရတော့ အားတက်ရသလို ဖြူချောက အန်တီသက်ထားကို ငွေအကြောင်း အမွေအကြောင်း ရမှာ အားနာတယ်။

" ပျဉ်းမမြိုင်ကို ရောင်းပစ်မယ်တဲ့လား... အံ့သြပါရဲ့ ပြာ... ဒါက မင်းတို့ဘိုးဘွားလက်ထပ်တည်းက အိမ်..."

" ဒါကတော့ အန်တီသက်ထားရယ်... အန်တီသက်ထား မှာတည်တာပဲ... သိပ်တွက်ကပ်လာရင် ရောင်းသင့်ရောင်းရမယ်... ပြာတို့ ရွှေရေးဆိုတာက ရှိသေးတယ်..."

" ဖြူပြာ... နင့်မှာ ပညာလည်းမရှိ အကြံအစည်လည်း

www.burmeseclassic.com

www.burmeseclassic.com



မရှိ... ရှေးရေးနောက်ရေးတွေ လေသံကောင်းဟစ်မနေနဲ့... ဒီအိမ်မှာ ထမင်းနှစ်နပ်ကို အေးအေးဆေးဆေး စားနေရင်ကောင်းမယ်..."

ဖြူပြာ့ကို အဲလောက်တော့ ပြောဖို့မကောင်းပါဘူး။ ဖြူပြာ ခမျာ... သူ့အမေ မမာတဲ့အချိန်မှာ ပြုစုရင်း ရစ်တန်းအကြိမ်ကြိမ်ကျလို့ ကျောင်းထွက်ထားရရှာတာကို အမြဲနှိမ်ရက်တယ်။ ဖြူနုတို့ ဖြူဖွေးတို့ ဆယ်တန်းအောင်တာ ထားပါ... မော်လင်းလည်း ဆယ်တန်းရောက်ပြီ ထားဦး။ ကျော်လင်းဆို ကျန်းမာရေးမကောင်းလို့ ခုနှစ်တန်းလော အောင်တာ။ ဘာလို့ ဖြူပြာ့ကို ရက်ရက်စက်စက် ပြောမှာလဲ။

" ဒါဆိုလည်း ကိုကြီးရဲ့ဧည့်သည်ကို ထမင်းနှစ်နပ်ကျွေး ဝန်မလေးပါနဲ့ "

" ဟဲ့ ဧည့်သည်ဆိုတာ အလိုက်သိရတယ် ဧည့်သည်တ ဘယ်နှစ်ရက်နေမလဲ... တော်ကြာ အိမ်သည်တောင် ဖြစ်ချင် ဖြစ်သွာ ဦးမယ်... ကျော်စွာက ဘာတွေသဘောကျတယ် မသိပါဘူး

" သူ့အကြောင်း သူ့စိတ်ဓာတ်မသိပဲ ကိုကြီးက ဖြူချော သဘောတူမှာတဲ့လား... ကိုကြီးက လူတွေအကြောင်း သိပ်သိပေ ဒါကြောင့်လည်း မင်းမင်းနဲ့ ဖြူချောကို ကန့်ကွက်တာ "

" ဖြူပြာ... တော်စမ်း... နင်ဝင်မပါနဲ့တော့ "

အန်တီသက်ထားက သူ့တူ မင်းမင်းအကြောင်း မကော ပြောရင် မကြိုက်မှန်း သိပါလျက် ဖြူပြာကလည်း ပြောတာပါပဲ

" ကျွန်တော်က မဟုတ်တာ မြင်ရင် ဝင်ပါချင်တာပါ မပါလို့မရဘူး အန်တီသက်ထား... ပျဉ်းမမြိုင်မှာ ဖေဖေချန်ထား ငွေတွေ အများကြီး ကိုကြီးလည်း အမွေရဦးမှာ... ကိုကြီးဧည့်သည် တစ်လမပြောနဲ့ တစ်နှစ်ကျွေးလည်း မကုန်ဘူး... အန်တီသက်ထ



အတွက် ဘာမှ မဖြစ်လောက်ပါဘူး..."

" ဖြူပြာ..."

" အန်တီသက်ထား ပြောချင်ရာပြော... ကျွန်တော်ကတော့ ဒိတ်ပျက်လာရင် အမွေခွဲမှာပဲ..."

အန်တီသက်ထားတော့ စိတ်ဆိုးပြီး ထွက်သွားပါပြီ...။ ထိုးလိုမ့်သွားတဲ့ အရှိန်ကို ကြည့်တာနှင့် ဒေါသတော်တော်ထွက် သွားတာ အသိသာကြီးပါပဲ...။

ဖြူပြာနှင့်ဆို အန်တီသက်ထားက အဒေါ်အရင်းကြီးပါ...။ ဖြူချောနှင့်ကတော့ မိထွေးပဲလေ...။ ဘာမှသွေးမတော်စပ်ပါဘူး...။ ဒါတော့ ဖြူချောကိုယ်တိုင်က ဘယ်သူ့မှ ပြန်မပြောရဲလောက်အောင် ကြောက်တတ်ပါတယ်...။

" ဖြူချောက နေရာတကာ အလျှော့ပေး... ကြောက်တတ်နေ တာကိုး ဒါကြောင့် အားလုံးက ခင်ဗျားကို နိုင်ကြတာ... ဖြူနုတို့ ဖြူဖွေးတို့တောင် ခင်ဗျားကို မကြောက်ကြဘူး..."

ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲ...။

ဖြူချောမှ ရန်မဖြစ်တတ်တာ။ ဖြူနုဆိုလည်း... စကားပြောရင် အငေါ်လေးတွေနဲ့ ပြောတတ်လို့ စိတ်ညစ်တာနဲ့ တတ်နိုင်သရွေ့ ရှောင်ရတယ်။ ဖြူဖွေးလေးကတော့ ကလေးဆိုတော့ သိပ်မဆိုးလှ ဘူး။

" ကိုထင်ရှားအောင်ကို ခင်ဗျားနှစ်သက်ရင် ရှက်မနေနဲ့ ဖြူချော... ကိုကြီးသဘောကျတယ်ဆို ဒီလူ မဆိုးလောက်ပါဘူး... ကျွန်တော်လည်း သိသားနဲ့... မင်းမင်းနဲ့ခင်ဗျားနဲ့ နီးစပ်မှာစိုးရိမ်လို့ ကန့်ကွက်တာ... ကျွန်တော် ညှိဖျင်းရင်... သဘောမကျဘူး အပြတ်ပြောခဲ့တာ..."

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်… အန်တီသက်ထားနဲ့ ပတ်သက်ပြီး မင်းမင် ရောက်လာတုန်းက ကိုကြီးက ဖြူချောနဲ့နီးစပ်သွားမှာ အရမ်းစိုးရိမ် တာ…။ ငွေမချမ်းသာရင်နေ… စိတ်ဓာတ်ကောင်းမွန်ဖို့ လိုတယ် ကိုကြီးက အမြဲပြောခဲ့တာပဲလေ…။ ကိုထင်ရှားအောင်ကို သဘောကျ တယ်ဆိုမှတော့… ကိုကြီးအကြိုက် စိတ်ဓာတ်ပြည့်စုံလို့နေမှာပါ…

" ခင်ဗျားလူက ခင်ဗျားကို သဘောကျနေပါပြီ… ဒါကြော မပြန်နိုင်ဘူးဖြစ်နေပြီ ထင်တယ် "

ဖြူချောကိုသေချာကြည့်ပြီး… ဖြူပြာရယ်တော့ ရက်မိ တယ်… ချစ်တယ်ဆိုတာ ရက်စရာလားလို့… ပြောလို့ရပေမေ နှလုံးသားခြင်း ထပ်တူညီမှု ခံစားရတဲ့အခါမှာ ကြည်နူးစိတ် ရက်စိတ်လေး အနည်းငယ်စွန်းနေတာသေချာပါပြီ။

" ဖြူချော… ခင်ဗျားလို အားငယ်ပျော့ညံ့ပြီး ကြောက်ရွံ့တ တဲ့လူက မှီခိုစရာကောင်းကောင်းရှိသင့်တယ်… ကိုကြီးက ခင်ဗျား စိတ်မချခဲ့တာ ဒါတွေပါတယ်… ကျွန်တော့်အိမ်ထောင်ရေးကို ဘယ် ကများ ပူပန်လဲ… ကျွန်တော်က တစ်ယောက်တည်း ရပ်တည်ရဲတ

ဒါလည်းဟုတ်တယ်။

ဖြူပြာကို အိမ်ထောင်ပြုပေးရအောင်လို့ ပြောသံကိုမကြား ဖြူပြာက ဘယ်ကိစ္စမဆို သူ့ဘာသာဖြေရှင်းရဲတယ်လေ…။ မေ ရှိတုန်းကရော ကိုကြီးရှိတုန်းကပါ… ဖြူချောအတွက်သာ စိုးရိမ် တာပါ…။

ကိုကြီးဆုံးပြီဆို ဖြူချောရင်ထဲ ဘယ်လောက် အားငယ် တယ် ဖြူချောဘာသာ အသိဆုံးပါပဲ။

¤ ¤ ¤

" မင်းကိုစောင့်နေတာသော်တာ ပြောစရာတွေလည်းရှိတယ် "

" ကျွန်တော်လည်း ဟိုမှာအလုပ်တွေကများနေတာ… ပြီးတော့ ကျွန်တော်အိမ်ထောင်ပြုတော့မှာ ကိုထင်ရှားရဲ့… ကိုကြီး ခုလို ရုတ်တရက် ဖြစ်သွားတော့ ခက်နေတယ်… "

သော်တာနဲ့နှစ်ယောက် ပျဉ်းမမြိုင်ခြံနောက်ဘက်ထဲ လျှောက်ရင်း စကားပြောလာမိကြတယ်။ ပျဉ်းမမြိုင်ဟာ တစ်ချိန်က မွေးမြူရေး စိုက်ပျိုးရေးတွေ ရှိခဲ့ပေမယ့်… ခုချိန်တော့ ဘာမှ မရှိတော့ပါဘူး။ ခြံကကျယ်ဝန်းလွန်းပါတယ်။

" ကိုယ်နဲ့ဖြူပြာ အတူစပ်ပြီး ဖြူပြာ့မွေးမြူရေးခြံလေး ပြန်လုပ်ပေးရမလားလို့… ပြီးတော့ ကိုယ်… "

ဖြူချော…။

ကျော်စွာမရှိတော့ သော်တာနဲ့ဖြူချောက အရင်းအချာရှိသေး တယ် ပြောရမယ်…။

" အတူရှိနေစဉ်မှာ ဖြူချောရဲ့ ကြွေနွဲ့အလှနဲ့ စိတ်ဓာတ် အားငယ်ပုံလေးကို… နှစ်သက်မိတာ ဝန်ခံပါတယ်… ဒါကြောင့် သူကလည်း ကိုယ့်ကိုလေ့လာ… ကိုယ်ကလည်း သူ့ကိုလေ့လာရင်း ပျဉ်းမမြိုင်မှာ ကိုယ် ခဏနေချင်တယ်… "

သော်တာ့ကို ပွင့်ပွင့်လင်းလင်းပဲပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



" ဒီစကားကြားရတာ ကျွန်တော် ဝမ်းသာပါတယ် ကိုထင်ရှား... ကိုကြီးကိုယ်တိုင်က တဖွဖွ သဘောတူခဲ့သလို ဖြူချော‌နဲ့ ကိုထင်ရှား နှစ်သက်မယ်ဆို ကျွန်တော်ကန့်ကွက်စရာမရှိပါဘူး— ပျဉ်းမဖြိုင်မှာလည်း ကြိုက်သလောက်နေပါ... ကျွန်တော်တို့က အမွေသာ မခွဲကြသေးတာပါ... ဖေဖေဆုံးတည်းက ဘယ်သူက ဘာယူဆို အမွေက သတ်မှတ်ပေးခဲ့ပြီးသားပါ... ပျဉ်းမဖြိုင်က သုံးပုံပုံ ခွဲယူရမှာ... အိမ်မကြီးကတော့ အန့်တီသက်ထားရမှာပေါ့— ခြံကြီးကို သုံးပိုင်းပိုင်းချင်ပိုင်း... ရောင်းပြီး ငွေခွဲချင်ခွဲ... ခွဲကြရမှာ— ကိုထင်ရှား နေချင်သလိုနေပါ... ရတယ် "

" ကိုလေး... ကိုလေး... မာမီခေါ်နေတယ် "

" အေး... လာပြီ... ဖြူဖွေး... ကိုထင်ရှားနဲ့ စကားပြော[illegible] လိုက်ဦး "

ဖြူဖွေးနှင့်ကတော့ ပထမဆုံးတွေ့တည်းက ခင်မင်ထား[illegible] စကားပြောလို့ကောင်းပါတယ်...။

" ဖြူဖွေးကတော့လေ... ကိုကြီးရှားနဲ့ဆွေမျိုးတော်[illegible] ဝမ်းသာတယ် "

" ဟုတ်လား "

" ကိုကြီးရှားက မမဖြူချောကို သဘောကျပါတယ်[illegible] သိပ်မှုမနေနဲ့ကိုကြီးရှားရေ... မမဖြူချောကိုဆို ကိုမင်းက [illegible] သဘောကျတာ "

" ကိုမင်း... အဲဒါက ဘယ်သူလဲ... "

" ဖြူဖွေးတို့ အစ်ကိုဝမ်းကွဲလေ... "

" ဟုတ်လား... "



" မဖြူဖွေး... ဒီမှာဘာလုပ်နေလဲ စားသွားကျက်... "

မကြည်မလင်ကြည့်ပြီး ပြောတဲ့ကောင်လေးဟာ မော်လင်း ဆိုတာ ထင်ရှားအောင် သိနေပါပြီ။ ကျော်လင်းကိုတော့ တစ်ခါမှ မတွေ့ရသေး။ ဖြူဖွေးကတော့ မော်လင်းကို သေချာပြန်စိုက်ကြည့် ပြီးမှ...။

" ဆယ်တန်းဖြေမယ့် မင်းသာ စာသွားကျက်ပါ... ငါ့ကို ဘာပူမနေနဲ့... ငါစာငါ ဘယ်အချိန်ကျက်ကျက်ရတယ် ငါသိတယ်... "

မော်လင်း စိတ်ဆိုးပြီး ထွက်သွားပါပြီ။

အန့်တီသက်ထားကိုယ်တိုင်က ထင်ရှားအောင်အပေါ် ကြည်လင်လေတော့ ဒီကလေးတွေ စိတ်မကြည်လင်တာ မဆန်း ဘူး။

" သူသာ ဒီပုံစံနဲ့ဆို အောင်ပါလိမ့်မယ်... "

" သူက ကျော်လင်းဆေးရုံတက်ရင် လိုက်ပြုစုနေရတာပဲ ဟုတ်လား... နားလည်ပေးလိုက်ပါ ကိုယ့်မောင်လေးပဲ... "

" သူတို့တွေက မဖြူပြာနဲ့ပဲ ကိုက်တယ်... ဟိုကအေါ်သဖြစ် [illegible] လက်ကပါလာတာ "

ဖြူဖွေးတို့မောင်နှမတွေ မချစ်ခင်ကြဘူးလား။

အန့်တီသက်ထားကရော သားသမီးတွေအပေါ် နွေးထွေး [illegible] မေတ္တာ ပေးရဲ့လား...။ ပျဉ်းမဖြိုင်က မေတ္တာနည်းပါးသော [illegible]ကြီးများလား။

" ကျော်လင်းကိုတော့ တစ်ခါမှ မတွေ့ဖူးသေးဘူး "

" ကျော်လင်းက ဦးနှောက်ထိထားတယ်ဆို နေချင်သလိုနေ... [illegible]င်သလိုတွေးနဲ့ တစ်ခါတစ်ခါ သတိလစ်ချင်လစ်သွားတတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်… သူ့သာသာ ငူငူငိုင်ငိုင် ထိုင်ချင်ထိုင်နေတာ… ရန်ကုန်မှာ ဆေးရုံသွားသွားတက်လည်း မကောင်းတော့ပါဘူး…"

ဒီလိုဆိုတော့လည်း ကျော်လင်းဘဝက သနားစရာလေးပါ…။ ရေရှည်မှာ အစ်မတွေဖြစ်တဲ့ ဖြူနုနဲ့ ဖြူဖွေးကတာဝန်ယူရမှာ…။ ဖြူချောနဲ့ ဖြူပြာကတော့ အရင်းတွေလည်း မဟုတ်ဘူးလေ…။

" မမဖြူချောနဲ့ ကိုကြီးရှားလက်ထပ်ရင် အစ်ကိုကစ်ယောက်ရမှာမို့… ဖြူဖွေးကတော့ ဝမ်းသာတယ်…"

" ဖြူဖွေး… မာမီခေါ်နေတယ် "

ဖြူဖွေးကို ဖြူနုကလာခေါ်ပါတယ်… ဖြူနုကတော့ ထင်ရှားအောင်ကို ခင်မင်ပုံလည်းမရှိ… မကြည်လင်ပုံလည်းမရှိ…။

ဖြူချောရယ်… မင်းနဲ့ပတ်သက်ရင် ဒီကလေးတွေဟာအားလုံး အငယ်လေးတွေချည်းပါပဲ…။ ကိုယ့်ရင်မှာတော့ မင်းဘဝခရီးကို အတူလျှောက်ဖို့ ဆုံးဖြတ်မိတယ်…။

¤ ¤ ¤

" မဖြူချော… ဖြူချော… ကိုထင်ရှားအောင်က ရန်ကုန်ကို ပြီးပြန်တာ မဟုတ်ပါဘူး… စာတိုက်မှာ စာသွားထည့်တာပါ… ာ်ရလွန်းလို့ လည်ပင်းရှည်နေပြီလား…"

" ဟယ်… ဖြူပြာဟာလေ…"

သူကပြောမါတယ်…

သူပြန်မလာတာကြာနေရင် သူ့သူငယ်ချင်း သူရ စိတ်ပူမှာမ်လို့… ဖုန်းဆက်ကြည့်မယ် မရရင်စာထည့်ခဲ့မယ်ဆို အပြင်ထွက်းတာပါ။ ဖြူချောကတော့… ပန်းပင်ကလေးတွေကို ရေလောင်းရင်းဆင်ပြေပြ့မလားတော့ စိတ်ပူတာပေါ့…။

" ကိုလေးကပါ ကိုထင်ရှားနဲ့ ဖြူချောကိစ္စ သဘောတူတယ်ည်း ပြောရော… အန်တီသက်ထားကြီး မျက်ဖြူဆိုက်တာပါပဲ… ချောကို ခုချိန် ကိုလေးက အမိကပိုင်တာလေ… နောက်တော့ထင်ရှားပိုင်မှာပေါ့ "

" ဖြူပြာ့ရယ်…"

ဒီကောင်မလေးဟာ နောက်နေတာပါပဲလား။

" ကိုထင်ရှားကို ကိုကြီးသဘောကျတာလည်း မပြောနဲ့… မဆိုးပါဘူး…"

" ဘာတွေမဆိုးလဲ ပြောပါဦး "

www.burmeseclassic.com

www.burmeseclassic.com



" မွေးမြူရေးခြံအဖြစ် ပြန်လုပ်ပေးမယ်ဆိုတာ… ရေရှည်အတွက် စဉ်းစားတာ တစ်ချက်ခုတ် သုံးချက်ပြတ်လောက်တဲ့ အစီအစဉ်လေ… ခြံရှိလို့ဆို ဒီမှာနေလို့ရတာ တစ်ချက်… ချစ်တဲ့ဖြူချောလေးအနားမှာနေချင်တာက တစ်ချက်… အနာဂတ်အတွက်လုပ်ငန်းရှိတော့မပူရတော့ဘူးပေါ့…"

" ဖြူပြာကတော့လေ… ပြောလည်းပြောတတ်တယ်…"

ဖြူပြာနဲ့ စကားပြောနေတုန်းမှာ… တစ်ကောင်တည်းသာရှိသော ဆိတ်ကလေးက ထွက်လာပါပြီ။

ဒီအခိုက်မှာမှ…။

" ဝုန်း…"

ဝုန်းခနဲဆို ဆိတ်ကလေးကို လာမှန်တာ အုပ်ခဲလုံးကြီးပါလား။

ဆိတ်ကလေးခမျာ… တပဲပဲနဲ့နာကျင်စွာအော်ရင်း ထော့နဲ့ထော့နဲ့နဲ့ ပြေးပါပြီ။

" ကျော်လင်း… မင်း… မင်း… ဒါဘာလုပ်တာလဲ… ငါ့ဆိတ်က နင့်ကို ဘာလုပ်လို့လဲ… ဆိတ်တော့ ခြေထောက်ကျိုးပါပြီ… နင့်ခြေထောက်ကို ငါပြန်ချိုးမယ်…"

" ဖြူပြာမလုပ်ပါနဲ့… မလုပ်ပါနဲ့… ကျော်လင်းက နေမကောင်းရှာပါဘူး…"

" နေမကောင်းတဲ့လူက နေမကောင်းသလိုနေပါလား… ဆိတ်ကိုကျ ခဲနဲ့ပေါက်တတ်သလား… ဖယ်ပါ ဖြူချော… ဖယ်…"

ဖြူပြာ့ကို အတင်းဖက်သာ ထားရတယ်…

ဖြူပြာအားကိုလည်း ဖြူချောမနိုင်။ လွှတ်ပေးလိုက်လို့လည်း



မဖြစ်။ဖြူချောလည်းမနိုင်လို့… ဖြူနုရေ… ဖြူဖွေးရေနဲ့ အော်ခေါ်ရတော့တာပေါ့…။

" ကျော်လင်းရယ်… မမဖြူချော… စိတ်ညစ်လိုက်တာ… ဖြူပြာ့ဆိတ်ကိုမှ ဘာလို့ ခဲနဲ့ပေါက်ရသလဲ…"

" ဆိတ်သားစားမလို့လေ… ဆိတ်သားဟင်းချက်စားမလို့…"

" ဘာပြောတယ်… နင်ကများ ငါ့ဆိတ်ကို စားချင်ရသလား…"

" စားမယ်… ဆိတ်သားစားမယ်…"

ဆူညံဆူညံ အသံတွေကြောင့် အန်တီသက်ထားပါရောက်လာပါတယ်။

ဖြူပြာ့ကို ကိုလေးက ဆွဲထားရပါပြီ။

" အန်တီသက်ထားသားကို ကျွန်တော်ရိုက်မိလိမ့်မယ် "

" ဖြူပြာ… ဘာမဟုတ်တာလေးနဲ့ ဒေါသမကြီးစမ်းပါနဲ့…"

" ကျွန်တော့်ဆိတ် ပေါင်ကျိုးတော့မယ်… အဲဒါ ဘာမဟုတ်တာလား…"

" ဆိတ်တစ်ကောင် ဘာမှမတန်ပါဘူး…"

" ဆိတ်တစ်ကောင်တန်ဖိုး ဘာမှမရှိဘူးဆိုပေမယ့်… ဆိတ်မှာလည်း အသက်ရှိတာပဲ… ဆိတ်လည်း နာကျင်တတ်တာပဲ… ဆိတ်နာသလို သူလည်းနာမှ စာနာတတ်မှာပေါ့… ကိုယ်ချင်းစာတတ်အောင်လုပ်ရမယ်…"

ဖြူပြာကတော့ ထုံးစံအတိုင်း တော်ရုံနှင့်ဒေါသကမပြေ။

ဖြူပြာပြောတာ မှန်ပါတယ်… ဒါပေမယ့် ခက်နေတာက ကျော်လင်း ကိုယ်တိုင်ကလည်း ဦးနှောက်ဇာထားရဲ့ ကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မဟုတ်လား...။

" မင်းဆိတ်သေသွားရင် ဆိတ်တစ်ကောင် အလျော်ပေးမယ် ဖြူပြာ... ငါနားညည်းလွန်းလို့ပါ..."

အန်တီသက်ထားကတော့ ပြောပြီးထွက်သွားပါပြီ။ ဖြူပြာက ကျေနပ်ပုံမရသေး။ ကျော်လင်းနှင့်ကတော့ တစ်ခါမဟုတ်တစ်ခါ ပြဿနာ တက်လိမ့်ဦးမယ် ထင်ပါရဲ့...။

ပျဉ်းမမြိုင်ဟာ ဝါးအစည်းပြေနေသလို ဖြစ်နေတဲ့ အိမ်ကြီးတစ်အိမ်လို ကိုယ်ပျော်ရာ ကိုယ်ရှာနေကြတာပါလား...။ အန်တီသက်ထား ကိုယ်တိုင်ကလည်း ဦးဆောင်ချင်ပုံမရပါဘူး...။ ကိုကြီးမရှိတာ... ပျဉ်းမမြိုင်မှာ ထိန်းသိမ်းမယ့်လူ တကယ် ပျောက်တာပါ...။

¤ ¤ ¤

" ဟာ... ဆိတ်ကလေး ဘာလို့ပါလိမ့်... ခြေထောက်ကျိုးနေပါလား... ဒီအတိုင်းထားရင် သေသွားမှာပေါ့... ဖြူပြာရော... ဘယ်မှာလဲ..."

သူ့ရှေ့ ဖုန်းခေါ်ပြီး ပြန်လာတာ။ ဖုန်းခေါ်မရတော့ စာထည့် လိုက်ရတယ်။ ရက်သိပ်ကြာရင် သူ့ရစိတ်ပူမယ်လေ။ ပျဉ်းမမြိုင် ပြန်ရောက်တော့ ထော့ကျိုးဖြစ်နေတဲ့ ဆိတ်ကလေးနဲ့တွေ့တယ်။

" ကိုထင်ရှားအောင်..."

" သော်တာ... ဆိတ်ကလေး ဘာဖြစ်လို့လဲ "

" အိမ်မှာက မလွယ်ပါဘူး... အဲလိုစိတ်ပျက်စရာကောင်းလွန်းလို့ ကျွန်တော် ခြံထဲမှာသွားနေတာ... ခြံထဲရောက်တော့... သင်းသင်းနဲ့ တွေ့တော့ မပြန်နိုင်တော့ပါဘူး... ဒါတွေကို ကိုကြီးကလည်း ကြိုမြင်ပုံ ရပါတယ်... ဖြူချောကို တစ်ယောက်တည်း ပျဉ်းမမြိုင်မှာ စိတ်မချဘူး ဆိုင်တယ်... ကျွန်တော်ကလည်း အိမ်ထောင်ပြုတော့ ဖြူချောဒီမှာနေရင် စိတ်ညစ်မှာ... ပြီးတော့ အိမ်ထောင်ပြု မှားမှာလည်း စိုးပုံပါ... အန်တီသက်ထားမေးလို့ ကျွန်တော်ပြောပြီးပြီ ကိုထင်ရှား... ကိုထင်ရှား နဲ့ ဖြူချောကို လက်ထပ်ပေးဖို့ ကိုကြီးလိုပဲ ကျွန်တော်ကပါ သဘောတူ ကြောင်းနဲ့ သူတို့ တစ်ယောက်နဲ့တစ်ယောက် လေ့လာအောင်... ကိုထင်ရှား ဒီမှာနေမယ် ပြောထားပါပြီ..."

www.burmeseclassic.com

www.burmeseclassic.com



" ကျေးဇူးတင်ပါတယ် သော်တာ..."

" ကျွန်တော်ကတောင် ပြန်ကျေးဇူးတင်ရမှာပါ ကိုထင်ရှား ရယ်... ကိုကြီးသဘောတူတယ်ဆိုတည်းက ကိုထင်ရှားအပေါ် ဘယ်လောက် စိတ်ချတယ် သိပါတယ်... ဖြူချော်က ကြောက်တတ် အားငယ်တတ်တော့ စိတ်ပူရတယ်..."

သော်တာက ဘယ့်လိုပြောပြော... ထင်ရှားတစ်ခါတစ်ခါတော့ ပျဉ်းမငြိုင်မှာနေရတာ မျက်နှာပူသလိုပါပဲ...။

" ကိုထင်ရှားကို ကျွန်တော်နဲ့ ကိုကြီးအခန်းမှာ ပြောင်းနေဖို့... အန်တီသက်ထားကို ပြောပြီးပြီ... ပြောင်းနေလိုက်ပါ... နေရဲတယ် မဟုတ်လား "

" ဟာ... ဘာလို့လဲ "

" ကိုကြီးက အခန်းဘေးဘက် ဝရန်တာက ကျသွားတာ ဆိုတော့လေ..."

" ဒါကြောင့် မဟုတ်ပါဘူး... ကိုယ်... တစ်ခုစဉ်းစားထား လို့ပါ... ကိုယ်နဲ့ဖြူပြာ မွေးမြူရေးခြံအတူလုပ်မှာဆိုတော့... အိမ် ကြီးမှာလည်း မနေချင်ဘူး... ခြံနောက်ဘက်မှာ ပိတ်ထားတဲ့ ပျဉ်ထောင်အိမ်ကလေးတစ်အိမ် တွေ့တယ်... အဲဒီမှာ ဘယ်သူ နေတာလဲ "

" ခြံနောက်ဘက်အိမ်လေးက အရင်ဖေဖေရှိတုန်းက ကားရှိ တော့ ဒရိုင်ဘာဦးမိုးတို့လင်မယား နေတာပါ... နောက် ကားလည်း မရှိရော... ဦးမိုးတို့က ရွာပြန်သွားလို့ ပိတ်ထားတာ... မဟုတ်တာ ကိုထင်ရှား အိမ်မကြီးပေါ်မှာနေပါဗျာ "

" အားနာစရာမရှိဘူး သော်တာ... အပွင့်လင်းဆုံးပြောရရင်–



တစ်နေ့ ဖြူချော်နဲ့နှစ်သက်ပြီး လက်ထပ်မယ်ဆိုလည်း... ကိုယ့်အိမ် လေး ကိုယ်နေတာ ကောင်းတယ်... ဒေါ်သက်ထားရဲ့ အငြူအဆူ လည်း မခံချင်ဘူး... ကိုယ်အေးအေး ချမ်းချမ်း နေပါရစေ..."

" ဒါဆိုလည်း ဒေါ်ထူးအားတဲ့နေ့ သေချာရှင်းလင်း ဆေးကြော ခိုင်းပေးပါမယ်..."

" ရပါတယ်... ဖြူပြာနဲ့ပဲ ရှင်းလိုက်မယ်..."

" အန်တီသက်ထားကြောင့်တော့ ဘာမှစိတ်မပျက်ပါနဲ့... ကျွန်တော်တို့ အမွေမခွဲရသေးတော့ သူဘာမှမပြောရဲပါဘူး..."

တကယ်ဆို... ဖြူချော်ကို လေ့လာဦးမယ်ဆိုတာ... ဖြူချော ဘက်က စဉ်းစားဖို့ပါ...။ ထင်ရှားအတွက်ကတော့... ဖြူချော်ကို နှစ်သက်မြတ်နိုးမိတာ ဝန်ခံရတော့မှာပါပဲ... ဖြူချော်အနားမှာ ရှိနေချင်တာကြောင့်လည်း... ဘကြီးရဲ့ လုပ်ငန်းကထွက်ဖို့ပါ စဉ်းစား မိခဲ့တာပေါ့...။ ရန်ကုန်မှာကျန်ခဲ့တဲ့ လုပ်ငန်းအားလုံး သူ့ရကို စီစဉ်ခိုင်းထားတယ်... အနားကမခွဲချင်တာ... ရင်ထဲမှာ ချစ်ခြင်းရှိလို့ပေါ့ ဖြူချော...။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းလိုက်တာ... အိမ်ကလေးက သန့်ရှင်းရေးလုပ်လိုက်
တော့လည်း နေချင်စရာလေး... ဒီလိုမှန်းစောစောကသိရင်...
ကျွန်တော်လာနေပါတယ်..."

ဖြူပြာပြောတဲ့အတိုင်းပါပဲ။

အိမ်ကလေးကို သေချာဆေးကြောသန့်စင်လိုက်တဲ့အခါ
မှာတော့ သန့်ရှင်းလှပပြီး နေချင့်စဖွယ်လေး ဖြစ်လာပါတယ်။
ဖြူပြာက အများကြီး အကူအညီရပါတယ်။ ဖြူချောကတော့ နုနယ်တဲ့
ပုံလေး။ ဖြူချောကို အလုပ်တွေသိပ်မပေးရဲပဲ... ဖြူပြာနဲ့ထင်ရှား
အလုပ်တွေ အကုန် ဒိုင်ခံ ရှင်းရတော့တာ။ ဒါတောင် ဖြူချော
ချွေးတွေနဲ့ မောနေပြီ။

"ဖြူချောကလည်း ညံ့ပါ... နဖတ်နေတော့ ဘယ်နေရာသွား
အသုံးကျမလဲ ဒီလောက်ကလေးရှင်းတာ မောနေပြီလား..."

"ဒါကြောင့် ဖြူချောကိုပြောတာ... ထိုင်နေပါလို့... ကိုယ်
ရှင်းမှာပေါ့..."

"ဒီလိုတော့ လုံးဝ အပါးနိုင်လို့ မရဘူးလေ... ဒီအိမ်
နေမှာက ကျွန်တော့်လူမဟုတ်ဘူး... ဖြူချောလူလေ... ဖြူချော
ကူရမယ်..."

"ဖြူပြာ... ဘာတွေလျှောက်ပြောနေလဲ"



အိမ်ကလေးဝရန်တာလေးမှာ ထိုင်စကားပြောနေမိကြတယ်။
အိမ်မကြီးကို ခပ်လှမ်းလှမ်းမှာ မကွယ့်တကွယ်တော့ မြင်နေရသား...။
ဒီအိမ်ကလေးမှာ ထင်ရှားနေရမှာ... သူရသာ အတူရှိနေရင်
ဘယ်လောက် ကောင်းလိုက်လေမလဲ...။

"စောစောတုန်းသိရင်ကောင်းမှာ... သော်တာ မပြန်ခင်ကဆို
ကိုယ့်သူငယ်ချင်း သူရကိုခေါ်ထားချင်တာ..."

"ဒါဆို ကိုသူရကို ဖြူပြာနဲ့သဘောတူလို့ပါဆို ခေါ်ရမယ်"

"ယုံကြည်ပါလိမ့်မယ် အားကြီးကြီး... ကျွန်တော့်မှာ
ချစ်တတ်တဲ့ နှလုံးသားမရှိဘူး..."

"ဖြူပြာက ဘာလို့ ချစ်တတ်တဲ့ နှလုံးသားမရှိရမှာလဲ...
တိရစ္ဆာန်တွေကို ချစ်တတ်တာဟာ... ကြင်နာတတ်တဲ့ နှလုံးသား
ရှိတာပါပဲ"

"ကိုထင်ရှားအောင်က ကျွန်တော့်များ ကြင်နာတတ်သတဲ့...
ကျွန်တော်က ဒေါသဖြစ်မိရင် ဘာမှမမြင်ဘူး... ဘာမှ မကောင်းပါ
ဘူးဗျာ"

"ဒေါသဖြစ်တတ်မှန်းသိရင် ဆင်ခြင်လို့ရပါတယ်"

ဖြူပြာနှင့်စကားပြောရတာ ပွင့်လင်းပြီး အဆင်ပြေပါတယ်။
ဖြူပြာက လုံးဝ ဟန်မဆောင်တတ်ပါဘူး။ အိမ်ကလေး သန့်ရှင်းသွား
တော့ အမြန်ဆုံး ဒီနေ့ မနက်ဖြန် ပြောင်းနေတော့မယ်လေ။

"ဟယ်... ကျော်လင်းလေး... လာလေ..."

ဖြူချောခေါ်သံကြောင့် လှည့်ကြည့်မိပါတယ်။

ကျော်လင်းကို ဒီတစ်ခါပဲ တွေ့ဖူးပါတယ်... မျက်နှာတော့
ရှုံ့ဘုပ်ပြီး မကြည်မလင်ကြီးနဲ့ ထင်ရှားကို ကြည့်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



" မလာဘူး "

ပြောပြီး လှည့်ထွက်သွားပါတယ်...။

" ကျောက်လင်းလေးကလေ... ဟိုးအရင်က ချစ်ချစ်ခင်ခင် နေခဲ့ကြတာ... အခုများတော့... မောင်နှမတွေက သွေးဝမ်းကွဲ လိုက်ကြတာ..."

" ဖြူချောပဲချစ်ပါ... ကျွန်တော်ကတော့ ဘယ်သူ့မှမချစ်ဘူး... သူတို့တွေက အမေအဆိုးနဲ့ သိပ်ရိုင်းတယ်... ကျွန်တော်နဲ့ဖြူချောကို ဘယ်သူညှာခဲ့လဲ... အားယ်တွေ တစ်ယောက်မှ မကောင်းဘူး..."

" ဒီလိုပေါ့ ဖြူပြောရယ် "

" ကျွန်တော်ကတော့... ကျွန်တော့်ကိုယ် ကျွန်တော်ပဲ ချစ်မယ်..."

" ဟင်... ဖြူချောကို မချစ်ဘူးလား..."

" ဖြူချောကို ဖြူချောလူ ချစ်လိမ့်မယ် "

ဖြူပြောက ထင်ရှားဘက် မျက်စပစ်ပြပါတယ်။ ဖြူချော ရှက်သွားတဲ့ မျက်နှာလေးက ပန်းနုရောင်လေးနဲ့ သိပ်ချစ်စရာ ကောင်းပါလား၊ ဖြူချောရဲ့ အပြုအမူလေးတွေဟာ ထင်ရှားမျက်ဝန်းမှာ ချစ်စရာတွေချည်းပါလား။

" ဖြူနုကလည်း အန်တီသက်ထားရဲ့ သွေးခွဲစကားတွေကို နားယောင်တယ်... အခုဆို သိပ်ဟက်ဟက်ပက်ပက်တောင် စကား မပြောဘူး... တကယ်ဆို အဖေတူမောင်နှမတွေပဲ... အရင်းလို သတ်မှတ်ပါလား... ဖြူဖွေးလေး တစ်ယောက်ပဲ အားလုံးအပေါ် ချစ်ခင်မှုရှိတယ်... အခု မော်လင်းကတောင် ရှောင်ဖယ်ဖယ်နဲ့..."

" သံယောဇဉ်ဆိုတာ... နည်းလေကောင်းလေပဲ... မရှိရင်



ဒိုတောင် ကောင်းသေး... ဖြူချောရာ... ခင်ဗျားအိမ်ထောင်ပြုမှာပဲ... ကိုယ့်အိမ်ထောင် ကိုယ့်သားသမီးကျမှ ချစ်ချင်သလောက် ချစ်စမ်းပါ... ကိုယ့်အပေါ် ဒီလောက်မကြင်နာတဲ့ မောင်နှမတွေကိုများ စိတ်ထဲထား လို့..."

ဖြူပြောကတော့ ပြတ်သားလွန်းပါတယ်...။

" ကိုကြီးရှိစေချင်တာ... ကိုကြီးကျတော့ အားလုံးက ဟန့်တယ်... ကြောက်လည်းကြောက်ရတယ် "

" ဖြူချောကလေ... ကိုကြီးမှမရှိတော့တာ..."

အိမ်ကလေးမှာပြောင်းနေရင် ထင်ရှားအောင်ဘာသာပဲ ထမင်းကအစ ခွဲပြီး ချက်စားမယ်... ပြောလိုက်တယ်...။

" အိမ်မကြီးမှာပဲ လာစား ရပါတယ် ကိုထင်ရှားရာ... ဘာလဲ ခင်ဗျားက ဖြူချော ချက်ကျွေးတာစားချင်ရင် စားချင်တယ် ပြောဝါ... ဖြူချောက ဟင်းချက်ကောင်းတယ်နော်..."

" ဟုတ်လား... ကျွေးမလား ဖြူချော "

" ကိုထင်ရှားအောင် စားချင်ရင် ကျွေးပါမယ် "

" တွေ့လား... တွေ့လား... မေတ္တာတွေ..."

သူတို့သုံးယောက်ရယ်မောနေခိုက်မှာ ဖျတ်ခနဲဆို လှည့်ထွက် သွားတဲ့... ဒေါ်သက်ထားရဲ့ ဘီးတပ်ကုလားထိုင်ကို တွေ့ရပါတယ်... ထင်ရှားအောင်ကို ဘယ်လိုမှ မကြည်လင်တာသိပါလျက် ဖြူချောကို ချစ်နိုင်လေတော့လည်း...။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" တကယ်ဆို မင်းဟာ ငါ့တူမအရင်းကြီးပါ ဖြူပြာ… မင်းအခုလို မပြောသင့်ပါဘူး… မင်းတို့ငွေတွေလည်း ငါအပိုင်မစီးပါ ဘူး… ပေးသင့်ပေးထိုက်တာ အကုန်ပေးမှာပါ…"

" ကျွန်တော်က အမွေအကုန်ခွဲခိုင်းနေတာ မဟုတ်ပါဘူး အန်တီသက်ထား… အခု ကြက်ခြံအတွက် လိုတဲ့ငွေပဲ တောင်းတာ…"

" မင်းတို့လုပ်ငန်းက အောင်မြင်မှာမို့လို့လား… မမရှိတုန်းက လည်း မွေးမြူရေးတွေလုပ် ဘာမှလည်း ဒီလောက် မအောင်မြင်ပါ ဘူး…"

" ဒါကတော့ အမေက ရောဂါဖြစ်လာတာကိုး… မကျန်းမာ လို့ပါ… ကျွန်တော်ကလည်း ဘာမှ နားမလည်တဲ့အရွယ်မို့ပါ…"

အန်တီသက်ထားနှင့် ဖြူပြာတော့ ငွေကြောင့် စကားတွေ ပြောနေကြပြီ။ တကယ်ဆို ဖြူချော မှတ်မိသလောက်က အန်တီ သက်နှင်း လက်ထက်မှာ မွေးမြူရေးလုပ်တာ အတော်ကြီး အောင်မြင် တယ်။ ခုချိန်မှာ ဖြူပြာနှင့် ကိုထင်ရှားအောင် အတူအလုပ်လုပ်ကြ မယ်ဆိုတော့… သူဒီမှာနေရတာ ပိုကောင်းတာပေါ့လေ။

အန်တီသက်ထားကလည်း အမွေခွဲပေးရမှာ ဘာလို ကြောက်နေပါလိမ့်။

" မင်းနာမည်နဲ့ မှတ်ထားပြီး အမွေထဲက နှုတ်မှာနော်…



" ဒါပေါ့…"

နောက်ဆုံး အန်တီသက်ထား ပေးရတော့မှာပေါ့။ ဖြူပြာပဲ ကောင်းပါတယ်… လိုချင်တာရအောင်တောင်းပြီး… သီချင်းလေးဆိုလို့ ထွက်သွားပါပြီ။

" ဟယ်… ကျော်လင်းလေး "

နောက်မှရပ်ပြီး ဖြူချောကို ကြည့်နေတဲ့ ကျော်လင်းလေးကို တွေ့တော့ ဖြူချောက ဝမ်းသာအားရခေါ်တာပါ။

ဖြူချောအတွက် သူတို့တွေဟာ မောင်ညီမလေးတွေပါပဲ…။

" နေကောင်းလား ကျော်လင်းလေး "

" ကောင်းတယ်… ကောင်းတယ်…"

ပြေပြီး ထွက်ပြေးသွားပြီ…။ ငယ်ငယ်ကလိုတော့ ချစ်ခင်မှုတွေ ရှိကြတော့ပါလား။

" မမဖြူချော "

" ဖြူဖွေး "

" မမဖြူပြာနဲ့ ကိုကြီးရှားတို့ ကြက်ခြံကြီးဆောက်မလို့ဆို"

" ဟုတ်တယ် "

" ကောင်းတယ်… ဖြူဖွေးကတော့ ကြက်ဥကြော်စားရမှာမို့ သဘောကျပါတယ် "

" စားရမှာပေါ့ကွယ်…"

" ကြက်သားရော စားလို့ရမလား "

" ဟာ… ဒါတော့ဘယ်ရမလဲ "

" ကိုထွေးနဲ့ ကိုငယ်ကတော့ ရအောင်ခိုးစားမှာပါ…"

ဟိုးအရင်ကဆိုရင် ဖြူပြာက ကြက်ဘဲတွေကို မွေးပြီး

www.burmeseclassic.com

www.burmeseclassic.com



မွေးထားတာဆိုတော့... ကျော်လင်းနဲ့ မော်လင်းက နိုးပြီး သတ်စားလေ့
ရှိပါတယ်...။

ဟုတ်တယ်။ ကိုထင်ရှားအောင်နဲ့ ဖြူပြာ့ကိုတော့ သတိ
မှုပါ။ ကျော်လင်းနဲ့ မော်လင်းကလည်း ခဏခဏဆိုသလို ကြက်
ဘဲတွေ ခိုးပြီး သူငယ်ချင်းတွေနဲ့ ချက်စားတတ်ကြတာ...။ ဖြူပြာရဲ့
ဒေါသတွေကလည်း အမြဲဖြစ်ခဲ့ရတာပေါ့...။

" မမဖြူချော မင်္ဂလာဆောင်ရင် ဒံပေါက်နဲ့ ရေခဲမုန့်တွေ
နော်... ဖြူဖွေးကတော့ အဝစားမှာ... "

ဖြူဖွေးကတော့ ကလေးလေးလိုပါပဲလေ...

ဖြစ်ချင်ရာတွေကို ပြောရဲတာပေါ့...

ဖြူချောနှင့်သူ မင်္ဂလာဆောင်ရင်တဲ့။ ဖြူချောတို့က
တစ်ယောက်နဲ့တစ်ယောက် ခင်ခင်မင်မင်နေရင်း လေ့လာကြတုန်းပါ
လက်ထပ်ဖို့ကတော့ အဝေးကြီးမှာပါလေ။

" ကိုကြီးရှိရင် ကောင်းမှာ... "

" ဒီလိုပေါ့ ဖြူဖွေးရယ်... မမဖြူချောလည်း သတိ
တယ်... ကိုထင်ရှားကိုလည်း ခင်ခင်မင်မင်နေတာ ကိုကြီးဆန္ဒကြော
လည်း ပါပါတယ်... "

" ကိုလေးကလည်း ခြံမှာ မိန်းမယူတော့မှာဆို... မိန်းမယူ
ရင်တော့ ပြန်လာတော့မှာ မဟုတ်ဘူး "

ဖြူဖွေးလေးကမှ စကားပြောရတာကောင်းပါသေးလ
ဖြူပြာပြောသလို ဖြူချောကိုယ်တိုင်က သံယောဇဉ်တွေ များလွန်းနေ
လား မသိပါဘူးကွယ်။

¤ ¤ ¤

အိမ်ကလေးပေါ်ကို ပြောင်းလာခဲ့ပါပြီ။

အိမ်မကြီးပေါ်မှာထက်စာ ပိုပြီး အသက်ရှုချောင်သလို
ပဲ...။ တစ်ခုတော့ရှိတယ်။ ဒီအိမ်ကလေးရဲ့ ဝရန်တာကနေကြည့်ရင်
ချောအခန်းဆောင်က ဝရန်တာကို မြင်နေတယ်...။ သရက်ကိုင်း
တွေက ဝရန်တာဆီးရှိနေပေမယ့် ဝရန်တာမှာ လူရပ်နေရင်တော့
ပြင်ပြင် မြင်ရမှာပါပဲ...။

အိမ်ကလေးမှာ...တစ်ယောက်တည်းနေရမှာကို ပိုလွတ်လပ်လို့
သက်မိပါတယ်။

" ကိုထင်ရှားအောင်... လက်သမားတွေခေါ်လာပြီ "

အခုဆို ကြက်ခြံတွေဆောက်မယ့် နေရာအားလုံး ရှင်းလင်း
ပြီ...။ ထင်ရှားအတွက်က ဒီမြို့မှာ အသိမိတ်ဆွေ ရှိတာမဟုတ်
အားလုံး ဖြူပြာပဲ ဦးဆောင်ပေါ့...။ လိုချင်သည့်အဆောက်အဦး
အတွက် ပြင်ဆင်နေပါပြီ။

" ကိုထင်ရှားအောင်... ဖြူချောတော့ ဈေးသွားပြီ "

" ဟုတ်လား... တစ်ယောက်တည်းသွားတာလား... ဒီလိုမှန်း
ကျွန်တော်လိုက်ပို့ပါတယ် "

" အမလေး... ခုမှ တော်တော်အဖြစ်သည်းနေပါလား "

" သည်းရတယ်လေ... ချစ်တာကို... "

www.burmeseclassic.com

www.burmeseclassic.com



" ဖြူချောမရှိမှ ခင်ဗျား ပြောရဲတာပါ… ဖြူချောရှိရင် ငြိမ်နေရော… ခင်ဗျားလည်း ခုတည်းက… ကြောက်နေရပါရော… ဘယ်တော့လက်ထပ်မလဲ "

" ဖြူပြာကလည်းလေ… ချစ်သူတွေတောင်မှ မဖြစ်သေးတာ"

" ဒါဆိုလည်း ချစ်လျှက် ဟန်ဆောင်မနေနဲ့လေ "

" ဒီလိုပေါ့ ဖြူပြာရယ်…"

အဆောက်အဦးတွေဆောက်ရမယ်… ကြက်ခြံဆိုတော့ လေဝင်လေထွက်က အစ ရောဂါမဝင်အောင်လည်း ဂရုစိုက်ရမှာ… ကြက်ပေါက်လွှေးတွေလည်း မှာထားပြီ…။ အလုပ်တစ်ခုလုပ်မယ်ဆို ဖြူပြာကလည်း သွက်လက်မြန်ဆန်တာပါပဲ။ အဲဒါလည်း ကောင်းပါ တယ်။ ဘာအလုပ်မှမရှိပါပဲ ပျင်းမြိုင်မှာ ထင်ရှား မနေချင်ပါဘူး… ဒေါ်သက်ထားကလည်း… အနောက်ဘက် ဝရန်တာကနေ… ထင်ရှား ရှိရာ အိမ်ကလေးကို လှမ်းအကဲခတ်နေတတ်တာ မြင်နေရတာပါပဲ။

" ဈေးကပြန်လာပြီလား ဖြူချော… ဖြူချော ဈေးသွားမှန်း သိရင် လိုက်ပို့မှာပေါ့…"

" ရပါတယ်… ဈေးကနည်းနည်းလှမ်းတော့ စက်ဘီးနဲ့ သွားတာ "

" နောက်တစ်ခါ ဈေးသွားရင် ကိုယ်လည်းလိုက်မယ် "

" လိုက်ခဲ့ပါ "

" ဘာဟင်းတွေချက်မလဲ ဖြူချော… ကျွန်တော်ရော စားရမလား "

" စားရမှာပေါ့… ဖြူပြာရဲ့… ဖြူချောချက်ပြီး သုံးယောက် အတူစားမယ် "



" ကောင်းတယ်… ဖြူချောလက်ရာက သိပ်ကောင်းတာ…"

ဖြူချောက ထမင်းချက်တဲ့ဆီ လာမကူရဘူးဆိုလို့… အလကားလည်း မနေချင်တာနဲ့… ဖြူပြာရေ ခြံရှင်းဦးမယ်ဆို ပေါက်ပြားတစ်လက်နဲ့ အိမ်ကလေးရှေ့ ထွက်ခဲ့ပါတယ်။

ဒေါ်သက်ထားတစ်ယောက် အိမ်မကြီးရဲ့ အနောက်ဘက် ဝရန်တာကို ရောက်နေပါပြီ…။ ဝရန်တာတွေက ဆွေးမြေ့လွန်းသည့် အနေအထားလည်း မရှိပါပဲ… ကျော့စွာ ဘယ်လိုလိမ့်ကျခဲ့ပါလိမ့်…။

" ဖြူပြာလည်း ကူပါမယ် "

" နေပါစေ… ဖြူပြာရယ်… မင်းထိုင်နေပါ…"

" ဟင့်အင်း… ကိုထင်ရှားခုတ်ထားတဲ့ မြက်တွေ ကျွန်တော် ပုံပေးမယ်…"

ဖြူပြာက ပေါ့ပါးသွက်လက်လွန်းပါတယ်။

" အန်တီသက်ထားတော့ စပ်စုနေပြီ… တော်ကြာမှ အကြောင်း ဘာမှ မသိတဲ့လူကို မိန်းကလေးတွေက ရောလွန်းတယ်… ပြောတော့မှာ…"

" အဲဒါဖြူပြာ့အဒေါ်ပဲ "

" အမေက သူနဲ့လုံးဝမတူဘူး… အေးပါတယ် "

" ဒေါ်သက်ထားက ပူတယ်ပေါ့…"

" ကိုထင်ရှားပြောတာနော်…"

သူတို့ရယ်မိကြပြီ…။ ဇီဇဝါပင်လေးတွေကို မထိအောင် ဂရုစိုက် မြက်ရှင်းရတယ်။ ပန်းပင်လေးတွေကို ချစ်တဲ့ ချစ်သူအတွက် ပန်းဥယျာဉ်လေးတစ်ခုလောက် ပျိုးပေးချင်ပါတယ်။

" ပန်းပင်တွေစိုက်ရမယ်… ဂန္ဓမာတွေ ဒေလီယာတွေ

www.burmeseclassic.com



ဖို့းချင်တယ် ”

ဖြူပြာ ရယ်တယ်။

ဖြူပြာရယ်တဲ့ အဓိပ္ပါယ် ထင်ရှားသိတာပေါ့…။ ချစ်သူကို ချစ်လို့ ချစ်သူအလိုကျ ဖြစ်စေချင်တာပါ။

“ ဖြူပြာ ကိုယ်ချင်းမစာတတ်သေးပါဘူး… ကိုယ်လည်း ဟိုအရင်က ဒီလိုပါပဲ… အချစ်ကြောင့် ခံစားရတဲ့ ခံစားမှုကို မသိ လေတော့ သူငယ်ချင်းတွေကို ရယ်ခဲ့ဖူးတယ်… အခု ကိုယ်တိုင်ခံစား ရတော့ ဖြူပြာလိုပဲရယ်ခဲ့တာ ပြန်သတိရတယ် ”

“ ဟယ်… ကြည့်စမ်း နှစ်ယောက်လုံး မြက်ပေါက်နေကြ တယ်… အလကားပင်ပန်းအောင်… ဟိုးအရင်ကလည်း ခြံရှင်းရ ဖိုးမောင်တို့ ညီအစ်ကိုတွေ ခေါ်ရှင်းလိုက်တာပါ… ဖြူပြာသိသိကြီး ကိုထင်ရှားအောင်ကို တားပါလား အလကားပင်ပန်းအောင်… ”

ဖြူချောကို မော့ကြည့်ရင်း ပြုံးမိတယ်…

အမောပြေတယ် တကယ်…။

ဖြူချော… ထင်ရှားအောင်အတွက် ခုလိုနွေးထွေးတ မိသားစုလေး တစ်ခုလိုချင်ခဲ့တာ။

အချစ်…

အချစ်ဆိုတာ ဒီလိုလား…။ ချစ်သူရှိရာကို တစ်နည်းမဟုတ် တစ်နည်း အရောက်စေလွှတ်ခဲ့တာ… အချစ်ရဲ့ အံ့သြဖွယ် တန်ခိုးတွေများလား။

¤ ¤ ¤

ဖေဖေနဲ့ ကိုကြီးရှိတုန်းကတော့ ဖြူချောချက်ကျွေးတာ ကြိုက်တယ်ဆိုလို့ မီးဖိုထဲ ဝင်တတ်ပါတယ်။ နောက်ပိုင်းတော့… မြို့ပြောင်းတုန်းကလည်း… သူငယ်ချင်း ချက်ကျွေးတာပဲ စားနေလိုက် တယ်။

အခုတော့… သူ့ကို ဖြူချောကိုယ်တိုင် ဖြူချောလက်ရာနဲ့… ဖွယ်ဖွယ်ရာရာ ချက်ကျွေးချင်နေမိပါတယ်။

ဘာလို့လဲ။

တစ်ယောက်တည်း ပြုံးမိတဲ့အပြုံးက ရက်ပြုံးလား…။

“ ဘာဟင်းတွေချက်မလဲ ဖြူချော… ဘာကူညီရမလဲဟင် ”

“ ကိုထင်ရှားအောင်နေပါ… ဖြူချောဘာသာ ချက်မယ် ”

သူအနားမှာရှိနေရင် အချိန်တွေက ပြည့်စုံအေးချမ်းနေသလို ပဲလေ…။

ဟုတ်မှာပါ…။ ဖြူချော ခုချိန် ပျော်ရွှင်နေသလို ခံစားရပါ ...…။

သူ့ကို ဖြူချော ချစ်နေမိတာလား။

“ ဖြူချော ထမင်းဟင်းချက်နေတာကို ကြည့်ရတာ… ယ့်မေမေ ဟင်းချက်နေတုန်းက ထိုင်ကြည့်ခဲ့တာ အမှတ်ရတယ်… နဲ့အမေ မရှိတော့ တစ်ကောင်ကြွက်ဘဝမှာ… အရာအားလုံးက…

www.burmeseclassic.com

www.burmeseclassic.com



မျောက်ကွယ်ဆုံးရှုံးသွားသလို ပါပဲလေ။ ဒါပေမယ့် ဖြူချောကို တွေ့တော့ အားလုံးပြန်လည်ရရှိသလိုပါ…"

ဖြူချောပြုံးနေမိပါတယ်…

ဖြူချောပုံစံက ယုန်ဖြူလေးတစ်ကောင် သိုးငယ်လေး တစ်ကောင်ကို မြင်ရသလို အဲလို ကိုထင်ရှားအောင်က ပြောပါတယ်။ ဖြူချောမျက်ဝန်းလေးတွေမှာ ကြောက်ရွံ့တတ်ပြီး အေးစက်စက် အမူအရာတွေလည်း ရှိသတဲ့။

"ကျောင်းစာက ငါးခူစင်းကောကြိုက်တယ်… ကျောင်းတုန်းက လည်း အမြဲလို ထမင်းဆိုင်မှာ ဝယ်စားကြရင် ငါးခူးစင်းကောပဲ မှာလေ့ရှိတယ်…"

ဖြူချော… ငါးခူတွေကို ဟင်းချက်ဖို့ ပြင်ဆင်နေတာကို ကြည့်ရင်း ပြောပါတယ်။

ကိုကြီး ငါးခူစင်းကောကြိုက်တာ… ဖြူချောလည်း အမှတ်ရ ပါတယ်။

အခုလည်း ချက်ပြုတ်ပြီး ကိုကြီးအတွက်ရည်စူးလို့ ဆွမ်းတော် သွားကပ်ဖို့ ရည်စူးပြီးသားပါ။

"ကိုထင်ရှားအောင်… ဖြူချောကို ရဲယိုရွက်နု ခူးပေးမ လား…"

"သိပ်ရတာပေါ့ဗျာ…"

ကိုထင်ရှားအောင်ကို လွှတ်လိုက်ပြီးမှ ဖြူချော စိတ်ပူသွားပါ တယ်။ ရဲယိုပင်တွေက ဖြူနုနှင့် ဖြူဖွေးအခန်းနားမှာမှ ရှိတာမဟုတ် လား။ ဒါကြောင့် ငါးခူတွေကို သေချာအုပ်ထားခဲ့ပြီး နောက်က လိုက်လာခဲ့ရတယ်။



"ကိုကြီးရှားက ခုတည်းက မမဖြူချောကို ကြောက်နေရပြီ လား… မမဖြူချောခိုင်းတာ လုပ်နေရပြီပေါ့… ဟိုအပေါ်မှာ အရွက်နု လေးတွေခူး… ဟိုးအပေါ်ကခူး…"

ဖြူဖွေးအသံပါလား။

ဖြူဖွေးနှင့်ကိုထင်ရှားအောင် တွေ့နေကြတယ် ထင်ပါရဲ့။ ဒါကြောင့်မို့ ဖြူဖွေးနဲ့ဆို ရန်ဖြစ်စရာအကြောင်း မရှိပါဘူးလေဆို… လှည့်ထွက်မယ်ရှိသေး။

"ဖြူဖွေး… နင်ဘာလုပ်နေတာလဲ… အခုအိမ်ထဲဝင်ခဲ့… မှင့်ကိုလည်း ပြောထားရဦးမယ်… ပျဉ်းမမြိုင်မှာ နေရာတကာမှိုင်တဲ့ ပုံစံမျိုး လာမချိုးနဲ့ နောက် ဒီနေရာကို ဘယ်တော့မှ မလာခဲ့ပါနဲ့… ကျွန်မ အခန်းရှိတာ ရှင်မသိဘူးလား"

"ဆောရီးဗျာ ဆောရီး… ကျွန်တော်က ရဲယိုရွက်ခူးဖို့ပဲ စိတ်ကူးရှိပြီး ခင်ဗျားအခန်းမှန်းလည်းမသိပါဘူး…"

ကိုထင်ရှားအောင်က ခပ်အေးအေး ပုံမှန် ပြန်ပြောပြီး ခူးပြီးသမျှ ရဲယိုရွက်နုတွေကို ယူကာ ပြန်လာခဲ့ပါတယ်။ ဖြူချောကို မြင်တော့ သူ ဘာမှ မဖြစ်ခဲ့သလို ပြုံးပြသေးတာ။

"အရွက်နုတွေက သိပ်မြင့်နေတော့ ရသမျှပဲ ခူးခဲ့တယ် ဖြူချော"

"ခုနက ဖြူနုအသံကြားပါတယ်… ရဲယိုပင်တွေက သူတို့ အခန်းဆောင်မှာ ဆိုတာ သတိရလို့ ဖြူချောလိုက်လာတာ ကိုထင်ရှား…"

"ဘာမှမဟုတ်ပါဘူး ဖြူချောရယ်… ငါးတွေရော… ကြောင်လေးတစ်ကောင် လာလာနေတာ ကျွန်တော်တွေ့ထားတယ်… ကြောင်ကြာ ငါးခူဟင်း မစားလိုက်ရပဲနေမယ်…"

www.burmeseclassic.com

www.burmeseclassic.com



ကိုထင်ရှားအောင်ဟာ သည်းခံနိုင်စွမ်းတော့ရှိပါလား…

ဘာမှမဖြစ်တဲ့ အတိုင်းပါပဲ။

“ ဖြူချောကိုပြောတာ အရေးမကြီးပါဘူး… ကိုထင်ရှားအောင်ကို သူတို့ပြောမှာ စိတ်ပူလို့ ဖြူချောလိုက်လာတာ ”

“ စိုးရိမ်တယ်ဆိုတာ အချစ်ရဲ့ အပိုင်းအစဆိုတာ သေချာတယ်နော် ဖြူချော ”

သူ့အပြုံးက ရင်ခုန်စရာပါလား။

စိုးရိမ်တယ်ဆိုတာ အချစ်ရဲ့ အပိုင်းအစတဲ့လား။ ရှင့်ကို စိုးရိမ်ပူပန်တယ်ဆိုတာ ရှင့်ကိုချစ်လို့ပေါ့…။ ဒါတော့ဟုတ်မှာပါ…။ ရှင့်ကို ဖြူချောချစ်တယ် ဟုတ်ပါတယ်… ဒါပေမယ့်… ရှင်ကရော… ပြီးတော့ ခေါင်းညိတ်ဝန်ခံလိုက်ဖို့လည်း မဝံ့ရဲပါ…။

“ ကျော့စွာကပြောဖူးတယ်… သူ့မှာ ညီမလေးတစ်ယောက်ရှိတယ်… သိပ်ချစ်စရာကောင်းတာပဲ… ယောက်ဖတော်ချင်တယ်တဲ့… အဲဒီတုန်းကတော့ ကျော့စွာ့စကားကို ရယ်ပဲနေခဲ့ပြီး… မလာခဲ့မိဘူး… အခုမှ လာရတယ်လို့ပဲ… စောစောလာခဲ့မိရင်…”

ဖြူချော မျက်လွှာလေးချပြီး ငြိမ်နေရပြီ။

“ ဖြူချောကို ချစ်တယ်… သိပ်မြန်ဆန်တယ်လို့ ဖြူချော ယုံကြည်နိုင်ဦးမယ် မထင်ပါဘူး… ကိုယ်လည်း ရင်ထဲမှာ အချစ်ကို တွေ့ခဲ့တာ ဖြူချောငိုနေတာလေး ကြည့်ပြီးတော့ပါ… ဒါကြောင့်လည်း… ကိုယ်ဒီမှာအလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့တာ… ဖြူချောကို ချစ်တယ်… ကျော့စွာသဘောတူလို့ မဟုတ်ပါပဲ ကိုယ့်အချစ်ကြောင့် လက်ထပ်ချင်ပါတယ်… ဒါကြောင့် ဖြူချောလည်း ကိုယ်နဲ့ပတ်သက်ပြီး ချစ်နိုင် မချစ်နိုင် စဉ်းစားပေးနော် ”



“ ဖြူချော စဉ်းစားမှာပါ…”

“ ဟယ် ဟိုမှာကြောင်ကလေး ”

ငါးခူတွေကို အုပ်ထားခဲ့ပေလို့သာပေါ့။ ကြောင်ဝါကလေး တစ်ကောင် ရောက်နေပါလား… အရင်က မတွေ့ဖူးပါဘူး…။ ပျဉ်းမမြိုင်ခြံထဲကို ကြောင်ကလေးတွေ တစ်ကောင်မှ လာလေ့မရှိပါပဲနဲ့…။ မလာတာလည်း ကောင်းပါတယ်… တော်ကြာ အသတ်ခံနေရဦးမယ်။

“ ကြောင်ကလေးပါလား… ဒုက္ခပဲ… ဘယ်ကရောက်လာတာပါလိမ့်…”

“ ကြောင်လာတာပဲ လာပါစေ ဖြူချောရယ်…”

“ ကြောင်လေး ဒုက္ခရောက်မှာ စိုးရိမ်လို့ပါ ”

“ ကြောင်က ကိုယ့်အိမ်မှာနေတာ ဘာဒုက္ခရောက်မှာမို့လဲ…”

“ ကျော်လင်းနဲ့မော်လင်းက ကြက်တွေဘဲတွေတင် သတ်စားတာ မဟုတ်ဘူး… ကြောင်တွေလည်း သတ်သတ်စားတယ်… တော်ကြာ သေနေမှာ စိုးရိမ်လို့ပြောတာပါ…”

“ ခေါ်သက်ထားက သားတွေကို အလိုလိုက်ပုံရတယ် ”

“ ဖေဖေဆုံးတော့ ကိုကြီးကိုတောင် သူတို့က သိပ်မကြောက်ချင်ဘူး ကိုထင်ရှားအောင်ရဲ့… အန်တီသက်ထားက ချစ်လို့အလိုလိုက်တာက များနေတယ်လေ…”

ငါးခေါင်းလေးတွေ ငါးရိုးလေးတွေစားနေတဲ့ ကြောင်ကလေးက ချစ်စရာလေးပါပဲ။ ခေါ်ထားရလည်းအခက် မောင်းထုတ်ဖို့လည်း လုပ်ရက်။

“ ဖြူချော ဟင်းချက်အရမ်းကောင်းတာပါလား… ဟင်းတွေ

www.burmeseclassic.com

www.burmeseclassic.com





အားလုံးမှာ အချစ်ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ်
ထည့်ချက်ထားတာကိုး ”

ဖြူချောပြုံးရပါပြီ။

ဟင်းတစ်အိုးအတွက် အချစ်က ဟင်းခတ်အမွှေးအကြိုင်တဲ့
လား...။ ဒီဟင်းလောက်ကောင်းသောဟင်း ဘယ်မှာရှိတော့မှာလဲ...။

☐ ☐ ☐

အချစ်ဆိုတာ တကယ်ဆန်းကြယ်ပါတယ်။

ထင်ရှားအောင်လိုက်မမီအောင်ပါပဲ ဖြူချော။

ကျော်စွာဆုံးပြီဆို ရန်ကုန်ပြန်ပြေးမယ့် ထင်ရှားအောင်ကို ဘွဲ့မမြိုင်ခြံထဲ တွန်းပို့ပေးခဲ့တယ်။ အချစ်နားကမခွာနိုင်စွာ... ဘွဲ့မမြိုင်မှာ ထင်ရှားအောင်ရှိနေခဲ့ရပြီ။

ဘကြီးကတော့ ဖုန်းထဲမှာ... ခဏတောင် ပြန်မလာနိုင်ရ ကောင်းလား အပြစ်ပြောပါတယ်။ ဟုတ်လည်းနေတာပါပဲ။ လုပ်ငန်းတွေကို ခေတ္တလွှဲခဲ့တာ... တစ်ခါတည်း ပြန်မလာတော့ ပြောတော့မှာပေါ့...။

“ ညောင် ”

ခြေထောက်ကို ပွတ်သတ်လာတဲ့ ကြောင်ကလေးကို တွေ့ရပြီး

ဖြူချောပြောတာ အမှတ်ရမိပါပြီ။

“ မင်းလျှောက်သွားမနေနဲ့နော်... လူတွေဆိုတာ အမျိုးမျိုးရှိတယ်... ကြင်နာတတ်တဲ့ လူရှိသလို... ရက်စက်တတ်တဲ့ လူရှိတယ်... သိလား...”

“ ညောင်...”

မော့ကြည့်နေတဲ့ ကြောင်တလေးရဲ့ မျက်ဝန်းလေးတွေက...

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားအောင် ပြောတာကို နားလည်သယောင်။

“ ကိုထင်ရှားအောင် ဘယ်သူရှိလဲ... ဖြူဈေးရှိလား ”

“ မရှိပါဘူး ဖြူပြာ... ဒီမှာလေ ကျွန်တော် စကားပြောနေတဲ့သူ ”

“ ကြောင်နဲ့များ စကားပြောနေရတယ်လို့ဗျာ... အင်းလေ... ကျွန်တော်လည်း ဒီလိုပါပဲ... ဆိတ်ကလေးရှိတုန်းက အမေ့ကို ပြောချင်တဲ့စကားတွေ ဆိတ်ကလေးနဲ့ စကားပြောရတယ် ”

ဖြူပြာက ဝရန်တာလက်တန်းပေါ်မှာ တက်ထိုင်နေပါတယ်။ ထင်ရှားအောင်နဲ့ အတော်ကြီးလှမ်းပါတယ်။ ဖြူပြာက ယောက်ျားလေး ဆန်ပေမယ့် နေတာထိုင်တာမှာ ဣန္ဒြေရရလေးပါ...။ ရင်နှီးအရောဝင် လောက်အောင်မနေ။ သူ့ပုံစံကကြမ်းပေမယ့်... ထိန်းသိမ်းသင့်တာ ထိန်းတဲ့ မိန်းကလေးပါပဲ...။

“ ကျွန်တော်က အမေ့ကို ပိုချစ်တယ်... ဒါကြောင့်လည်း အမေမရှိတော့ ကမ္ဘာကြီးတစ်ခုလုံး ပျောက်သွားသလိုပဲ... ဖြူဈေးက တော့ ကိုကြီးဆုံးတာ ကမ္ဘာကြီးလည်းပျောက်သွားရော... ကိုထင်ရှား အောင်နဲ့ တွေ့ရတယ်... ဖြူဈေး ကံကောင်းပါတယ်... ”

“ ဖြူပြာလည်း တစ်နေ့ ဘဝခရီးဖော်တွေ့မှာပေါ့... ”

“ မထင်ပါဘူး... ကျွန်တော်က သိပ်လည်းမချစ်တတ် သလိုပါပဲ... ကြောင်ကလည်း ကိုထင်ရှားအောင်ကို ခင်နေပါရော လား... ဒါပေမယ့် ဒီခြံမှာနေရင် သေဖို့က တစ်ဝက်နီးနေပြီ... ”

ကြောင်ကလေးကလည်း ထင်ရှားအောင်ကိုပဲ ကပ်နေပါ တယ်။

“ နင် အဲဒီမှာ ဘာလုပ်လုပ်နေလဲ... ကျော်လင်း ”



“ ငါ့ဘာသာ ဘာလုပ်လုပ် ”

“ အငယ်ကများ စကားပြောတာ... ငါ့ဆိတ်ကလေး ခြေကျိုးထားတာ မမေ့သေးဘူး... ငါ့ဒေါသဖြစ်လာရင် နင့်ခြေထောက် ကို ရိုက်ချိုးပစ်မယ် ဘာမှတ်လဲ ”

ကျော်လင်းက ဖြူပြာကိုတော့ အများကြီးလန့်ပုံရပါတယ်။ ကျေမချမ်း ကြည့်ပြီး ထွက်သွားပါပြီ...။ အိမ်ကလေးဆီ လျှောက်လာ နေသော ဖြူဈေးနှင့် ကျော်လင်း ဝင်တိုက်မိသလို ဖြစ်သွားသေးတယ်။

“ ဖြူပြာရေ... ကျော်လင်းလေးနဲ့ ရန်ဖြစ်ပြန်ပြီလား ”

“ ဆိတ်ကလေးလို ခြေထောက်ရိုက်ချိုးပစ်လိုက်မယ်လို့ ပြောလိုက်တယ် ”

“ ဖြူပြာကလည်းလေ ”

“ ကလေးပဲ... အငယ်ပဲ... ခွင့်လွှတ်လိုက်ပါ... ကျန်းမာရေး လည်း မကောင်းဘူးဆိုပြီး ဖျောင်းဖျဦးမယ် မဟုတ်လား... ဖြူဈေးက တော့ စိပါပဲ... ”

ဖြူဈေးပြုံးနေပါတယ်... သူပြောမှာတွေကို ကြိုပြောနေတာကို သဘောကျနေတယ်။ ဖြူပြာမှာထားတဲ့ သစ်တွေ ထပ်ရောက်လာလို့ဆို သွားကြည့်ကြပါတယ်။

“ ကျော်လင်းလေး... ဘာလို့သစ်ပင်ပေါ်တက်နေရတာလဲ... ဆင်း... ဆင်း... လိမ့်ကျမယ်... ”

ဖြူဈေးက ကျော်လင်းသစ်ပင်ပေါ်တက်ထိုင်နေတာတွေ့လို့ သွားခေါ်တယ်။

“ ဖြူဈေးကလည်းလေ... အထူးအဆန်းလုပ်လို့... သူ နေချင်သလိုနေနေတာ သွားပြောမနေနဲ့ ”

www.burmeseclassic.com

www.burmeseclassic.com



" လိမ့်ကျမှာစိုးလို့ပါ ဖြူပြာရယ်…"

" မကျပါဘူး…"

ဖြူပြာကပြောတာတောင် ဖြူချောကတော့ ကျော်လင်း… လှည့်တကြည့်ကြည့်ဖြစ်နေပါသေးတယ်။ ဖြူချောက သံယောဇဉ်ကြီး… တာပဲ။ သံယောဇဉ်များတဲ့ ကောင်မလေးရဲ့ အချစ်ကို ရတဲ့လူက… သိပ်ချစ်တတ်တဲ့ ချစ်သူကို ရတဲ့သူပဲ ဖြစ်မယ်လို့တွေးမိတာပေါ့…

" ကိုထင်ရှားအောင် လိုချင်တဲ့ ပန်းမျိုးစေ့တွေလည်း… ကျွန်တော် မှာထားပါတယ်… ဖြူချောကို ပန်းစံအိမ်ထဲမှာ ထားမယ်… ထင်ပါရဲ့…"

" ချစ်သူစိတ်ချမ်းသာဖို့ ချစ်သူအလိုကျ ဖြစ်စေချင်တာပါ…

ဖြူပြာရယ်နေတော့ ဖြူချောရဲ့ ရှက်ပြုံး…။

ဖြူပြာက သစ်လာပို့တဲ့ လူတွေနဲ့ စကားပြောနေပါတယ်… ဖြူပြာရှိနေလို့လည်း ဒီအလုပ်တွေ ထင်ရှားအောင် ရှယ်ယာဝင်… မိတာပါ။ ကိုယ့်ဘာသာဆို ဒီမြို့မှာ… ဘယ်နေရာ ဘာရှိမှန်းအော… သိမှာ မဟုတ်ပါ။

" ကိုထင်ရှားအောင်ကို ကျေးဇူးတင်ပါတယ်… ခင်ဗျားနဲ့… လည်း… ဒီအလုပ်ကို အမြန်ဆုံး စဖြစ်သွားတာပါ… တစ်ယော… တည်းဆို အမျိုးမျိုးသော အတွေးတွေနဲ့ မဝံ့မရဲ ဖြစ်နေခဲ့တာ…

" ကိုယ်ကလည်း ဖြူပြာ့ကြောင့်သာ အလုပ်ထဲဝင်လိုက်… ပါ… မြို့ခံလည်းမဟုတ်တော့ ဘာမှလည်း မစီစဉ်တတ်ပါဘူး… ပြီးတော့ အလုပ်ရှိတော့ ဖြူချောနဲ့လည်း နီးနီးကပ်ကပ်နေရတာ… ပေါ့…"

" ဖြူချောကလည်း… ကိုထင်ရှားအောင်ကို အန်တီသက်…



ပြောလို့ မရအောင် ကူညီတဲ့ ဖြူပြာ့ကို ကျေးဇူးတင်ပါတယ်…"

" နှစ်ယောက်လုံးက ကျေးဇူးတင်ရင် ကြက်ခြံက ပထမဆုံး ဥတဲ့ ကြက်ဥကို ကြော်ကျွေးပေါ့ "

ဖြူပြာကတော့ ပျော်ပျော်ပါပဲ။ ဒါသတွက်ရင်လည်း ဒီကောင်မလေးက လွယ်တာမဟုတ်။ ဖြူချောကတော့ ပြုံးလို့။ အဲဒီအပြုံးလေးမှာ ထင်ရှားအောင် ပျော်ဝင်နေပြီထင်ပါရဲ့…။ သိပ်ချစ်မိတယ် ဖြူချော။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

ဖြူပြာက အလုပ်မှာတော့ ဝီရိယရှိလှပါတယ်။ ငွေကြေးအ… တော့ ဖြူပြာနဲ့ထင်ရှားအောင် တစ်ယောက် တစ်ဝက် ရှယ်ယာခွဲထ… တာပါ…။ အလုပ်ကတော့ ထင်ရှားအောင်ထက်တောင် ဖြူပြာ… ပိုသွက်လက် အပင်ပန်းခံနိုင်လွန်းပါတယ်။

ကြက်ခြံတွေရဲ့ သန့်ရှင်းရေးကို ဖြူပြာတစ်ယောက်တည်… အပင်ပန်းခံလွန်းလို့ နောက်ဆုံးတော့ ဖိုးပိန်ကို နေ့စားနဲ့ ငှားထ… တယ်…။

"ကျွန်တော် ခုလိုမျိုး မွေးမြူရေးခြံတစ်ခြံဖြစ်အောင် လုပ်နိုင်… စိတ်ကူးခဲ့တာကြာပြီ… ကိုထင်ရှားအောင်ကြောင့်သာ ဖြစ်လာရ… ပါ…"

"ဒီလိုပေါ့ ဖြူပြာရာ… ကိုယ်တို့တွေဟာ ရေစက်ရှိ… ဆုံကြရတာပါ…"

ကြက်စာဝယ်သွားတာပဲဖြစ်ဖြစ်… ဈေးသွားတာပဲဖြစ်… အဆင်ပြေအောင် ဆိုပြီးတော့… ထင်ရှားအောင် ဆိုင်ကယ်တ… ဝယ်ထားလိုက်ပါတယ်။

အခုဆို ဒီမြို့လေးနှင့်လည်း ရင်းနှီးကျွမ်းဝင်နှံ့စပ်နေပ… ဖြူပြာနှင့် တစ်ယောက်တစ်လှည့် ဈေးဝယ်ထွက်ကြပါတယ်။

ဒီအိမ်လေးမှာ… တစ်ယောက်တည်းနေရတာ လွတ်…



…ပေါ့ပါး နေသလိုပါ…။

"ဒီမှာ…"

"ဪ… မောင်ကျော်လင်း… လာလေ… အိမ်ပေါ်တက်"

"မတက်ပါဘူး…"

"ဒါဆိုကိစ္စရှိလို့လား…"

"မရှိဘူး…"

မရှိဘူးသာဆို အိမ်ရှေ့တည့်တည့်မှာရပ်ပြီး ကြည့်နေတော့ …ဘာ…။ အိမ်ပေါ်တက်ဆိုလည်း မတက်ဘူး။

"ခင်ဗျားကိုမေးစရာရှိတယ်"

"မေးလေ"

"ခင်ဗျားအိမ်ကို ခင်ဗျား ဘယ်တော့ပြန်မှာလဲ…"

ကျော်လင်းလေးဟာ တကယ်ဆို ထင်ရှားအောင်ထက် …များကြီး ငယ်တာပါ…။ ဒါပေမယ့်… မကျန်းမာလို့ဆို… ခွင့်လွှတ်ရ …ပေါ့လေ…။ ခုပဲကြည့်… ဒီလိုမေးတာ ထင်ရှားအောင်ကို ပြန်စေချင် …လို့ဆိုတဲ့ သဘောက အသိသာကြီး မဟုတ်လား။

"ကိုယ် အလုပ်လုပ်နေတာ… ပြီးတော့ ဖြူချောနဲ့…"

"ကိုကြီးကျော်စွာ ပြောချင်ရာပြောတဲ့စကားကို အတည်ယူနေ …တာလား… မမဖြူချောကို… ကိုကြီးမင်းမင်းနဲ့ပဲ… လက်ထပ်ခိုင်းမှာ"

မင်းမင်းဆိုတာ…။

ကျော်လင်းကတော့ ဖြူချောကို မင်းမင်းနှင့် လက်ထပ်ခိုင်း …တဲ့။

"ဖြူချောလက်ထပ်မယ့်လူကို ဖြူချောဘာသာ ရွေးချင်ရင်တော့ …သူ့ဘာသာ ရွေးပါလိမ့်မယ်…"

www.burmeseclassic.com

www.burmeseclassic.com



" ကိုကြီးမင်းမင်းကို မမဖြူချောက လက်ထပ်မယ် ပြောပြီး သား ခင်ဗျားပြန်သင့်ပြီ…"

ပြန်သင့်ပြီတဲ့။

ဒီကိစ္စက ဖြူချောနှုတ်ဖျားကပြောတာမဟုတ်ရင် ယုံကြည်စရာ မရှိပါဘူး။

" ခင်ဗျားက မမဖြူချောကိုမရလည်း မမဖြူပြာကို ယူမှာပဲ မဟုတ်လား… မမဖြူချောရမယ့် အမွေနဲ့… မဖြူပြာရမယ့် အမွေဆို မဖြူပြာကို ပိုလိုချင်…"

" မောင်ကျော်လင်း… မင်းက ငါ့ထက် အများကြီးငယ်ပါ တယ်… မဟုတ်တာတွေ မပြောပါနဲ့…"

" ကျော်လင်း… နင်ဒီမှာ ဘာလုပ်နေတာလဲ "

ဖြူပြာ့အသံကို ကြားလိုက်ရတယ်။

ကျော်လင်းမျက်နှာက ချက်ချင်း ဖေါ်သတွေ ပြင်းထန်လာ သလိုပါပဲ။ ဖြူပြာ့ကို မကျေမချမ်းကြည့်ပြီးတော့ ထွက်သွားပါပြီ။ ထင်ရှားအောင်တော့ သက်ပြင်းရှိုက်ရပါပေါ့…။

" ဖြူချောနဲ့ ကိုမင်းမင်းဆိုတဲ့လူက လက်ထပ်ဖို့ပြောပြီးသား ကျွန်တော့်ကို ပြန်ပါလို့ပြောတာပါ…"

" ဖြူချောနဲ့ မင်းမင်းနဲ့…"

" ဟုတ်တယ်…"

" မင်းမင်းက… အနီးတီသက်ထားတူပါ… ကျွန်တော် တောင် အမျိုးစပ်လို့ မရပါဘူး… ဖြူချောကို မင်းမင်းက နှစ်သက် တာတော့ အမှန်ပါပဲ… ဒါပေမယ့် ဖြူချောက သဘောမတူပါဘူး ကိုကြီးကျော်စွာ ကိုယ်တိုင်ကလည်း… မင်းမင်းကို သဘောမကျ



လေ… ကျောင်းလင်းပြောတာများ စိတ်ထဲထည့်လို့ ကိုထင်ရှားအောင် ယ်… သူ့ကဦးနှောက်ထိထားပြီး… စိတ်ထင်ရာလျှောက်ပြောနေတာ ါ… ဖြူချောကိုမေးကြည့်… ရယ်တောင်ရယ်ဦးမယ်…"

" အင်းလေ… ဖြူချောက အဓိကပါ… ဖြူချောရွေးချယ်ဖို့ပဲ ိုပါတယ်… ကျွန်တော့်ကိုလည်း ဖြူချောနှစ်သက်မှသာ…"

" ဘာလဲ… ဖြူချောနှလုံးသားက နှစ်နှစ်ခြိုက်ခြိုက်ချစ်တဲ့ အချစ်စစ်ကိုပဲ လိုချင်တယ်ဆိုပါတော့…"

ထင်ရှားအောင်ပြုံးနေလိုက်ပါတယ်…

ဝန်ခံတယ်လို့ပဲ ဆိုရပါမယ်။

ဖြူချောနှလုံးသားမှ သိပ်ချစ်တဲ့ အချစ်စစ်ကိုသာ လိုချင်တာ ါ။

ပျဉ်းမမြိုင်မှာတော့ ခုလောလောဆည် အဆင်မပြေတဲ့လူက ျားနေတာ။ ဖြူချောနှင့်လက်ထပ်ပြီးရင်တော့ တစ်မျိုးပေါ့။ ချောကိုချစ်သော အချစ်နှင့် အရာရာချောမွေ့အောင် ကြိုးစား ရမှာပါပဲ။

¤ ¤ ¤

www.burmeseclassic.com

ဘုရားပန်းလဲမယ်လို့ ဇီဇဝါပန်းတွေ ဆင်းခူးနေမိပါတယ်။ ကျောင်းပိတ်ရက်မှာမှ ဖြူချောလည်း အိမ်အလုပ်ကို အနည်းအပ ကူနိုင်တာပါ။ ပျဉ်းမမြိုင်မှာက အဖော်လည်း များများစားစားရှိတာ မဟုတ်။ ရှိတဲ့လူတွေက မီးဖိုထဲမှာ… ချက်ရပြုတ်ရ အန်တီသက်ထား တို့ အဝတ်တွေလျှော်ရ မီးပူတိုက်ရနဲ့ အမြဲမအားနိုင်ကြပါဘူး။

ဘယ်သူကမှ ဘုရားခန်းရဲ့ ဝေယျာဝစ္စကို တာဝန်မယူချင်ဘူး လေ…။ အဲဒါက ဖြူချောအလုပ်လိုကို ဖြစ်နေတော့တာပါ…။

“ မမဖြူချောတို့က ဘယ်လိုလဲ…”

“ ဘာလို့လဲ ဖြူနုရဲ့…”

“ ဟိုလူနဲ့ မမဖြူချော လက်ထပ်ကြမှာလား…”

ဘာလို့ပါလိမ့်။ အန်တီသက်ထားကများ ဖြူနုကို တဆ မေးခိုင်းသလား။

“ ဘာကြောင့်လဲ… ဒါက မမဖြူချောရဲ့ ကိုယ်ရေးကိုယ်တာ ပါ…”

“ ပျဉ်းမမြိုင်မှာ လူစိမ်းတစ်ယောက်ရှိတာ မကြိုက်ဘူး… မမဖြူချောမှာ ကိုမင်းရှိတာပဲ ”

“ အိုး… မင်းမင်းက ဘာဆိုင်လဲ… မင်းမင်းကို မင်း အစ်ကိုဝမ်းကွဲမို့ မောင်နှမစိတ်ပဲရှိတာ ”



“ ဒါဆို ဒီလူကရော…”

“ သူက ကိုကြီးကိုယ်တိုင် သဘောတူခဲ့တာ ”

“ ကိုကြီးကျော်စွာ သဘောတူတာ မတူတာ မဆိုင်ပါဘူး… မမဖြူချော ကြိုက်မှ ဖြစ်တာပါ… ဘာလဲ မမဖြူချောကပါ ဒီလူကို ကြိုက်နေလို့လား…”

မျက်နှာအမူအရာက ဒေါသတွေများလိုက်တာ။ ဖြူချော စိတ်မှာ မကြည်မလင် ဖြစ်ရပါတယ်။ ဘာကယ်ဆို ဖြူနုက အငယ်ပဲ။ အငယ်တစ်ယောက်က ဖြူချောရဲ့ ကိုယ်ရေးကိုယ်တာကို ဘာမှ ဝင်ပါစရာအကြောင်းမရှိပါဘူး…။

“ မကြိုက်ရင်လည်း ပြန်ခိုင်းလိုက်ပါ…”

“ ဒီမှာ ဖြူနု… သူ့ကို ကိုကြီးသဘောကျတယ်ဆိုပေမယ့်… သူနဲ့ဖြူပြာက မွေးမြူရေးအလုပ်တွေလုပ်နေကြတာ… သူ့ကိုပြန်ခိုင်း လိုက်ပါလို့ ဖြူချောကို လာပြောနေမယ့်အစား ဖြူပြာ့ကိုသာ သွားပြောလိုက်ပါ ”

ဖြူနုလှည့်ထွက်သွားပါပြီ။ ဖြူပြာ့ကို သူဘယ်ပြောရဲပါ့မလဲ။

သူတို့ ဖြူချောကိုကျတော့ သိပ်နိုင်စားကြတာပါပဲ။ ဖြူချောက ကြောက်လို့ ဘာမှမပြောရဲဘူးမဟုတ်လား။

ဖြူပြာကတော့ စွာလည်းစွာ စကားလည်း ပြောတတ်တယ် လေ။

“ ဖြူချော… ခင်ဗျားပန်းခူးပြီးရင် ကျွန်တော်နဲ့လိုက်ခဲ့ပေး ပါဦး… ကိုထင်ရှားအောင် မြို့ထဲသွားလို့ သူ့အိမ်ထဲ ကြက်စာအိုး ခင်ယူချင်လို့ပါ…”

ပန်းတွေကို ဆိုပုံးထဲ ထည့်ထားခဲ့ပြီး… ဖြူပြာနှင့် လိုက်လာခဲ့မိ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ စိတ်ထဲမှာ မကြည်လင်ပါဘူး။ ဖြူနုတို့ ဘာဖြစ်နေကြတာလဲ...။

" ဖြူချော ဘာဖြစ်နေလဲ "

" ဘာမှမဖြစ်ပါဘူး..."

" ဟန်မဆောင်စမ်းပါနဲ့... ဟန်ဆောင်တာကို ကျွန်တော် အမုန်းဆုံးပါပဲ... ပြောစမ်းပါ ကျွန်တော်သိချင်တယ် "

ခုနက ဖြူနုနှင့် အဆင်မပြေတာကို ပြောပြလိုက်ပါတယ်။

" နေပါဦး... သူတို့က ဘာဖြစ်နေကြတာလဲ... ခုမှ မင်းမင်း... မင်းမင်းဖြစ်နေကြပါလား... ကောင်းပါတယ်... ဖြူချော ခုနက ပြောသလိုသာ အားလုံးကို ပြောလိုက်... ထင်ရှားအောင် ဒီခြံမှာ ရှိနေတာကို ပြောချင်ရင်... ဖြူပြာနဲ့သွားပြောလို့သာ... ဖြူချောကိုဆို သူတို့က နိုင်နေကျလေ..."

" မင်းမင်းကို ကိုကြီးကျော်စွာ တစ်ခါ စကားပြောပြီးတည်းက သူလည်းသိပ်တောင်မလာရဲပါဘူး.... သူတို့ ခုမှ ဘာလို့ မင်းမင်း ဖြစ်နေလဲ... မင်းမင်းကို ဖြူချောမချစ်ပါဘူး..."

" ကိုထင်ရှားအောင်ကိုရော..."

" ဟယ်... ဖြူပြာရယ်..."

ဖြူပြာက ရယ်နေတော့တာ။ အိမ်ကလေးက ခုတော့ သန့်ရှင်းလို့...။ ဖြူပြာက ဟိုးအနောက်ဘက်ထဲက ကြက်စာအိတ်တွေ သွားယူနေပါတယ်...။ ကိုထင်ရှားကလည်း မင်းမင်းအကြောင်း သိနေပြီတဲ့။ ကျော်လင်းလေးနဲ့ မော်လင်းလေးက နည်းနည်းကြီးလာတော့... ချစ်ခင်ကြင်နာမှုနည်းပြီး စိမ်းသလိုပါပဲ။

" သွားစို့... ဖြူချော... ရပြီ "



ဖြူပြာက ကြက်စာအိတ်ကြီး ပခုံးပေါ်ထမ်းလို့။ ဒီကောင်မလေးဟာ ကြမ်းလည်းကြမ်းပါလေရဲ့...။ ခုလိုမျိုးမြင်ရတော့ ဖြူချော စိတ်မကောင်း။

" ခုလို အလေးအပင်တွေမမယ်ဆို ကိုထင်ရှားအောင်ရှိမှ မပါစေလား... ဒါမှမဟုတ် ဖိုးပိန်တို့ကို ခိုင်းပေါ့ ဖြူပြာရယ်..."

" လူရွေးနေလို့ဘယ်ရမလဲ ဖြူချောရဲ့ ကိုထင်ရှားရှိရင်လည်း အလုပ်မရွေးပါဘူး... ဖြူချောလူ ပင်ပန်းမှာ မစိုးရိမ်ဘူးလား "

" အလုပ်လုပ်ကြတာပဲ... ပင်းပန်သင့်သလောက်တော့ပင်ပန်းမှာပေါ့... ပင်ပန်းသမျှ တစ်နေ့ အသီးအပွင့် ခံစားရမှာပဲလေ "

" ဖြူချောက ကိုထင်ရှားအောင်အပေါ် နားလည်ပေးနိုင်တာပဲ... တော်တယ်ဗျာ..."

ဖြူပြာ ကြက်စာကျွေးဖို့ ပြင်ဆင်တဲ့ အနားမှာ စကားလိုက်ပြောနေမိပါတယ်။ အခုအချိန်မှာတော့ ဖြူပြာနဲ့ ဖြူဖွေးသာ ဖြူချောအပေါ် ရင်းနှီးခင်မင်မှု ရှိတော့တာပါလား။ မော်လင်းလေးကလည်း မခင်မင်တော့ဘူး ကျော်လင်းကတော့ မကျန်းမာတော့လို့ သွားပါ။ ဖြူနုနှင့်ကတော့ ဝေးပါပြီ။

" ကိုထင်ရှားအောင်ကို ကိုကြီးကျော်စွာရွေးချယ်ခဲ့တာ မှန်တယ်... ကျွန်တော့်အတွက်တော့... အစ်ကိုအရင်းတစ်ယောက် လိုပါပဲ... ဖြူချောအတွက်လည်း ခင်ပွန်းကောင်းတစ်ယောက် ဖြစ်မှာပါ..."

ဖြူပြာ အဲလိုပြောတော့ ဖြူချော ကြည်ကြည်နူးနူး ပြုံးမိပါတယ်။

သူဟာ ဖြူချောအတွက် ခင်ပွန်းကောင်းတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာတဲ့လား။

ဟုတ်မှာပါ။

ဖြူချောကိုယ်တိုင်လည်း သည်သို့ ယုံကြည်ပါတယ်။ ကိုကြီးကလည်း ယုံကြည်လို့သာ... သူ့သူငယ်ချင်းနှင့် ဖြူချောတို့ သဘောတူထားခဲ့တာ နေမှာပါ။

သူနှင့်အတူဆိုရင် ဖြူချောရဲ့ အနာဂတ် လှပသာယာမှု အပြည့်ရှိမည်လို့... ယုံကြည်မိပါပြီ။

¤ ¤ ¤

ဖြူချောတို့ ကျောင်းကလေးဆီ သွားကြိုချင်ပါတယ်။

ဒါပေမယ့် ဝယ်ထားတဲ့ ပစ္စည်းတစ်ချို့လည်း ပါနေတာမို့... လမ်းသွယ်လေးထဲထိ မဝင်တော့ပဲ လမ်းမကပဲ ရပ်စောင့်နေလိုက်တယ်။ ဒီနေ့ ဆိုင်ကယ် ယူမလာမိပါဘူး။ အေးအေးဆေးဆေး လမ်းလျှောက်ချင်တာမို့ပါ...။ ကျောင်းလွှတ်နေပြီလေ...။ ကလေးတွေပြေးလွှား ပျော်ရွှင်စွာ လမ်းသွယ်လေးထဲက ထွက်လာနေပါပြီ။

ဆရာမရဲ့ ခြေတစ်လှမ်း ကုဋေတစ်သန်းသော ကြာရွှေတွေကို စောင့်ကြည့်ရင်ခုန်နေရဆဲ။

" ကိုထင်ရှားအောင် မြို့ထဲလာတာလား..."

" ဟုတ်တယ်... လိုတဲ့ ပစ္စည်းလေးတွေ လာဝယ်တာပါ..."

" ဘာပစ္စည်း ကူဆွဲပေးရမလဲ "

" နေပါစေဗျာ... ချစ်တဲ့သူ လက်ဖဝါးနုနု သွေးခြည်ဥ ခံနိုင်ပါဘူး..."

ဖြူချောအပြုံးက တကယ်ချစ်စရာပါပဲ။နှစ်ယောက်အတူ လျှောက်လာခဲ့တယ်။ ရာသီဥတုက အအေးဓာတ်ရှိပေမယ့် သိပ်တော့လည်း... မအေးလှပါဘူး။

" ဖြူချောအတွက် ပျိုးထားတဲ့ ဒေလီရာလေးတွေ အဖူး ထိုးကနေပြီ "

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် မနက်က ဖြူချောတွေ့တယ်... အခုဆို ဖြူပြာ တိရစ္ဆာန်တွေ နှိပ်စက်စရာလည်း မရှိတော့ ပန်းပင်လေးတွေ ပြန်ပြီး စိုပြည်လာတာပေါ့..."

" သူ့ရဲ့ဆီကို... သဇင်ဥတွေ လှမ်းမှာထားတယ်... လူ ကိုယ်တိုင် လာပို့ပေး တွေ့ချင်တယ်လို့ ပြောထားတယ်... ပျဉ်းမမြိုင်မှာ ကျွန်တော်လာနေတာတောင် ဒေါ်သက်ထားက မျက်စိနောက်လို့ ကျွန်တော်က ဒေါသည်ခေါ်လာသေးတယ် "

" ဒါကတော့ အခုဆို ကိုထင်ရှားအောင်လည်း ဖြူပြာနဲ့ အလုပ်လုပ်နေပြီ... လူတစ်ယောက်ရှိရင် သူ့ပတ်ဝန်းကျင်လည်း ရှိမယ်ဆိုတာ နားလည်ပေးရမှာပေါ့..."

" ဖြူချောက နားလည်တာကို... ဒေါ်သက်ထားက နားမလည်ဘူးလေ "

" အန်တီသက်ထားဟာ အရင်က ဒီလိုမဟုတ်ဘူး ကိုထင်ရှားအောင်... သူ့လေ့ကားပေါ်ကလိမ့်ကျပြီး ကုလားထိုင်ပေါ်မှာ နေရကတည်းက ခုလိုဖြစ်သွားတာပါ... သနားတော့သနားပါတယ်"

ဖြူချောကတော့ ငယ်တည်းက အတူနေလာတာ... သူ့ မိသားစုတွေအကြောင်း သူပိုသိမှာပေါ့...။

" ဘာပဲပြောပြော ဖြူပြာရှိလို့သာ တော်တော့တယ် အရင်ကဆို ဖြူပြာကလည်းဆိုးတော့... ဖြူချောဖြင့် ဘယ်မောင်နှမနဲ့ ရင်းရင်းနှီးနှီး မရှိပါဘူး...ဖြူဖွေးပဲ တရင်းတနှီးနဲ့... ကိုလေးတလည်း အရမ်းစိမ်းတယ်... ခုပဲကြည့် ကိုကြီးကိစ္စပြီးတည်းကပြန် ဘယ်နှစ်ခါပေါ်လာသလဲ... ကိုထင်ရှားအောင် အဆင်မပြေရဲ့ တောင်း တစ်ခေါက် လာမေးဖော်မရဘူး... အခုတော့ ဖြူပြာ



ကိုထင်ရှားအောင်ကို ဒီခြံမှာနေလို့ ပြောတဲ့လူရှိရင် သူ့ကိုသာ လွှဲချ လိုက်လို့ ပြောပါတယ်..."

" အလုပ်ရှိတော့ ကိုယ်လည်းနေရတာ ပြောလို့ကောင်းတာ ပေါ့ "

" ဟယ်... ကျော်လင်းလေးတစ်ယောက်တည်းပါလား... သူ့ကို ဘာလို့ တစ်ယောက်တည်း ဆိုင်ကယ်ပေးစီးရတာပါလိမ့်... အန်တီသက်ထား မမြင်လိုက်ဘူးထင်တယ်... ဖြူနုတို့ကလည်း ဂရု စိုက်ကြဘူး..."

ကျော်လင်းကတော့ ဆိုင်ကယ်တစ်စီးကို အရှိန်ပြင်းပြင်း မောင်းသွားပါပြီ။ ဖြူချောက လမ်းလျှောက်နေရာက ရပ်ပြီး... ကျော်လင်းကို မျက်စိတစ်ဆုံး လိုက်ကြည့်ပါတယ်။ ဖြူချောဟာ သူ့မောင်နှမတွေက သူ့အပေါ် သံယောဇဉ်နည်းသလောက် သူကတော့ သံယောဇဉ်ကြီး လွန်းပါလား။

" သူလည်း လူငယ်တစ်ယောက်ပဲ ဖြူချော... ဆိုင်ကယ် စီးတာ ဘာဖြစ်လဲ... စီးပါစေ..."

" သူက ရုတ်တရက် တက်ချင်တက်သွားတာ ကိုထင်ရှား အောင်ရဲ့... ဆိုင်ကယ်မောင်းနေတုန်း ပေါက်သွားတော့ ဘယ်လို လုပ်မလဲ..."

" ဟုတ်လား... ဒါဆိုတော့လည်း ဘယ်ကောင်းမလဲ "
ဒီလိုဆိုရင်တော့ အန္တရာယ်ရှိနိုင်တာပေါ့...။

ဖြူချောတို့ရဲ့ ပျဉ်းမမြိုင်ဟာ ဝါးအစည်းပြေနေပါပြီ။ ညီညွတ်ခင်ခင်လည်း မရှိ။ အားပေးဖေးမမှုလည်းမရှိ။ ကိုယ်ဖြစ်ချင်ရာ လုပ်နိုင်းနေကြတာပဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



" ကျော်စွာ ခဏခဏ ညည်းသလို ပျဉ်းမငြိုင်ဟာ ဝါး အစည်းပြေနေပါပြီ "

" ဟုတ်တယ်..."

အနားမှာ ချစ်သူရှိနေတာဟာ တကယ့် ပီတိတွေချည်း ပါပဲလေ...။

" ဖြူချော "

" ရှင် "

" ကိုယ့်ကို အဖြေပေးဖို့ စဉ်းစားနေရဲ့လား "

" စဉ်းစားပါတယ်... ကိုကြီးက သဘောတူခဲ့တယ် ဆိုတာနဲ့တင် အမှတ်တစ်ဝက်ရနေပြီပဲဟာ "

" ကိုယ်ကတော့ ဖြူချောနှလုံးသားကနေ လှိုက်လှိုက်လှဲလှဲ ချစ်တဲ့ အချစ်ကိုပဲ လိုချင်တာ "

" မချစ်ပါပဲလည်း ဖြူချောက ခေါင်းမညိတ်ပါဘူးရှင်–"

" မင်းမင်းဆိုတဲ့လူကလည်း..."

မတွေ့ဖူးပေမယ့် မင်းမင်းဆိုတဲ့ ကောင်လေးက ဖြူချော နှစ်သက်တယ် ဆိုတဲ့ အသိက စိတ်ကို အနှောက်အယှက်တစ်ခု ခံစားရတာပဲ မဟုတ်လား...။

" မင်းမင်းက အန်တီသက်ထားတူပါ... ခင်မင်တယ်ဆိုတာ အခြေအနေပဲ ရှိတာပါ "

" သူက ဖြူချောကို ဖွင့်ပြောထားသလား "

" အင်းပေါ့ "

" ဖြူချောကရော..."

" ကိုကြီးက မင်းမင်းကိုလုံးဝသဘောမကျဘူး... လောတ



ဘယ်တဲ့ မနှစ်သက်ဘူးပြောတယ်... ကိုကြီးက မင်းမင်းကို ဘယ်လို ပြောလိုက်တယ် မသိပါဘူး... နောက်ပိုင်း အိမ်ကို သိပ်တောင်မလာဘူး... မင်းမင်းကို ဖြူချောက ဘဝခရီးအတွက် လုံးဝမစဉ်းစားပါဘူး..."

" တော်ပါသေးတယ်လို့ပဲ ပြောရမှာပေါ့ "

ဖြူချောပြုံးပြတာ အားပေးနှစ်သိမ့်ပြုံးလား။

ချစ်တဲ့နွေးထွေးသော အပြုံးလား။

⌑ ⌑ ⌑

www.burmeseclassic.com

သူက ဖြူချောကို သိပ်ချစ်တယ်လို့ ယုံကြည်ပါတယ်
သူ အနားမှာရှိနေတာကို ဖြူချောကလည်း နှစ်သက်ကြည်
နေမိပါပြီ...။

" ဒေါ်လေးသန်း... ဘုရားဆွမ်းတော်တင်ချင်လို့ ထမင်း
ကျက်ပြီလားဟင် "

" ခဏလေးစောင့်နော် ဖြူချော ခဏလေး "

" ဒေါ်လေးသန်း... ဖြူနု အပြင်သွားစရာရှိတယ်
ထမင်းစောစော စားမယ်လို့ ပြောထားတယ်လေ..."

" ကျက်တော့မှာပါ... ဖြူနုရယ်... ထင်းတွေက စိုနေ

" ထင်းတွေစိုရင် မီးသွေးနဲ့ချက်ပေါ့... လျှပ်စစ်မီး
ချက်ရင်လည်း ရတယ်... သူများတွေ ဂက်စ်မီးဖိုတွေနဲ့တော
ချက်နေတာ... သူတို့မှာ ခုထိ ထင်းနဲ့ချက်နေတုန်း... ဒါပေါ့လေ
အမွေခွဲတာတောင် အညီအမျှ မရှိတဲ့ ဒီအိမ်အိုကြီးဟာ ဒီလော
စုတ်ပြတ်နေတာလည်း မထူးဆန်းပါဘူး..."

ပြောလည်းပြော ခြေထောက်ကလည်းဆောင့်သေး
ပြီးတော့လည်း ဖြူချောကို မျက်စောင်းထိုးသွားသေးရဲ့။

ဖြူနု ခုလိုမျိုး မကြည်မလင်ဖြစ်သွားတာ အမွေ
အကြောင်း သိပြီးတည်းကပါပဲ။

BURMESE CLASSIC .com



အမွေချန်ခဲ့သမျှမှာ... သုံးပုံပုံထားပါတယ်။

တစ်ပုံက ကိုကြီး ကိုလေး ဖြူချောတို့က ခွဲယူ...

တစ်ပုံက ဖြူပြာတစ်ယောက်တည်း...

တစ်ပုံက အန်တီသက်ထားနဲ့ သားသမီးလေးယောက်က
ခွဲယူတဲ့။

အဲဒီမှာ ဖြူပြာက အမွေအများဆုံးရတာပါ။

ဖြူချောဖြင့် ဒီလိုအတွေးနဲ့ ဖြူပြာ့အပေါ် ဘယ်လို မနာလို
ဘ်မှ မဖြစ်ပါဘူး...။ ဖေဖေက အမှန်မှာ ဇနီးသုံးယောက်ကို
တစ်ယောက်တစ်ပုံစီ ခွဲပေးတာ။ မောင်နှမများတော့ အရနည်းတာပေါ့။

အန်တီသက်ထားကိုယ်တိုင်တောင် လက်ဝတ်လက်စားတွေ
ပေါလျက် မကျေမနပ်ဖြစ်ခဲ့သေးတာ။

" ဖြူချော... ထမင်းကျက်ရင် ဆွမ်းအတွက် ဦးဦးဖျားဖျား...
ခူးထားပါမယ်... ဖြူချော တခြားလုပ်စရာတွေရှိရင် သွားလုပ်ချေဦး "

" ဒါဆို သောက်တော်ရေခွက်တွေ ဆေးဦးမယ်..."

သောက်တော်ရေ ပန်းကန်တွေဆေးနေတော့ ရုတ်တရက်
နောက်ကို လှည့်မကြည့်မိဘူးပေါ့...။ အသိစိတ်တစ်ခုကြောင့်
လှည့်ကြည့်လိုက်တဲ့အခါ...။

" လန့်လိုက်တာ ကျော်လင်းလေးရယ်..."

" မမဖြူချော "

" ဟင်..."

" မမဖြူချောနဲ့ ဟိုလူကို ကျွန်တော်သဘောမတူဘူး...
ကြီးမင်းမင်းနဲ့ပဲ ယူလိုက်ပါမမဖြူချော... ဟိုလူက မမဖြူချောရဲ့
အမွေတွေကို လိုချင်တာ... မမဖြူချောကို မရရင် ဖြူပြာကို

www.burmeseclassic.com

www.burmeseclassic.com



ယူလိမ့်မယ် စောင့်ကြည့် ”

“ ဟယ် ဘာတွေလျှောက်ပြောနေတာလဲ ”

ကိုထင်ရှားအောင်ကို ဒီလိုပြောတော့ ဖြူချောမနှစ်သက်သလို ခံစားရ ပါတယ်... မဖြစ်နိုင်ပါဘူး... မဖြစ်နိုင်ပါဘူးလို့ပဲ ရင်ထဲမှာ ရေရွတ်နေမိပါတယ်။ သူဟာ ဒီသို့သော လူစားမျိုး ဘယ်လို မဖြစ်နိုင်ပါဘူး။ ဖြူပြာနှင့် တတွဲတွဲရှိတယ်ဆိုတာကလည်း အလု သဘောတစ်ခုပါ...။ ဒီလောက်တော့ ခင်မင်မှုရှိမှာပေါ့... ဖြူပြာဆိုတာ ကလည်း... ရိုးသားပွင့်လင်းတဲ့ သူပဲ...။

“ တော်ပါတော့ ကျော်လင်း... မမဖြူချော ခေါင်းအေးအေး နေပါရစေ... ”

BURMESE CLASSIC .com

“ ဒီလူကို ငြင်းပြီး ပြန်လွှတ်လိုက်ပါ ”

သူတို့တွေ ဒီလိုစကားပဲ ပြောနေကြပါလား။

အန့်တီသက်ထားကအစ... ဖြူနဲ့ ကျော်လင်း... ဘယ် ကြောင့်ပါလိမ့်...။ ပြောချင်ရာပြောကြစေ... တစ်နေ့တော့ အမှန်တ ဆိုတာ မသိပဲ နေမှာ မဟုတ်ပါဘူး...။ ဖြူချောကတော့ သူ ယုံကြည်နေမိပါတယ်။ အဲဒါဟာ အချစ်ကြောင့်ပဲ ဖြစ်မယ်ထင်ပါရဲ့

¤ ¤ ¤

“ ကိုကြီးရှား အလုပ်လုပ်နေတာကို နောက်ဘက်က ငြင်ရတာ ကိုကြီးကျော်စွာ ပြန်ရောက်လာသလိုပဲ... ပုံစံကဆင်တယ်...”

“ အင်း ဟုတ်တယ်... ကျောင်းတုန်းကလည်း ကိုယ်နဲ့ ျော်စွာကို ညီအစ်ကိုလား မေးတဲ့လူတွေရှိတယ်...ကိုယ်တို့ကလည်း မြဲတတွဲတွဲလေ...”

“ ကိုကြီးကျော်စွာရှိတုန်းကသာ လာခဲ့မယ်ဆို... မမဖြူချောနဲ့ ကြီးရှားကို ချက်ချင်း ပေးစားမလားမသိဘူး... မမဖြူချောကို ကြီးကျော်စွာက ကိုမင်းနဲ့ ကြိုက်သွားမှာ အရမ်းစိုးရိမ်တယ်...”

“ ဟုတ်လား ”

“ မမဖြူချောက ကိုကြီးရှားကို ထမင်းဟင်းတွေချက်ပေးပြီး ခင်မင်မင်နေတာပဲလေ... ဒီလို ဘယ်သူနဲ့မှ ခင်ခင်မင်မင်မနေခဲ့ဘူး... ဖြူချောက မိန်းကလေးဆိုတော့ နည်းနည်းတော့ မူဦးမှာပေါ့ ကြီးရှားရယ်...”

“ ဟာ... ဒီကောင်မလေး...”

ဖြူဖွေးခေါင်းကို ပုတ်ပြီး ရယ်မိပါတယ်။

ဒီကောင်မလေးက ကလေးသာသာလေးဆိုတော့လည်း င် ပွင့်လင်းလွန်းပါတယ်လေ။ သူ့စိတ်မှာရှိတဲ့အတိုင်း ပြောတတ် ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



" ဖြူဖွေး... စာသွားကျက် ဒီမှာဘာလုပ်နေလဲ "

" မမဖြူနုကလည်း... ဖြူဖွေးစာကျက်ပြီးပြီ... အကြီးဆိုပြီး အငယ်ကို နိုင်လိုမင်းထက် မဆူပါနဲ့ "

" ငါ့ကို ပြန်ပြောတယ်... နင့်ကို မာမီနဲ့တိုင်မယ်..."

" ဖြူဖွေးလေး... ဟုတ်သားပဲ... ဘာလို့ အစ်မကို ပြန်ပြောရတာလဲ... ညီမလေး ပြန်တော့နော်..."

ထင်ရှားအောင်ပြောမှ ပြန်ထွက်သွားတာ။

ဖြူဖွေးနှင့်စကားပြောရတာလည်း မလွယ်ပါဘူး။ ဖြူနုတို့က မနှစ်သက်ရင် ဖြူဖွေးပဲ အချောင် အဆူခံရတော့မှာ... နောက်ဆိုရင်တော သတိထားပြောမှပါ။ ထင်ရှားအောင်စိတ်မှာတော့ ဖြူချောကို ဘာ ခရီးဖော်လို့ သတ်မှတ်ပြီးကတည်းက... ဒီကလေးတွေဟာ မောင်နှမ တွေလိုပဲ ခံစားမိတာပါ။

ဖြူပြာနှင့် ခင်မင်ရတာ ပိုအဆင်ပြေတယ်...

ပွင့်လင်းပြီး ကျန်တဲ့လူတွေကလည်း ဘာမှဝင်မပြောရဲတော ဖြူပြာနှင့်ဆို စိတ်အနှောက်အယှက်ကင်းကင်းနဲ့ ပြောဆိုဆက် နိုင်တာပေါ့...။ ဖြူချောကို ခွဲခွာပြီး ပျဉ်းမမြိုင်ကနေ မထွက်ခွာနိုင်ဘူ ဆိုမှတော့... ဒီနေရာမှာ အဆင်ပြေ ချောမွေ့စွာ နေတတ်အော နေရပါလိမ့်မယ်။

ကြက်ခြံတွေနှင့်ဝေးသော တစ်ဘက်ခြံမှာ သဇင်တိုင်တွေ ထင်ရှားအောင် စီစဉ်နေပါတယ်။ ထင်ရှားအောင်က စိုက်ပျိုးရေ သိပ်နားမလည်ပေမယ့် သူရက စိုက်ပျိုးရေး ခြံတစ်ခြံမှာ အလုပ်လုပ် တယ်လေ။

သူရဆီ စာလှမ်းရေးပြီး သဇင်ဥတွေနဲ့ အတူလာခဲ့ပါ



ခေါ်ထားပြီးသားပါ...။ သူရလာမယ်ဆို သွားကြိုလိုက်ရုံပေါ့...။ တစ်ခုတော့ ရှိတယ်...။ သူရနှင့် သိပ်တွေ့ချင်တာတော့ အမှန်။ ရင်ထဲက ပြောစရာစကားတွေကို ဟိုအရင်ကလို သူရနှင့် ရင်ဖွင့်ချင်နေ ခဲ့တယ်...။

" ကိုထင်ရှားအောင်..."

" အော် ဖြူချော..."

" ဖြူပြာနှင့် ကျော်လင်းရန်ဖြစ်နေကြတယ်... ဖြူချောလည်း ဝင်မပါချင်တော့ဘူး... အန်တီသက်ထားလည်း ရှိနေတာမို့ ထွက်လာ တာ "

" ဘယ်လိုဖြစ်ကြတာလဲ ဖြူချော "

" ဖြူပြာကလည်း အထိမခံလေ... ကျော်လင်းလေးက လည်း... ခုတစ်လော ပြောချင်ရာတွေပြော..."

ကျော်လင်းလေးကလည်း ဟုတ်ပါတယ်။ ထင်ရှားအောင်ကို ဆောင် ရိုင်းရိုင်းစိုင်းစိုင်း ပြောချင်တာပဲလေ။ ဖြူပြာကတော့ ကျေနပ်တဲ့စကားကိုကြားရင် လက်သီးနဲ့ဆွဲထိုးဖို့လောက်က အသေး သွားပဲလေ...။

" ဒေါ်သက်ထားရှိတယ်မဟုတ်လား..."

" အန်တီသက်ထားက သူ့သားသမီးတွေကို မေမေဆုံးမတာနဲ့ တောင် လက်မခံဘူး... ဒါကြောင့် ကျော်လင်းနဲ့ မော်လင်း ရမ်းဆိုးလာတာ..."

" ရင်ထဲမှာရှိတဲ့ စိတ်ကူးကို အမှန်အတိုင်းပြောပြရရင်... ချောကို ခေါ်ပြီး တစ်နေရာရာမှာ အေးအေးချမ်းချမ်း သွားနေ တ်ချင်တာပါပဲ..."

www.burmeseclassic.com

www.burmeseclassic.com



ဖြူချောက ပြုံးပြုံးလေးကြည့်နေပါတယ်။

" ဖြူချောမယုံလို့လား..."

" ယုံပါတယ်... ဒါပေမယ့် ဖြူချောကိုယ်တိုင်က ဒီပျဉ်းမမြိုင်မှာ မေမေ မေမေရှိစဉ်တည်းက နေခဲ့တယ်... သံယောဇဉ်တွယ်နေခဲ့တဲ့ နေရာလို ဖြစ်နေတယ်လေ..."

" ဖြူချောရှိရာနေရာကို ပျော်ရွှင်ရာနေရာလို့ ကိုယ်တွေးရတော့မှာပါပဲ "

" ဖြူချော အမှန်အတိုင်းဝန်ခံရမယ်ဆို ရှင့်ကို ယုံကြည်တဲ့ အခါ ယုံလိုက် မယုံသလိုလိုနဲ့ တွေ့ရတာ မကြာသေးဘူးလို့ ခံစားတဲ့အခါ ခံစားလိုက်နဲ့ပါ..."

" ကိုယ့်ကို ခေါင်းမညိတ်ရဲဘူးဆိုပါတော့.... ဖြူချော ခုလို ဖြစ်နေတာကို ကိုယ်နားလည်ပါတယ်... ဖြူချောရှိရာ ကိုယ်က ရုတ်တရက် ရောက်လာခဲ့တာ မဟုတ်လား... ပြီးတော့ ကျော်စွာက ကိုယ်နဲ့ ဖြူချောကို လက်ထပ်ပေးလိုက်ပါ ဆိုတာလည်း ဖြူချော နားနဲ့ဆတ်ဆတ်ကြားရတာမှ မဟုတ်တာ... ဒီတော့ အချိန်ယူပါ ဖြူချော... အချိန်ယူလေ့လာပါ... ဖြူချောကို အပြစ်မမြင်ပါဘူး..."

" ဟုတ်ကဲ့..."

" ကျော်စွာက ဖြူချောနဲ့လက်ထပ်ပါဆိုတော့ အမှန်အတိုင်း ဝန်ခံရရင် တစ်ခါမှမတွေ့ဖူးတဲ့ လူနှစ်ယောက်ကို ကျော်စွာ ဘယ်လို ကြောင့် လက်ထပ် စေချင်ရတာလဲ... နှလုံးသားက အချစ်မပါရင် လက်ထပ်ဖို့မလွယ်ဘူး ထင်ခဲ့ပေမယ့်... ဖြူချောကို တွေ့လည်း တွေ့ရော... ဖြူချောရဲ့ မျက်ရည်စက်တွေမှာ ကိုယ့်နှလုံးသား အရည် ပျော်ကျသွားတာပါ..."



" မယုံပါဘူးနော်..."

ချိုမြိန်သော မျက်စောင်းတစ်ပွင့်ကိုရတယ်။

ဘယ်လိုအရာနှင့်မှ လဲနိုင်စွမ်းမရှိလောက်အောင်... သိပ်ချစ်တယ် ဖြူချောရယ်။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" တော်ရုံတန်ရုံဆိုရင်လည်း သည်းခံလိုက်ပါ ဖြူပြာရယ်... ကျော်လင်းက ကျန်းမာတာမှမဟုတ်တာ... ပြီးတော့ သူတို့က အငယ်လေးတွေပါ..."

ပြောမယ့်သာပြောရတာ။

ဖြူပြာက ပြောလို့ရတဲ့လူ မဟုတ်ဘူး...။ ဟိုးအရင်ကဆို ဖြူချော ခုလိုပြောတာတောင် လက်ခံတာမဟုတ်။ ခုနောက်ပိုင်းမှ ဖြူချောအပေါ် အတော်ကြီး သည်းခံလာတာပါ...။

" ဖြူချောတို့က ပြော်လိုက်ရင် နေမကောင်းဘူး... နေမကောင်းဘူးဆိုပြီး သည်းခံနေရအောင် နေမကောင်းတဲ့လူက စိတ်သာ မကောင်းတာ... ပါးစပ်က အကောင်းကြီးပါလား... ကျွန်တော့်ကို ပြောလိုက်တာများ ကြားလို့တောင် မကောင်းဘူး... ကျွန်တော်တို့ သုံးယောက်လုံးရဲ့ သိက္ခာကိုကျရော..."

ဖြူချောသဘောပေါက်ပါတယ်။ ဖြူချောကတော့ ရန်မဖြစ်ချင်သူ ဆိုတော့ စိတ်မကောင်းစွာနဲ့ သည်းခံနေနိုင်ပေမယ့် ဖြူပြာကတော့ ဘယ်ရလိမ့်မလဲ...။

" ကျွန်တော်က ကိုထင်ရှားအောင်ကို ခင်ခင်မင်မင်နေတာ ဖြူချောလူဆိုတဲ့ အသိရယ်... လုပ်ငန်းတူ စီးပွားတူဆိုတဲ့ အသိရယ် ဒါပဲရှိတယ်... ကျွန်တော့်စိတ်မှာ ဂယောက်ချားလေးတွေက သူငယ်ချင်



ပါပဲ..."

" ဖြူချော နားလည်ပါတယ် "

" ကိုထင်ရှားအောင်ကို မုန်းနေကြတာလား... ကျွန်တော်နဲ့ ဖြူချောကို မုန်းနေကြတာလား... တစ်ခုခုတော့ တစ်ခုခုပါပဲ... ကျွန်တော်ကတော့ ပွင့်ပွင့်လင်းလင်းပြောမယ်... ကိုထင်ရှားအောင်ရဲ့ စိတ်ဓာတ်ကို ယုံတယ်..."

ဖြူချောစိတ်က ဖြူပြာလောက်မှ မပြတ်သားပါလား...။

" ဖြူပြာ... ဖေဖေက အမွေတွေခွဲပေးခဲ့တဲ့အပေါ် အန်တီသက်ထားကအစ မမျှတာဘူးဆို မကျေနပ်ဘူးထင်တယ် "

" ဖေဖေက သူ့ဇနီးသုံးယောက်ကို တစ်ယောက် တစ်ပုံနဲ့ သုံးပုံ အတိအကျ ခွဲပေးခဲ့တာ... ကလေးများများမွေးရင် အမွေနည်းသွားတာပေါ့... အန်တီသက်ထားက ကလေးလေးယောက်မွေးတာကိုး... ဒီလောက်ငွေများများလိုချင်ရင် ကလေးတစ်ယောက်မှ မမွေးနဲ့ပေါ့... ဖြူချောတို့လည်း သုံးပုံပုံယူရတာပဲ... ကိုကြီးမရှိတော့လို့သာ ကိုလေးနဲ့ ဖြူချော နှစ်ပုံခွဲယူရတာ... ကိုလေးဆိုလို့ ပြောရဦးမယ်... ကိုလေးက မိန်းမယူတော့မှာ... ဖြူချောကို ဘာမှမပြောဘူးလား "

" ကျောင်းကိုရောက်လာတယ် ဖြူပြာ... သူ ကိုကြီးမဆုံးခင်ကတည်းက လက်ထပ်ဖို့ပဟာ... ကိုကြီးဆုံးသွားလို့... နောက်ရွှေ့ထားရတာတဲ့... ဖြူချောကတော့ နားလည်ပါတယ်... ဒါလေးက ဆိုရိုးတည်းက ကိုကြီးထက်စာ အေးတာပဲ... သူ့ဘာသာသူနေတာ နှင့်လွှတ်ပါတယ် "

" ကိုလေး မိန်းမယူမယ်ဆို အမွေတွေခွဲသင့်ပြီ..."

ဖြူပြာကလည်းလေ။

www.burmeseclassic.com

www.burmeseclassic.com



တဆိတ်ရှိ အမွှေတွေခွဲမယ်… အမွှေတွေခွဲမယ်နဲ့။

အန်တီသက်ထားကလည်း အဲလိုပြောရင် တစ်စက်ကလေးမှ မကြိုက်။

" အန်တီသက်ထားဘက်ကကြည့်တော့လည်း ဟုတ်ပါတယ်… သူတို့ရတဲ့ အမွေကို သားသမီးက လေးယောက်…"

" ဒါကတော့ ကံအတိုင်းပေါ့ ဖြူချောရယ်… ဖြူချော ဒီလောက် သနားနေရင် သူတို့က ဖြူချောဝေစုပါ အပိုင်စီးသွားမယ်…"

ဖြူပြောကျတော့လည်း ပြတ်သားလိုက်တာ… ဖေဖေခွဲခိုင်းတဲ့ အတိုင်း ခွဲချင်ခွဲ… မခွဲရင်တော့ ပျဉ်းမမြိုင်ကို မွေပစ်မယ်တဲ့။

" အန်တီသက်ထားအပေါ်မှာ ဖြူချော တစ်ခါမှ မိထွေးဆိုတဲ့ အမြင် မထားပါဘူး… သူ့ခများ ကျော်လင်းလေးကို တစ်ခါတစ်ခါ ဆေးကုရရင် အရမ်းကုန်ကျတယ်ဆိုတာ သိပါတယ်…"

" ဒါတော့ ဒါပေါ့ ဖြူချောရယ်… ဒါပေမယ့် အန်တီ သက်ထား ရလိုက်တဲ့ စိန်တွေရွှေတွေမနည်းပါဘူး… လက်ဝတ် လက်စားအားလုံး သူယူတာပါ… ရှိပါတယ်… မရှိချင်ယောင် ဆောင်နေတာပါ ဖြူချောရာ… ခုချိန် မေတ္တာတို့ သံယောဇဉ်တို့တွေကို တွေးနေတဲ့လူဟာ ဖြူချောတစ်ယောက်ပဲရှိမယ်… သူတို့တွေက ဖြူချောမေတ္တာစေတနာ ပြန်ပြီး နားလည်ပေးမယ်ထင်လား… ဝေးသေး…"

တကယ်ဆို ပျဉ်းမမြိုင်ဟာ မိသားစုတွေပဲ…။ ဘာလို့ မေတ္တာတွေ ကွယ်ပျောက်ခဲ့ရတာလဲ။ ဖြူချောကတော့ ငယ်စဉ်ကလို အားလုံးကို ချစ်ခင်နေဆဲပါ။ ဖြူချောကိုတော့ စိမ်းကုန်ကြပါပြီ…

" သူတို့တွေမှာ ဖြူဖွေးပဲ နည်းနည်းကောင်းတယ်…



ကျွန်တော့် ကိုယ်ကျင့်သိက္ခာ ထိတာမျိုး လုံးဝသည်းမခံဘူး…"

" တော်ရုံကိစ္စမျိုးဆိုရင်တော့ သည်းခံလိုက်ပါ…"

စကားလုံးကြမ်းကြမ်းတမ်းတမ်းကလည်း ဖြူချော မပြောရပါဘူး။ ပြီးတော့ ဖြူပြောလို လက်ပါလာဖို့ဝေးရော…။ သူများလည်း အသားနာအောင်မလုပ်ရဲ… ဖြူချောအသားနာမှာလည်း ကြောက်တယ်။ ဒီလိုပုံဆိုရင်တော့ ရှေ့လျှောက် ပျဉ်းမမြိုင်မှာ ချစ်ခြင်းမေတ္တာတွေ ပြန်လည်ပြည့်ဝလာဖို့ လွယ်ပါ့မလား။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား သူငယ်ချင်းနာမည်က ကိုသူရတဲ့လား..."

"ဟုတ်တယ် ဖြူပြာ"

ဒီနေ့ သူရရောက်လာမယ်။

လာကြိုပါတဲ့။ ဒါကြောင့် ဘူတာရုံကိုရောက်ခဲ့တာပါ— ဖြူပြာက ကြက်ခြံအတွက် လိုတဲ့ ဝါးလုံးမှာမယ်ဆို လိုက်လာတာပါ— ထင်ရှားအောင် တစ်ယောက်တည်း ဘူတာမှာစောင့်နေရမယ်ဆိုပြ[...] တော့... ဝါးလုံးဝင်မှာပြီး လိုက်လာပေးတာပါ...။

ဖြူပြာနှင့် ခင်ခင်မင်မင်နေရတာ ကောင်းပေမယ့်... သူတို့[...] အမွေနဲ့ငွေတွေဆိုတဲ့ စကားတွေကြောင့် စိတ်ပျက်တာလည်းရှိပါတယ်

"သူငယ်ချင်းကို ခေါ်သာခေါ်ရတာပါ... ပျဉ်းမငြိုင်မှာ ကိုယ်တိုင် ဧည့်သည်မဟုတ်လား... ဧည့်သည်က ဧည့်သည်ခေါ်[...] တယ်ဆိုတော့ ဒေါ်သက်ထားက ပြောများ ပြောမလား စိတ်[...] သေးတယ်..."

"ဘာလို့ပြောရမှာလဲ... ပျဉ်းမငြိုင်ကို အန်တီသက်[...] တစ်ယောက်တည်း ပိုင်တာမှ မဟုတ်တာ... သူတို့ပြောရင်လည်း ပြောပေါ့... ကိုထင်ရှားအောင်နဲ့ ကိုသူရက ကျွန်တော့်ဧည့်သည်[...] လို့လေ... ကျွန်တော်က ကိုကြီးဆုံးတာ မကြာသေးလို့ အားနာနေလို့[...] မဟုတ်ရင် ပျဉ်းမငြိုင်ကို သုံးပိုင်းပိုင်းပစ်လိုက်မှာ..."



ဖြူပြာကတော့ မလွယ်...။

အမြဲလို ခေါင်းငုံ့သည်းခံပြီး မိသားစုမှာ ချစ်ခြင်းမေတ္တာနှင့်သာ ကြည့်တတ်သော ဖြူချောနှင့်တော့ တခြားစီပါပဲ...။ ခုံတန်းရှည်လေး ပေါ် ထိုင်ရင်း လာအံ့ဆဲဆဲ ရထားကို မျှော်နေမိကြတယ်။

"ဖြူချောတို့အမေနဲ့ ကျွန်တော့်အမေက စိတ်ချင်းမတူဘူး— ကျွန်တော်နဲ့ ဖြူချောလိုပဲပေါ့... မေမေက အမြဲပြောတာ... မေမေ့စိတ်မှာ အချစ်ဆုံးမိန်းမက ဖြူချောအမေပဲနေမှာပါ..."

လေနည်းနည်းပြင်းပြင်းတိုက်လာတဲ့အခါ... ဘူတာစည်းရိုးမှာ စီတန်းစိုက်ထားတဲ့ စကြာပန်းရုံတွေယိမ်းထိုးနေကြပါတယ်။ ဘူတာရုံ လေးနဲ့ ခုတစ်ခါတော့ မစိမ်းတော့ပါဘူး။

"ရထားလာတော့မယ် ကိုထင်ရှားအောင်"

အချက်ပြနေပြီမို့ နှစ်ယောက်သား ရထားလာသည့်လမ်းဆီး ဆီ လျှောက်လာခဲ့ပါတယ်...။ သူရနှင့် အတန်ကြာခွဲခွာနေရသမျှ တွေ့ရမှာမို့ စိတ်မှာပျော်ရွှင်မှု ရှိနေပါတယ်။

"ကိုသူရက ဖြူချောနဲ့ ခင်ဗျားအကြောင်းသိလား"

"သိတာပေါ့"

"ရင်ဖွင့်ဖော် သူငယ်ချင်းဆိုပါတော့..."

"ဟုတ်တယ်... သူရက ကျွန်တော့်အချစ်ဆုံးသူငယ်ချင်းပါ"

"သူကအိမ်ထောင်ရှိလား..."

"မရှိပါဘူး... လူပျိုပါပဲ... ဒါကြောင့် ဖြူပြာနဲ့ စေ့စပ်မလို့..."

ထင်ရှားအောင် ဒီလိုပြောတော့ ခင်ဗျားသူငယ်ချင်းနဲ့များ ကျွန်တော်ကြိုက်ရင် ခေါင်းကွဲမှာတဲ့... ထစ်ခနဲရှိ လက်ကမြန်တယ် [...]တ်လားဆို သူ့ကိုယ်သူပြောရင်း ဖြူပြာရယ်တယ်။ ရထားလာနေ

www.burmeseclassic.com



ပြီမို့ သူရကို လိုက်ကြည့်ရတယ်။ တွဲပေါ်ကဆင်းလာတဲ့ သူရကို တွေ့ရပြီ၊

"သူရ..."

"ထင်ရှား..."

"သူရ... ဖြူပြာလေ... ဖြူပြာ သူရပါ..."

"ကိုထင်ရှားအောင် သူငယ်ချင်းဆို ကျွန်တော့်သူငယ်ချင်း ပါပဲ..."

ထင်ရှားအောင်ဆိုင်ကယ်မှာ သူရကိုတင်လာတယ်။ ဖြူပြာက တော့ ထုံးစံအတိုင်း သူ့ဆိုင်ကယ်ကို စက်ကုန်ဖွင့်မောင်းတာပါပဲ။ ဖြူပြာကြမ်းတာကတော့ ထင်ရှားအောင်တောင်မှ လိုက်မလုပ်ရဲ၊ စက်ပစ္စည်းဆိုတာ မပျက်ရင်ကောင်းတယ်။ တစ်ခုခုမှားယွင်းသွားရင် ကြောက်စရာပဲ မဟုတ်လား။

"သူရ... ဖြူပြာနဲ့မင်းကို ငါနဲ့ဖြူချော သဘောတူထားတယ်"

သူရက ရယ်တာပေါ့။

ဖြူပြာပုံစံက ကြည့်လိုက်တာနဲ့ ကြမ်းကြမ်းတမ်းတမ်း ပွင့်ပွင့် လင်းလင်းလေး...။ ဆိုက်ကယ်စီးသွားတာကလည်း မိုးပျံနေသလိုပါ။ ဆိုင်ကယ်ကို ပျဉ်းမငြိုင်ခြံဝင်းထဲဝင်လာတဲ့အခါ... အရှိန်လျှော့ မောင်းလာခဲ့တယ်။ အိမ်မကြီးရဲ့ ဘေးဘက်ကိုအကွေ့မှာ... ထင်ရှားအောင် မျက်ဝန်းတွေက အိမ်ပေါ်ကို ရောက်သွားတဲ့အခါ... လျှင်မြန်လိုက်တာ။

ဘီးတပ်ကုလားထိုင်က ချက်ချင်းရွေ့လျားသွားပါလား။

ဒေါ်သက်ထားကတော့ ကြည့်နေပြီ။

ဘာတွေပြောမလဲ၊ ဘာတွေစိတ်ကူးသွားသလဲ။



ဖြူပြာပြောသလို သူဇည့်သည်တွေပါလို့ ပြောလို့လည်း ...ယ်ကောင်းမလဲ...။ သူရဆိုတာ ထင်ရှားအောင်ရဲ့ သူငယ်ချင်း။ ...င်ရှားအောင်ရဲ့ ဧည့်သည်ပဲလေ။ အမှန်အတိုင်း ပြောမှာပါ။

"ငါ အရင်က အိမ်မကြီးပေါ်နေတယ်... အသက်ရှူ ...သလိုပဲ... အခု ဒီအိမ်ကလေးပေါ်လည်းရောက်ရော... သိပ်ကောင်း ...အပဲကွာ... အသက်ရှူ ချောင်သွားလိုက်တာ..."

"အေးကွာ... အိမ်ကလေးက နေချင်စရာလေး... မင်းတို့ ...က်ထပ်ပြီးလည်း ဒီမှာပဲ နေပေါ့..."

"လက်ထပ်ပြီး ဟုတ်လား... မင်းအပြောက ဝေးပါသေး ...ယ်..."

"ဘာလို့လဲ..."

"ဖြူချောကို လေ့လာချိန်ပေးရမှာပေါ့... ကျောင်းစွာကြောင့်သာ ...ဒီကိုရောက်လာတာ... ကျောင်းစွာနဲ့ ငါ့သံယောဇဉ်ကို သူတို့ ချက်ချင်း ...ယ်သိကြမလဲ..."

အိမ်လေးရဲ့ ပြတင်းပေါက်တွေကို လိုက်ဖွင့်တဲ့အခါ ...တရက် ထင်ရှားအောင် လန့်ဖျတ်ကြည့်လိုက်မိတယ်။

အိမ်လေးရှေ့ မလှမ်းမကမ်း သရက်မှင်ပျို့ရဲ့ဘေးကိုင်းမှာ ...ထောက်ကို ချိတ်ပြီး ဇောက်ထိုးမိုးမျှော်ကြည့်နေတာပါလား။

ကျော်လင်းကို ခုလိုပုံစံနှင့် မမျှော်လင့်ပဲ တွေ့လိုက်ရတာမို့... ...တကြီး ကြည့်နေမိပါတယ်။ ခဏနေ ဖျတ်ခနဲ သရက်ကိုင်းကို ... ခုန်ချကာ အိမ်ရှေ့ဆီ ထွက်သွားပါပြီ။

"ထင်ရှား... မင်းအိမ်ကလေးကတော့ ကောင်းပါရဲ့... ...သွားရတာဝေးတယ်... ညဘက်မကောင်းဘူး... မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



လကြ်ထမ်းပြီး ဒီမှာနေရင်တော့ ရေဆောင်းအိမ်သာတစ်လုံး ကောင်းကောင်း ဆောက်သင့်တယ်..."

ဘူရှုက အခုမှ အနားရောက်လာတာမို့ ကျောင်းလင်းကို မမြင်လိုက်ရတော့ သက်ပြင်းတစ်ချက်တော့ ရှိုက်မိပါပြီ။ ပျဉ်းမမြိုင်ကို ထင်ရှားအောင် ရောက်လာတော့ ဒေါ်သက်ထားရဲ့ သားသမီးတွေမှာ ဖြူဖွေးလေးတစ်ယောက်ပဲ ခင်မင်နေစိတ်လိုမို့ ရပါတယ်။

"ထင်ရှား... ဖြူပြာတော့ တွေ့ပြီးပါပြီ... မင်းရဲ့ ဖြူချော ကရော ဘယ်မလဲ..."

"ဖြူချော ခုချိန် ဈေးသွားနေမှာ မင်းလာမှာမို့ သူဒီအိမ်က ထမင်းဟင်းလာချက်ပေးမယ်တဲ့... မနက်ဈေးသွားထားမယ် ပြောတာ ပဲ... ငါလည်း မင်းကို ဘူတာလာကြိုရမှာမို့ သူ့ကို ဈေးမပို့နိုင်ဘူး..."

"အခု ဈေးသွားကြိုလိုက်ပါလား"

"တော်ပြီ ရွာကုန်လိမ့်မယ်... ပြီးတော့ ဒေါ်သက်ထား လည်း ဖြူချောနဲ့ငါ တပူးတွဲတွဲ ရှိရင် သိပ်ကြည်လင်ပုံမရဘူး..."

"မင်းလည်း ချစ်သူတစ်မျက်နှာ တစ်ကမ္ဘာထင်ရတာ မလွှယ်လိုက်တာ ဒါပေါ့လေ ချစ်သူကို ချစ်မှတော့ တွေ့ရ သုခ ဒုက္ခ အားလုံး ခံစားရမှာပဲ"

ဟုတ်ပါတယ်။

ကျောင်းစွာပြောခဲ့နိုင်တော့ ပျဉ်းမမြိုင်မှာ မနေချင်ခဲ့ပေမယ့် ဖြူချောကိုလည်း ချစ်မိရော... ပျဉ်းမမြိုင်မှာ ဘယ်လိုအခက်အခဲ ရှိရှိ... နေရတာပဲ မဟုတ်လား။ သရက်ကိုင်းတွေဆီ ကြည့်ရင်း ကျောင်းလင်းရဲ့ မကျေနပ်စိတ်ကိုလည်း အမှတ်ရပါတယ်။

"သစ်ခွပန်းတွေကို ချစ်သူအတွက် ဖိုးပေးချင်တဲ့ ထင်ရှား



ငါက ပါရမီဖြည့်ရတာပေါ့"

"ကျေးဇူးတင်တယ် သူရဲရာ..."

သူရကို သစင်တိုင်တွေထိုးချင်တယ်ဆို သစင်ဥတွေမှာလိုက် တယ်။ ပျဉ်းမမြိုင်မှာ ပန်းကလေးတွေကိုချစ်သော ဖြူချောအတွက်... သစင်တွေ စဝနေအောင် ပန်ဖို့သာ ပြင်ထားတော့ ချစ်သူ...။

"ကိုထင်ရှားအောင်တို့ ပြန်ရောက်နေပြီလား... ဖြူချော ဈေးမှာ အဆင်ပြေတဲ့ ငါးပဲ ဝယ်ခဲ့တယ်... ကိုထင်ရှားအောင် သူငယ်ချင်း ဘာ မစားလဲဆိုတာလည်း မသိဘူးလေ... ဖြူပြာရော ဘယ်မလဲ"

"ဖြူပြာက ကြက်ခြံထဲမှာ ရှိလိမ့်မယ် ဖြူချော... ခြင်းတောင်း ကလည်း အပြည့်နဲ့ပါလား... သူရက ဧည့်သည်မဟုတ်ပါဘူး... ဖြူချောရယ်... အပြင်မှာ ဝယ်ကျွေးလိုက်လည်း ရပါတယ်..."

"ဖြူပြာပါ ဒီမှာ အတူထမင်းစားမှာလေ... ဒီတော့ သူရလည်းရှိတာ... ဖွယ်ဖွယ်ရာရာလေး ချက်မလို့ပါ"

"ဖြူချော... ကိုယ့်သူငယ်ချင်း သူရလေ... ဖြူပြာနဲ့ကတော့ တွေ့ပြီးပြီ... ကိုယ်ပြောလွန်းလို့လည်း သူရက ဖြူချောကို သိနေနိုင်ပါပြီ..."

"ဖြူချော... ထင်ရှားနဲ့ လိုက်တာပဲ"

"သူရ... ဖြူချော ရှက်သွားမယ်..."

"ဖြူချော... ဖြူချော ဈေးကပြန်လာပြီလား... ဘာတွေ ဝယ်လာလဲ..."

"ငါးခူဝယ်လာတယ်"

"ဖြူချောကလည်းလေ... တစ်ခါလာ ငါးခူ တစ်ခါလာ

www.burmeseclassic.com

www.burmeseclassic.com



ငါးခူနဲ့ မဟုတ်မှလွဲ ကိုထင်ရှားအောင် ငါးခူစဉ်းကော ကြိုက်ပုံပေါ်တယ်... ဟုတ်လား "

" သိပ်ဟုတ်တာပေါ့ ဖြူပြာရယ် "

" ထင်သားပဲ... ကိုသူရ... ခင်ဗျားကို ကြက်ခြံတွေဘက် ကျွန်မတော် လိုက်ပြမယ် ကိုထင်ရှားအောင်က ဖြူချော ထမင်းဟင်းချက်တာ ကူလိုက်တော့နော်..."

ဖြူပြာကတော့ အမြဲစီစဉ်နေတာ... သူ့သဘောချည်း... ပြောလည်း ပြီးရော... သူရကို ခြံထဲခေါ်သွားပြီ။

" ဖြူချောဘာသာ ချက်ပါမယ်..."

" အနားမှာတော့ ထိုင်နေပါရစေ..."

မီးဖိုကလေးမှာ ပစ္စည်းများများတော့ မရှိပါဘူး...။ ကိုထင်ရှားအောင်က တစ်ယောက်တည်း သူ့ဘာသာ ချက်စားပါရစေဆိုလို့သာ... တကယ်ဆို ပျဉ်းမမြိုင်က ထမင်းဝိုင်းမှာ ဝင်စားလည်းရပါတယ်... အန်တီသက်ထားက သိပ်တော့လည်း... သဒ္ဒါတရား မရှိလှပါဘူး...

" ဖြူချောက မိန်းကလေးပီသတာပဲ ထမင်းချက် ဟင်းချက်လည်း ကောင်းတယ်... အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်မှာသေချာတယ်... ဖြူချောကို လက်ထပ်ရမယ့်လူက ကံကောင်းမှာပါပဲ... အဲဒီကံကောင်းတဲ့လူဟာ...ကျွန်တော်ပဲ ဖြစ်ချင်ပါတယ်..."

" ဖြူချောလည်း လူတစ်ယောက်ပဲလေ... အကောင်းအဆိုးတွေ ရှိမှာပါပဲ... ဆိုးတာတွေလည်း ရှိနိုင်ပါတယ် "

" ချစ်သူကိုချစ်မှတော့ သူ့ခန္ဓာအားလုံးကို မျှဝေခံစားရမှာပါပဲ..."

ဖြူချောနှင့် သူစကားပြောနေရင်း ဟင်းချက်ဖို့တွေ ပြင်ဆင်



တယ်လေ။ တကယ်ဆို ဖြူချောကို ထမင်းဟင်းချက်တာတွေ ဝါသနာပါအောင်... ချက်တတ်ပြုတ်တတ်အောင် သင်ပေးခဲ့သူက အန်တီဒေါ်သက်နှင်းပါ။ အန်တီသက်နှင်းကမှ အန်တီသက်ထားထက် စိတ်သဘောပိုကောင်းတာ... အနီးကပ်နေခဲ့ရသူဖြစ်ပြီး ဖြူချော အမှတ်ရဆဲပါ...။

" မမဖြူချော... မမဖြူချော..."

" ကျော်လင်းလေးလား... ဝင်ခဲ့လေ "

မီးဖိုဆောင်ရဲ့ နောက်ဘက်အပေါက်ကနေ လှမ်းအော်ခေါ်တာမို့ ပြန်အသံပြုလိုက်ပါတယ်။ ကျော်လင်းလေး ဘာများ ပြောမလို့လဲ...။

" မဝင်ပါဘူး... ကိုကြီးမင်းမင်းရောက်နေတယ် လာတွေ့ပါ"

" မင်းမင်းက ဧည့်သည်မှ မဟုတ်တာ... ပြီးတော့ မင်းမင်းက မမဖြူချောရဲ့ ဧည့်သည်လည်း မဟုတ်ဘူး... သူက မင်းတို့ အစ်ကိုပဲ မင်းတို့ဧည့်ခံလိုက်ကြပေါ့... ဒီမှာ မမဖြူချော... ဧည့်သည်ရောက်နေလို့ ထမင်းဟင်းတွေချက်နေရတယ်..."

" ဒီက ဧည့်သည်က ဘယ်လောက်အရေးကြီးလို့လဲ... အခုလိုက်ခဲ့ပါ... မလိုက်ရင် ကျွန်တော်ဆွဲခေါ်မှာနော် "

" ကျော်လင်းလေး... မမဖြူချောကို အဲလိုမျိုး အနိုင်ကျင့်တဲ့ စကားမျိုး အပြုအမူမျိုးတွေ မလုပ်ပါနဲ့... မမဖြူချောမကြိုက်ဘူး... ဒီဟင်းတစ်အိုးကျက်ရင် လာခဲ့မယ်..."

ဒီလိုပြောတော့မှ မကြည်မလင် ကြည့်ပြီး ထွက်သွားပါတယ်။ ကျော်လင်းလေးက ခုမှဘယ်လိုဖြစ်ပြီး မင်းမင်းကို သံယောဇဉ် ထားနေရတာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြူချော"

"ရှင်"

"အခုဒီ မင်းမင်းဆိုတဲ့ နာမည်ကြားရင် ကိုယ် စိတ်ပူရသလိုပါပဲ"

"ဘာစိတ်ပူစရာရှိလဲ ကိုထင်ရှားအောင်ရယ်... မင်းမင်းက ဖြူချောအတွက် မိတ်ဆွေတစ်ယောက်ပါပဲ ဒီထက်မပိုဘူး... ကိုကြီးကလည်း မရွေးသင့်ဘူးဆို့ မင်းမင်းနဲ့ ပတ်သက်ပြီး ပြောသွားခဲ့တာကို ဖြူချောကရွေးမလား..."

"ကိုယ့်ကိုလည်း ကျော်ကြားကြောင့်လို့တော့ မရွေးပါနဲ့... ကိုယ်လိုချင်တာ ဖြူချောရဲ့ အချစ်စစ်ပါ..."

"ဟုတ်ပါတယ်... ဒါကြောင့်လည်း ကိုထင်ရှားအောင်နဲ့ ခုလိုမျိုး ခင်ခင်မင်မင်နေရင်းက အချစ်စစ်နဲ့ ချစ်မချစ် လေ့လာနေတာပေါ့ရှင်..."

ဟင်းအိုးတစ်အိုးကျက်တော့ ပြောထားတဲ့အတိုင်း သွားတွေမယ် ခဏနေပြန်လာပြီး ဆက်ချက်မယ်လို့ပြောမိတယ်။

"ဖြူချော"

"ရှင်... ခဏလေးပါ... သွားစကားပြောလိုက်တော့ အေးသွားရောပေါ့... စိတ်မပူပါနဲ့ ကိုထင်ရှားအောင်ရယ်... မင်းမင်း အပေါ်မှာ တကယ့် မိတ်ဆွေစိတ်ပါ... ဘယ်တော့မှ ပိုလာမှာ မဟုတ်ပါဘူး..."

မင်းမင်းနှင့်ကတော့ ဘယ်တော့မှ ပိုလာစရာအကြောင်း မရှိတော့ပါဘူး။ ဒါကို ကိုထင်ရှားအောင် မသိလို့ပါ...။ ဖြူချော ချစ်ခြင်းက ဘယ်သူ့ဆီမှာပဲ ရှိတယ်ဆိုတာ ဖြူချောသိတာပေါ့...



ဒါပေမယ့် ခုချိန် တိကျတဲ့ ဆုံးဖြတ်ချက် တစ်ခုကိုလည်း ဖြူချော မချရဲသေးပါဘူး။

မချစ်လို့တော့ မဟုတ်ပါဘူးရှင်။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

“ ဖြူချောက... ထမင်းဟင်းချက်လည်း ကောင်းပါတယ်... ရုပ်ရည်ကလည်း ကျက်သရေရှိရှိ မင်းနဲ့လည်းလိုက်ဖက်ညီပါတယ်

“ ဖြူချောက ငါ့ကိုချစ်ပါ့မလား မသိပါဘူးကွာ...”

“ ဒါကတော့ မင်းတောင်မှ ကျော်စွာက သူညီ... သဘောတူပါတယ်... လက်ထပ်ပါ ရုတ်တရက်ပြောတော့ ငြင်း... သေးတာပဲ... သူ့ခမျာလည်း မိန်းကလေးတစ်ယောက်လေ... အခြေအနေတော့ ကြည့်ချင်ဦးမှာပေါ့...”

“ ဟုတ်ပါတယ်... ဒါကြောင့်လည်း ဖြူချောကို ငါပြော... ပါတယ်... လေ့လာပါလို့...”

ဒီနေ့ညတော့ အရမ်းမှောင်တာပါပဲ။

သူငယ်ချင်းနှစ်ယောက် ဝရန်တာမှာထိုင်ပြီး စကားပြော... နေမိကြတယ်...။ သူရကို အနားမှာရှိနေစေချင်တယ်... တိုင်ပင်ဖော်သူငယ်ချင်းကောင်းတစ်ယောက် မဟုတ်လား။

“ ဒေါ်သက်ထားကို ငါတွေ့ပြီးပြီ... ဖြူပြာနဲ့ ... လျှောက်ကြည့်တုန်းက တွေ့တာ... ငါ့ကို ကြည့်တဲ့အကြည့်... မကျေမလည်နဲ့... ဖြူပြာကတော့ ခပ်တည်တည်ပဲ... ပျဉ်းမငြိမ်... သူသုံးပုံတစ်ပုံပိုင်တယ်... သူပိုင်တဲ့ နေရာမှာနေတာလို့ သာ... ကိုသူရတဲ့... ကောင်မလေးက ယောကျ်ားဆန်ပြီး ကြမ်းလေ...



စိတ်ဓာတ်ကလေးက ကောင်းပုံရပါတယ်...”

“ မင်းသဘောကျလား...”

“ တော်ပါ ထင်ရှားရာ... မင်းသာ ဖြူချောနဲ့လက်ထပ်ပြီး ပျဉ်းမငြိမ်မှာနေပေါ့... ငါကတော့ မနေနိုင်ပါဘူး... ခဏတဖြုတ် လာလည်ဆို လည်မယ်... ဖြူပြာကိုလည်း ခင်တာပါ...”

“ မချစ်ဘူးဆိုပါတော့ ”

“ အင်း... မချစ်ဘူး...”

“ အချစ်ဆိုတာကလည်း ခက်ပါတယ်... သူ့အချိန်ကျမှ အချစ်က ရုတ်တရက်ပေါ်ပေါက်လာတာ...”

“ မင်းခံစားရပြီးပြီ မဟုတ်လား ”

ဟုတ်ပါတယ်။

နှလုံးသားဟာ တစ်ချိန်က လှုပ်ရှားမှု ကင်းလွန်းတယ်။

ချစ်မှုချစ်တတ်ရဲ့လားလို့ ကိုယ့်ဘာသာ ထင်ထားခဲ့တာ။

ဖြူချောကို တွေ့ရမှ ချစ်တတ်တဲ့နှလုံးသားရှိပါလားလို့ သိခဲ့ရတာ။

“ သူရ... မင်းဒီမှာ ကြာကြာနေပါကွာ... ငါတစ်ယောက်တည်းလို ခံစားမှုနဲ့ မင်းရှိတဲ့ ခံစားမှု တူကိုမတူဘူး...”

“ ခုမှ ငါ့ကို ချစ်နေပြန်ပါပြီ... ငါ့ကိုချစ်လို့ ငါနဲ့နေချင်ရင် ရန်ကုန်ပြန်လိုက်ခဲ့လေကွာ...”

“ ဟာ... အဲလိုတော့လည်း...”

သူရရယ်နေတယ်။

ဖြူချောကိုခွဲခွာပြီး သူရန်ကုန်မပြန်နိုင်တော့ဘူးဆိုတာ သူရ သိနေပြီပဲ မဟုတ်လား။

“ ဟိတ်... ထင်ရှား... ဟိုသရက်ကိုင်းပေါ်က ဘာလဲ...

www.burmeseclassic.com

www.burmeseclassic.com



လူလား... ဘာကောင်ကြီးလဲ..."

သူရက အသေအချာ မြင်ရအောင် ဝရန်တာလက်တန်းပေါ် ကျော် ကြည့်နေပြီ။ သရက်ကိုင်းပေါ်ကို ထင်ရှားအောင်လည်း လိုက်ကြည့်မိပါတယ်။ မည်းမည်းအရိပ်ကို အခုမှ ထင်ရှားအောင် မြင်ရတယ်။ ချက်ချင်းဆိုသလို ကျော်လင်းကို ဒီလိုမြင်ဖူးတာ အမှတ်ရတယ်။

ကျော်လင်းပဲဖြစ်မယ်။

ဘာသဘောနဲ့ သရက်ကိုင်းပေါ် မှောင်မှောင်မည်းမည်းမှာ... ဘာလုပ်နေတာပါလိမ့်။

" အင်း... ကျော်လင်းနေမှာပါ..."

" နေစမ်းပါဦး... ဒီအချိန်ကြီး... သရက်ကိုင်းပေါ် ဘာတက်လုပ်နေတာလဲ... ပြီးတော့ အဲဒီသရက်ကိုင်းပေါ်ကဆို မင်း အိမ်လေးကို သေချာမြင်နေရတာ... မင်းကိုလည်း မကြည်မလင် ဖြစ်နေတယ်ဆို သတိထားနေဦး..."

" နေစမ်းပါစေ... ဒီကောင်လေးတွေကို ကလေးတွေလိုပဲ မြင်ပါတယ်..."

" အစ်မကိုချစ်ရတာနဲ့ပဲ... မောင်တွေကို အပြစ်မတင်ရက် တော့ဘူးလား..."

ကျော်လင်းဟာ တကယ်ပဲ... အဲဒီသရက်ကိုင်းပေါ်မှာ အကြာကြီး နေပါတယ်။ သူ့စိတ်ကို အံ့သြမိပါတယ်။

အာရုံကြောထိခိုက်ထားတယ်ဆော့ ပြောတယ်... ကောင်လေး ဟာ စိတ်ရောဂါမှန်ရဲ့လား...။

" ချစ်သူရှိတဲ့ နေရာကတော့ သာယာချမ်းမြေ့မှု အများဆုံး



ရှိတဲ့ နေရာပါပဲလေ... ဒါကြောင့်လည်း ထင်ရှားအောင်တစ်ယောက် ဒီလိုမျိုးနေရာမှာ နေနိုင်တာပေါ့"

" မင်းကတော့ တော်ရာမှာမနေပဲ... ပျော်ရာမှာနေတဲ့ လူမျိုးပဲ..."

" ဒါဆို ပျဉ်းမမြိုင်ဟာ သင့်တော်တဲ့ အရပ်မဟုတ်ဘူးလို့ ဆိုလိုတာလား"

" ဒီလောက် ချစ်ခြင်းမေတ္တာ ခေါင်းပါးနေတဲ့နေရာမှာ... ငါကတော့ မနေချင်ပါဘူး မင်းကတော့... မြို့ပြရှိတဲ့ အရပ်မှာ နေကို နေရမယ်လေ..."

အခုမှရောက်လာတဲ့ သူရကတောင် ပျဉ်းမမြိုင်မှာ ချစ်ခြင်း မေတ္တာ ခေါင်းပါးတယ်လို့ ပြောနေပြီ။ နောက်တစ်ကြိမ် သရက်ကိုင်း ပေါ် ကြည့်တဲ့အခါမှာ... မည်းမည်းအရိပ်မရှိတော့ပါဘူး...။ ကျော်လင်း ကတော့ သူနေချင်ရာ နေနေတာပါလား။

" ထင်ရှားအောင်... နားထောင်စမ်း... ဘာသံလဲ... ရန်ဖြစ် နေကြတဲ့ အသံမျိုးပါပဲ..."

" အိမ်မကြီးဘက်ကဖြစ်နေတာ..."

ဆူညံဆူညံသံက တော်တော်လေးပိုကျယ်လာသလိုပါလား။ ပျဉ်းမမြိုင်မှာ ဘာတွေပဲဖြစ်ဖြစ်... ထင်ရှားအောင်ဝင်မပါသင့်ပေမယ့်... မြို့ပြပျောမျိုးတစ်ခုခု ဖြစ်မလားဆိုတဲ့ အတွေးကြောင့် အသံလာရာဆီ ထွက်ခဲ့ပါတယ်။ ဘာတွေများ ဖြစ်နေကြပါလိမ့်။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" တော်တော့လို့ နင့်ကို ပြောနေတယ် ဖြူပြာ ပျဉ်းမမြိုင်မှာ ငါ့စကားကို နားမထောင်နိုင်ကြတော့ဘူးလား "

စိတ်ညစ်လိုက်တာ။

ဖြူပြာကလည်း တစ်ခုခုဆို... ဆူညံပွည်ဖြေရှင်းတယ်။

ပြီးတော့ ဒေါသအလျှောက် လက်ကပါချင်သေးတယ်လေ၊ အခုလည်းကြည့် သူ့ကြက်နှစ်ကောင်ပျောက်တာ... ကျော်လင်းတို့ လက်ချက်ပါဆိုပြီး ရိုက်မယ်ပုတ်မယ် တကဲကဲ ဖြစ်နေလေရဲ့။

" ကောင်းပြီလေ... လက်ပူးလက်ကြပ်မမိသေးလို့ကတော့ နိုးကြဦးပေါ့... တွေ့တဲ့တစ်နေ့မှာ ဖြူပြာ့အကြောင်း သိကြသေးတာပေါ့"

" နင်တို့ကြက် နင်တို့လုံအောင်သိမ်းပါလား... ပျောက်လာပြီး ဆူညံမနေနဲ့... နင့်လူကို နင်ပြန်မေး... သူကရော ယုံရလို့လား"

" ဘာပြောတယ်..."

ဖြူနု ဝင်ပါလာတဲ့အခါ ပိုရှုပ်ကုန်ပါပြီ။

ဖြူနုကလည်း အမွေခွဲပေးပြီးတည်းက မကျေနပ်စိတ်နဲ့ အမြဲရန်သူတွေလို ဆက်ဆံနေတယ်...။ ဒီလိုမျိုး စကားတွေများကြရင် ဖြူချော စိတ်ညစ်ပါတယ်။

" ဖြူနု "

" မာမီသိတဲ့အတိုင်း... ဟိုလူစိမ်းက ခြံထဲရောက်လာတယ်...



ဘယ်လိုလူလဲ... ဘယ်လိုအကျင့်ရှိလဲ... ဘာတွေကြောင့် ရောက်လာတာလဲ... ယုံကြည်တဲ့ လူတွေလည်း အံ့ဩပါရဲ့..."

" ဖြူနု... ငါ တော်တော့လို့ ပြောနေတယ်... နင် သွားတော့..."

အန်တီသက်ထား ဆူတော့မှ ဖြူနုငြိမ်သွားတာ။

ဖြူပြာရဲ့ မီးဝင်းဝင်းတောက်နေတဲ့ အကြည့်တွေက ဖြူနုကို ခြေဆုံးခေါင်းဆုံး ကြည့်နေလိုက်တာ။

" ဖြူပြာ... လာပါ လာပါ ဖြူချောတို့သွားကြရအောင်"

" ခုမှ သိပ်ရိုင်းပင်းနေတယ်..."

" ဘာ "

ဖြူနုတို့များ။

ထွက်သွားရာက လှည့်ပြီး ပြောသွားတဲ့ မျက်နှာအမူအယာ။

ဖြူပြာ့လို ဒေါသကြီး စိတ်မြန် လက်မြန် လူမျိုးမပြောနဲ့... ဖြူချောတောင်မှ စိတ်မှာ မခံချင်သလိုလို ဖြစ်သွားရတယ်။ ဖြူချောနှင့် ဖြူပြာ ခင်ခင်မင်မင် ရှိနေတာကို မနှစ်သက်တာများလား။

" ဖြူပြာ... လာပါ..."

ဖြူပြာ့လက်ကို တွင်တွင်ဆွဲရတယ်။

ခက်တော့ခက်နေပါပြီ။

" အန်တီသက်ထားသားတွေကို အန်တီသက်ထား ထိန်းထားပါ... နိုးနေတာ လက်ပူးလက်ကြပ်မမိလို့ကတော့ ဖြူပြာတို့ အဆိုးမဆိုနဲ့... နင်တို့နေနှင့်ဦး... ကြည့်ကြသေးတာပေါ့... နင်တို့ကပဲ ခိုးနိုင်လား... ငါကပဲ ဖမ်းနိုင်မလားဆိုတာ..."

ဖြူပြာလှည့်ထွက်သွားတော့မှ ဖြူချော သက်ပြင်းချနိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့တာ။

ဖြူပြာက အိပ်ခန်းဆီမသွားပါပဲ အိမ်ပြင်ထွက်သွားတော့ စိတ်မချစွာ လိုက်ရပြန်ပါတယ်။

“ ဖြူပြာ... ဖြူပြာ ဘယ်သွားမလို့လဲ ”

ခြံထဲမှာမှောင်နေပြီ။ မြက်တွေ ဘယ်လို ရှင်းအေးပါတယ် ပြောပြော... မြွေပါးကင်းပါးတော့ သတိထားမှပေါ့။

“ ဖြူပြာ နေစမ်းပါဦး... ဘယ်လဲ ”

“ ကြက်ခြံထဲ ”

“ ကြက်ခြံထဲမှာ ကြက်တွေအများကြီးရှိနေတာ... ပျောက်နေတာ ဟုတ်ရောဟုတ်ရဲ့လား ဖြူပြာ ”

“ ဘာလို့မဟုတ်ရမှာလဲ... ကြက်တွေဘယ်လိုများများ ညနေသိမ်းရင် ခြံချင်းခွဲပြီး ရေတာ... အလုပ်လုပ်ပါတယ်ဆိုမှ ဂရုတစိုက် လုပ်ရမှာပေါ့... ကျွန်တော်သေချာဂရုစိုက်တာ... ဟိုးအရင် ရက်တွေဆို... ကိုထင်ရှားအောင်နဲ့ နှစ်ယောက် ညနေဆို အသေအချာ ရေတာ... ဒီတစ်ရက်နှစ်ရက်မှ... ကိုသူ့ရှိနေလို့ ကိုထင်ရှားအောင်ကို သွားမခေါ်တော့ပဲ ကျွန်တော်တစ်ယောက်တည်း ရေတာ...”

ဖြူပြာကတော့ မှောင်ထဲပျောက်သွားတာပဲ။

ဖြူချောမှာသာ လမ်းပျောက်ရတာ မဲ့ရဲလိုက်တာ။ မြက်ရိုင်းတွေကြား ခွေနေတတ်တဲ့ မြွေတွေကို မြင်ဖူးထားလေတော့... ခြေလှမ်းရတာ ထိတ်ထိတ်လန့်လန့်လိုပါပဲ။

“ မကျေနပ်ဘူး... တစ်ရက်ရက်တော့ သူ့ခိုးကို မိမှာပါပဲ... အဲဒီကျမှ မကျန်းမာတဲ့ကလေးမို့ပါ... စိတ်ကလေး မကောင်းလို့ပါ ဘာမပြောနဲ့... ဖြူပြာတို့က အဲဒီကျရင် အသေပဲ ”



“ မဟုတ်တာ ဖြူပြာရယ်... ဖြူချောတို့တွေဟာ ဖေဖေ မရှိတော့ပေမယ့် မောင်နှမတွေကတော့ မောင်နှမတွေပါပဲ... ကြက်ခိုးတယ်ဆိုတာက မကောင်းပေမယ့် သူက...”

“ လာပြန်ပြီ ဖြူချော ကိုယ်တိုင်ကပါ... မောင်တွေပဲ ကျန်းမာရေး မကောင်းဘူးလာပြောမနေနဲ့... ကျွန်တော်တို့ မွေးမြူရေးလုပ်တာ စီးပွားရေးလုပ်တာ... သူတို့ နေ့တိုင်း ကြက်သားစားဖို့ မွေးထားတာ မဟုတ်ဘူး... ဖြစ်နိုင်ရင် ကြက်ခြံကိစ္စမှာ ဖြူချော ဝင်မပါနဲ့ ကိုထင်ရှားအောင် ဆိုတာကလည်း... အခုမှ ပျဉ်းမမြင်ကို ရောက်လာတာ... ဖြူနုတို့ကျော်လင်းတို့အကြောင်းတွေ ဘာမှ သိတာမဟုတ်ဘူး...”

ဖြူပြာပြောတာလည်း မှန်တော့မှန်ပါတယ်။

ဒါပေမယ့် ဖြူချောပြောသလိုပါပဲ။ ကျော်လင်းတို့ဆိုတာ မောင်နှမတွေ မဟုတ်လား။ ဖြူပြာ့ရဲ့ ဒေါသနဲ့ မဖြစ်တန်တာ မဖြစ်ရအောင် ဖြူချော ဝင်ပြောရတာပါ။ ခုတော့ ဖြူချောဝင်မပါပါနဲ့တဲ့။ ခက်တာပါပဲ။ ကိုထင်ရှားအောင်ကိုတော့ ဖြူပြာဒေါသကို သတိထားပေးဖို့ ကြိုပြောထားမှပါ။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

"အရင်ကတော့ ကိုယ်လည်း ကြက်တွေ ညနေတိုင်း ရေနေတာပါ… ဒီတစ်ရက် နှစ်ရက် သူရှိနေတော့ ဖြူပြာရှိတာပဲဆို ကိုယ်လည်း ပေါ့ဆသွားမိတယ်…"

"ကိုထင်ရှားအောင်စစ်လည်း လျော့နေတာကတော့ လျော့နေတာ တွေ့ရမှာပါပဲ… ဖြူပြာ့ဒေါသကို လန့်တယ်… တော်ကြာ မောင်နှမချင်းတွေ မဖြစ်သင့်တာ ဖြစ်ကုန်ကြရင် မကောင်းပါဘူး… ပြောပေးပါဦး ကိုထင်ရှားအောင်ရယ်…"

"ကိုယ်ပြောပါမယ်… ပြီးတော့ ကြက်ခြံကို ခိုးလို့ လုံးဝ မရအောင် ပြင်ရလိမ့်မယ်… ခိုးတယ်ဆိုတာ ခိုးလို့ရအောင် တစ်ခုခု လိုနေလို့… ခိုးမရအောင် ဂရုစိုက်ရင် ဘယ်ခိုးမလဲ…"

ဖြူချောကတော့ စိတ်နုတဲ့သူပီပီ… မောင်နှမချင်းတွေ ရန်ဖြစ်ကုန်ကြမှာ စိုးရိမ်တယ်ထင်ပါရဲ့… ဖြူပြာရဲ့ ဒေါသကလည်း နဂိုရိုက လက်ဆရှိနေပြီးသား ဖြူပြာနဲ့ ရန်ဖြစ်လို့ကတော့ ခေါင်းပေါက်တဲ့ လူနဲ့… လက်ကျိုးတဲ့သူနဲ့ ဖြစ်ခဲ့ဖူးတာကိုး…။

"ကြက်ခြံထဲကို ဘယ်လို ခိုးဝင်သလဲဆိုတာ ကြည့်ရမှာပေါ့… ဝင်လို့ရမယ့်နေရာတွေ အကုန်ပိတ်ရမယ်… ကိုယ့်စိတ်မှာ သူခိုး မရှိနိုင်ဘူး ထင်ခဲ့တာပဲ… မောင်ကျော်လင်းတို့မဟုတ်ပဲ… သူစိမ်းတွေလည်း ခြံထဲဝင်ချင် ဝင်နိုင်တာပဲ မဟုတ်လား… စီးပွားရေး



လုပ်ငန်းလုပ်တာ… ဂရုစိုက်ရမှာပေါ့… ဒါသင်ခန်းစာပဲ… ဖြူပြာ့ကို တိုင်ပင်ပြီး လုံခြုံရေးလုပ်ရမယ်… လိုအပ်ချက်တွေ အများကြီး ပါလား…"

ဖြူပြာက အလုပ်လောဘရှိတော့ ချက်ချင်း ကြီးပွားနိုင်ဖို့ထိ စိတ်စောတယ်လေ။ နှစ်ယောက်လုံးက အလုပ်ကို ခုမှ စကြရတာ။ လစ်ဟင်းနိုင်တာတွေက အများကြီးပါလား။ သန့်ရှင်းရေးလုပ်ဖို့ အခု လူငှားရတယ်။ နေ့စားပေးပြီး နေ့ချင်းပြီးခေါ်ရတယ်။ ညဘက်တွေတော့ ကိုယ်တိုင်ပဲ စောင့်ကြည့်ရမှာပေါ့။ ပစ်ထားလို့တော့ မဖြစ်တော့ဘူးလေ…။

ဂရုစိုက်နေတဲ့ကြားက ကြက်တွေပျောက်နေတယ်ဆိုရင် ခေကောင်း။

"ကိုယ်ပေါ့လျော့သွားလို့ပါ… နောက် ပိုဂရုစိုက်မယ်"

"ဖြူချော စိတ်ပူတာက ကျော်လင်းတို့ တကယ်ပဲ အပျော် အပျက် ခိုးတယ်ထား… ဖြူပြာနဲ့တိုးမှာ ကြောက်တယ်"

"ကိုယ်ပိုဂရုစိုက်ပါမယ် ဖြူချော… ကိုယ်နဲ့တွေ့ရင်တော့ ပြဿနာမဖြစ်ရအောင် အတတ်နိုင်ဆုံးထိန်းမယ်…"

"ကျေးဇူးပါပဲ ကိုထင်ရှားအောင်"

ဖြူပြာစိတ်ဆိုးမယ်ဆိုလည်း ဆိုးစရာ။ ကြက်တွေက ညကာနီးလာပြီ။ စီးပွားရေးလုပ်နေတာ… ဂရုစိုက်ရမှာပေါ့။

"ခုလိုမျိုး သူခိုးသူဝှက်ရန်ရှိနိုင်တယ်ဆိုတာ… အရင်တည်းက စဉ်းစားရမှာ… စိတ်ချပါ ဖြူချော… ဖြူပြာ့ကို ကိုယ်ဖျောင်းဖျပါ့မယ်… အရင်ထက်လည်း အားလုံးကိုဂရုစိုက်ပါမယ်…"

ဖြူချောကို စိတ်မဆင်းရဲစေချင်ဘူးလေ… တကယ်လည်း

www.burmeseclassic.com



ကြက်ခြံကို ပိုဂရုစိုက်သင့်ပြီ… ညစောင့်အဖြစ် သံချောင်းလေးတို့ ငှားသင့်သလား။ ဖြူပြာနှင့် တိုင်ပင်စရာတွေ များလာပြီ…။ ဖြူချော ပြန်သွားတော့လည်း… တစ်ယောက်တည်း အတွေးများနေပါပြီ။

" မင်းဘာတွေတွေးနေလဲ သူရ…"

" ပျဉ်းမမြိုင်ဟာ မင်းပြောသလို ဝါးအစည်းပြေနေတာပါပဲ ကျော်စွာကတော့ သူနေရာ မင်းကိုထားခဲ့တာနေမှာ…"

" ရမလား… သူကမိသားစု ငါကသူစိမ်း… ပျဉ်းမမြိုင်ရဲ့ ဝါးအစည်းပြေကာမှပြေ… ဝါးကလေးတစ်လုံးအတွက်တော့ နေနေရဦး မှာပါပဲလေ…"

" ထင်ရှား… ငါ့အမြင်ပြောရရင်တော့ ဖြူပြာဆိုတဲ့ ကောင် လေးက အလုပ်လောဘကြီးပြီးတော့ ခေါင်းမာတယ်… မင်းတ နှစ်ယောက်လုံးဟာ အခုမှ အလုပ်စလုပ်တာ… မွေးမြူရေးလုပ်ငန်း မင်းကလည်း တစ်နိုင်တစ်ပိုင်လေး လုပ်ခဲ့ဖူးတာ… ပထမဆ အတွေ့အကြုံမှာ အကောင်ရေတွေက အများကြီး… မင်းတို့အ ငါမောတယ်…"

သူရပြောသလိုများ ထင်ရှားအောင်နှင့်ဖြူပြာ အလုပ်လော တွေ သိပ်ကြီးမိနေပြီလား…။ သူရကတော့… လုပ်မိပြီ အောင်မြင်အောင် ကြိုးစားရတော့မှာပေါ့တဲ့။

" မင်းတို့ရဲ့ ဒေါသက်ထားကြီး ကြိုက်တာ မကြိုက် နောက်ထားပြီး… ငါ ဒီမှာ နည်းနည်းကြာအောင်တော့ နေပေးပါမယ် မင်းတစ်ယောက်တည်း အချစ်နဲ့ နီးနီးနားနားနေချင်တာ ဘစ်ခုအတွက် ရင်မောနေရတာတွေ မမြင်ရက်လို့ပါ…"

" ကျေးဇူးတင်ပါတယ် သူရရယ်…"



သူရအတူရှိမယ်ဆိုရင်တော့ ဘာပြောစရာလိုသလဲ။ ထင်ရှားအောင်အတွက် တကယ့်တအားပါပဲလေ…။

" ငါရှိနေတာကို မင်းအနှောက်အယှက် မဖြစ်မချင်းပေါ့…"

" မင်းက ငါ့အချစ်ဆုံးသူငယ်ချင်းပါ… မင်းရှိတာ ဘာ အနှောက်အယှက် ဖြစ်စရာလိုသလဲ…"

" သိနိုင်ဘူးလေ… တော်ကြာမှ ကိုကိုရှားရယ်… ဖြူချောတို့ လက်ထပ်ကြပါစို့ဆို… ဒီအိမ်လေးပေါ်ကနေ သကောင့်သား သူရ တစ်ယောက် ပြေးပေါက်မှားနေပါမယ်…"

သူရအပြောကြောင့် ထင်ရှားအောင် ရယ်ရတယ်။

လက်ထပ်ဖို့ နေနေသာသာ… ချစ်ပါတယ်လို့တောင် အဖြေ မရသေးတာ။ အတူနေကြဖို့… ဟိုးအဝေးကြီးမှာ ဝေးမှဝေးပါလေ။

" ဖြူချောက ချစ်ပဲချစ်ပါစေဦး…"

ဖြူချောကို ချစ်မိပြီဆိုတာနှင့် ပျဉ်းမမြိုင်ဟာ ထင်ရှားအောင်ကို နှောင်ကြိုးတစ်မျှင်နှင့် ရစ်ချည်ထားခဲ့တာပဲ မဟုတ်လား။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" ကြက်သားဟင်းအိုးထဲ ပျဉ်းတော်သိမ်လေးခပ်လိုက်ရင် ပိုကောင်းမှာ..."

" ကိုထင်ရှားအောင်က အဲလိုမျိုးစားချင်သလား... ဒါဆိုရင် ဖြူချော... ပျဉ်းတော်သိမ်ရွက် ခူးဦးမယ်..."

" ပျဉ်းတော်သိမ်ပင်က ခြံထဲမှာရှိလား ဖြူချော "

" ပျဉ်းမမြိုင်ခြံထဲမှာ မရှိတဲ့အပင် ရှားပါတယ်..."

ဖြူချောက အိမ်နောက်ပေါက်လေးကနေ ထွက်သွားတော့ ထင်ရှားအောင် လိုက်လာခဲ့မိပါတယ်။ ထင်ရှားအောင် စိတ်ပူတာက ပျဉ်းတော်သိမ်ပင်ရှိတဲ့နေရာမှာ... မြက်ရိုင်းတွေများ ရှည်နေမလား ချစ်တော့လည်း စိုးရိမ်ပူပန်ရတာပေါ့လေ...။

" ဒီနေရာလေးကို ဖြူချောသွားချင်စိတ် မရှိပါဘူး... မသွားခဲ့တာလည်း ကြာခဲ့ပြီ... ဖြူချော စိတ်ထိခိုက်ရလို့ပါ "

" ဒါဆို မသွားနဲ့လေ... ဖြူချော..."

" ရပါတယ်... ဒီလိုပေါ့..."

လူသူအရောက်အပေါက်ကင်းလေတော့ မြက်တွေလည်း ရှိနေတာပါလား...။ ဖြူချောက မြက်နည်းတဲ့နေရာတွေ ရွေးသွား တယ်။ ထင်ရှားအောင်ကတော့ ကိုယ့်ထက် ဖြူချောကို ပိုစိတ်ပူ တယ်...။



" ပျဉ်းတော်သိမ်ရွက်ကလေးရဖို့ ဒီလောက် အပင်ပန်းခံရတာ မကောင်းဘူး ဖြူချော... ပြန်ကြပါစို့... ကြက်သားဟင်းက ဒီအတိုင်း စားလိုက်လည်း ရပါတယ်..."

" လာပါ... ကိုထင်ရှားအောင်ရယ်... ရှင့်ကို ပြစရာလည်း ရှိတယ်..."

ဖြူချော ဘာပြမှာပါလိမ့်။

ပျဉ်းတော်သိမ်ပင်ကြီးကလည်း အကြီးကြီးပါလား...။

" ဟိုမှာတွေ့လား..."

ဖြူချောညွှန်ပြရာကို ကြည့်မိတယ်။

ဝရန်တာလက်တန်းတွေက ကျိုးပဲ့ ပျက်ဆီးလို့ အပျက်အဆီးတွေက ဒီအတိုင်းရှိနေပါတယ်...။ ပျဉ်းတော်သိမ်ရွက်တွေ ခူးရင်း ဖြူချောက ပြောတယ်လေ။

" ကိုကြီး အဲဒီနေရာက ကျသွားတာ ကိုထင်ရှားအောင်... ဖြူချော စိတ်မကောင်းရင် လာလာကြည့်ပြီး ငိုတယ်..."

" ပျဉ်းမမြိုင်ဟာ တကယ်တော့ အိမ်အိုကြီးပဲ... တချို့ နေရာတွေက ဆွေးမြေ့နေပါပြီ... ဖြူချောတို့ပြင်ဆင်ဖို့ ကောင်းပါ တယ်... အန္တရာယ်ရှိတာပေါ့... အခုပဲကြည့်လေ... ဝရန်တာ လက်တန်းတွေက ဆွေးနေသလို... လှေကားအိုကြီးကလည်း ကျိုးတာ ကျိုးလို့... ပြင်သင့်နေပြီ..."

အဲလိုပြောတော့ ဖြူချော ပြန်ပြောပြပါတယ်။

ခုချိန်မှာ ပျဉ်းမမြိုင်မှာကို ပြင်ဆင်ဖို့ ဘယ်သူက စိတ်ကူးမှာ တဲ့လဲ...။ အန်တီသက်ထားတို့မိသားစုတွေက သူတို့ဝေစု နည်းလို့ ဆောင် စိတ်မကြည်ရတဲ့ အထဲ... ပျဉ်းမမြိုင်ကို ပြင်မှာတဲ့လား...။

www.burmeseclassic.com

www.burmeseclassic.com



" ဖြူပြာက ငွေအများဆုံးရပေမယ့်... ဖျဉ်းမမြိုင်အိမ်ကြီးကို မယူဘူးလေ... သူ့စီးပွားရေး လုပ်ငန်းထဲပဲ ငွေတွေထည့်မှာပေါ့... အိမ် ဘယ်ပြင်ပါလိမ့်မလဲ..."

" ဖြူချောကရော မပြင်ချင်ဘူးလား "

" ပြင်ပေးချင်ပါတယ်... ခက်နေတာက... အိမ်မကြီးကို အန်တီသက်ထားက သူယူမှာဖြစ်နေတယ်... ကိုကြီးရှိတုန်းက တစ်မျိုးပေါ့... အခုကိုလေးကလည်း သူ့ဝေစုသူယူပြီး အိမ်ထောင်ခွဲတော့မှာ... ဖြူချောဖြင့် ဖျဉ်းမမြိုင်မှာ မနေချင်တော့သလိုပါပဲ "

" ဖြူချော ဒီမှာမနေချင်ဘူးလား "

" ဖြူချော ဖျဉ်းမမြိုင်မှာနေရတာ မောပန်းနေသလိုပါပဲ... မေတ္တာကင်းမဲ့ပြီး နွေးထွေးမှုနည်းလိုက်တာ... ဖေဖေနဲ့ကိုကြီး မရှိတာမှာတင်... ဖျဉ်းမမြိုင်ဟာ... ဖြူချောစိတ်မှာ ပြိုကျပျက်ဆီးသွားပါပြီ... ကိုထင်ရှားအောင်နေတဲ့ အိမ်ကလေးမှာမှ နေချင်သေးတယ်..."

" အဲဒီအိမ်ကလေးမှာ ကိုယ်ရောအတူနေခွင့်ရမလား ဖြူချော"

ဖြူချော ပြုံးနေတယ်။

ဒါဟာ ရှက်ပြုံးလား။ သိပ်ကို ချစ်စရာကောင်းပါတယ်...။

" ဖြူချောကို သိပ်ချစ်တယ်... ဖြူချောကြောင့်လည်း ဖျဉ်းမမြိုင်မှာ ကိုယ်ရှိနေခဲ့တာ..."

" ဖြူချော သိပါတယ်..."

" ဒါဆို ကိုယ့်ကိုချစ်လား "

" ကိုထင်ရှားအောင်က ဖြူချောကို တစ်သက်လုံး ချစ်မှာပါ နော်..."

" ဖြူချောမှာ သံသယတွေရှိနေတုန်းလား... "



" မယုံကြည်လောက်ဘူးဆိုတဲ့ စိတ်မျိုးတော့မရှိပါဘူး... ဖြူချော လိုချင်တာ နွေးထွေးတဲ့မေတ္တာပါ... တစ်သက်လုံးအတွက် လိုချင်တာ တစ်ခဏလေးသာဆို ဖြူချောရှုံးရလိမ့်မယ်..."

" ဖြူချောအတွက် ထာဝရပါ... ကိုယ့်ဘဝအတွက် တစ်သက်တာ ချစ်တာပါ... ဖြေလေ ဖြူချော..."

" တစ်သက်တစ်ချစ် ဖြစ်မယ်ဆို... ဖြူချောချစ်ပါတယ်"

ဖြူချောက ရှက်ပြုံးတွေနှင့် ခေါင်းလှုပ်ပြီး ခြေလှမ်းတွေကို သွက်လက်စွာ လှမ်းသွားပြီ။

ဖြူချောမြင်လိုက်မည်မထင်။

ထင်ရှားအောင်ကတော့... သရက်ပင်နှင့်ကွယ်ပြီး သူတို့ နောက်ကို... ရူးရူးစိန်းစိန်း ကြည့်နေသော ကျော်လင်းကို မြင်လိုက်ပါတယ်...။ ထင်ရှားအောင် ပြန်ကြည့်နေတော့... သရက်ပင်တွေ ကွယ်ပြီး ထွက်သွားပါပြီ။ ကျော်လင်းက ကျန်းမာရေးလည်း ကောင်းလို့ ကျောင်းမတက်နိုင်ဘူးဆို အိမ်မှာအချိန်ပြည့်ရှိနေပြီး တစ်ခြံလုံး သွားချင်ရာသွားနေတာပါ...။

" ဟာ... ဒါတွေက ဘယ်လိုဖြစ်တာလဲ "

" ငါက ဖြူပြာနဲ့ ကြက်ခြံတွေဘက်သွားရာက ပြန်လာတာ... ဒီနေ့ဖြူချော ဟင်းချက်နေမယ်ပဲ မှတ်ပြီး မီးဖိုထဲ ဝင်လိုက်တော့ ဒီလိုတွေ့တာပဲ..."

ထမင်းအိုး ဟင်းအိုးတွေက ကြမ်းပြင်ပေါ် ပြန့်ကျဲလို့ပါ...။ ဘယ်သူ့လက်ချက် ဖြစ်နိုင်လဲ...။ ဖြစ်နိုင်ချေ အများဆုံးရှိတဲ့လူက ကျော်လင်းပဲလို့... ထင်ရှားအောင် ချက်ချင်းသိပါတယ်။

" ဟိုလေ... ဖြူချောတို့ ဟိုဘက်ခြံမှာ အင်းဆွေးကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင် မွေးထားတယ်… ကိုသူရရဲ့… တစ်ခါတုန်းကလည်း… ဖျဉ်းမမြိုင် အိမ်ကြီးပေါ်တက်ပြီး ထမင်းတွေဟင်းတွေ စားသွားတာ…"

ဖြူချော…

အားလုံး စိတ်ပြေအောင် တမင် ပြောနေတာလား…။ တိရစ္ဆာန်ဆိုတာက… စားချင်ရင် ရသလောက်စားမှာပါ…။ အခုက ထမင်းဟင်းတွေက ပြန့်ကျဲသာ နေတယ်… တစ်ဖတ်တစ်လေမှ စားသွားတာမဟုတ်။

" ဖြူချောပြောတဲ့ အင်းခွေးကြီးနာမည်က ကျော်လင်းတဲ့လား…"

" ဟဲ့…ဖြူပြာ "

" ဖြူချော သူတို့ကို ကာကွယ်ပေးတာများနေပြီ ထင်တယ်… အခု ကဲသည်ထက် ကဲလာပြီ… နောက်ဆို… ဖြူချောနဲ့ကျွန်တော် တစ်ယောက်ယောက် ဘီးတပ်ကုလားထိုင်ပေါ်ရောက်မလား… သေမလား "

" ဖြူပြာ… မဟုတ်တာတွေ "

" မဟုတ်တာတွေဆိုလည်း မပြောတူးဗျာ… ဖြူချောဘာသာ ကာကွယ်ချင်ကာကွယ်… ကျွန်တော့်မြင်ကွင်းထဲတော့… ပက်ပင်း မတိုးစေနဲ့… တိုးရင်…"

ဖြူပြာ မျက်နှာတင်းလွန်းပါတယ်…။

ဖြူချောကတော့ ပေကျံပွနေသမျှတွေ သိမ်းရင်း… နောက်ထပ် ထမင်းချက်ဖို့ ပြန်ပြင်နေပါတယ်။ သူရကတော့ ဖြူချောနှင့် ဖြူပြာရှိလို့ထင်ပါရဲ့… ထင်ရှားအောင်ကို ဘာမှမပြောပဲ ထိုင်ကြည့်နေပါတယ်။



ဖြူချောရယ်…။

ချစ်သူရဲ့ ချစ်တယ်ဆိုတဲ့ စကားလေးကြားလို့မှ ပြည့်ပြည့်ဝဝ မပျော်ရသေး။ စိတ်အနှောင့်အယှက်တွေက ရောက်နေပါရောလား။ ကျော်လင်းတို့က ဘာဖြစ်နေတာလဲ…။

" ဖြူချောပင်ပန်းပါတယ်… ပြန်ချက်မနေနဲ့… သူရနဲ့ကိုယ်… အပြင်သွားစားလိုက်တော့မယ်…"

" ဖြူချော ချက်ပေးမယ်…"

" ဖြူချောပင်ပန်းပါတယ်… ကျွန်တော်လည်း ဧည့်သည် မဟုတ်ပါဘူး… ထင်ရှားအောင်နဲ့ အပြင်သွားစားပါမယ်…"

ဖြူပြာကတော့ ခပ်အေးအေးပါပဲ။ အိမ်ရှေ့မှာ ကက်ဆက်ဖွင့်ပြီး နေလည်း နေနိုင်တယ်။ ဖြူချောကတော့ မီးဖိုထဲရှုပ်ပွနေသမျှ လိုက်ရှင်းနေပါတယ်။ ချစ်သူအနားမှာ ကူလုပ်ပေးရင်း ချစ်သူ့ မျက်နှာလေးကို ကြည့်မဝစွာ ကြည့်မိပါတယ်…

သိပ်ချစ်တယ် ဖြူချောရယ်…။

⌑ ⌑ ⌑

www.burmeseclassic.com

www.burmeseclassic.com

ကျော်လင်းလေးက ဒီလောက်ထိ ဆိုးဖို့တော့မကောင်း။ ထမင်းဟင်းတွေ လွှင့်ပစ်ရအောင်အထိလည်း စိတ်ဓာတ်ညံ့ဖို့ မကောင်း...။ ဖြူချောမှာဖြင့် သိနေပေမယ့်... ကိုယ်မောင်လေးပဲလေ။ မကောင်းတတ်ပါဘူးဆိုပြီးတော့...။ ဖုံးဖုံးဖိဖိ ပြောပေးပေမယ့်... ဖြူပြာကလည်း သိနေတာပဲ မဟုတ်လား။

ကိုထင်ရှားအောင်ကို ဖြူချောချစ်ပါတယ်။

ဒါကြောင့်လည်း ချစ်တယ်လို့ အဖြေပေးလိုက်ပြီပဲ။

" ဖြူချော "

" ရှင်... "

" လာပါဦး... လိုက်ခဲ့ပါ... ကျွန်တော်တို့ ခြံအစပ်မှာ ဘာတွေရှိတယ် သွားကြည့်ရအောင်... "

ကြက်ခြံတွေဘက်မဟုတ်ပါပဲ... တစ်ဘက်မြေကွက်လွတ်ဆီ လျှောက်လာခဲ့ကြပါတယ်။

" ဟင်... ဒါက... ဒါက... "

သဇင်တိုင်တွေမှ စီစီရီရီပါလား...။

ခုမှပျိုးထားတာဆိုပေမယ့်... တကယ့်ကို စီရီယရှိရှိ ပြုစုထားတာ။ နည်းတဲ့သဇင်တိုင်တွေမှမဟုတ်။

" ကိုထင်ရှားအောင်တို့များ... အချစ်ကိုသဇင်ပင်တွေနဲ့



သက်သေပြသတဲ့... ဖြူချောအတွက် စိုက်ထားတာတဲ့လေ... ကိုသူရ ...တုန်း သဇင်ဥတွေပါလာတာ... "

" ကိုသူရလာရင်... ဖြူချောကို လက်ဆောင်ပေးမယ်ဆိုတာ သဇင်တိုင်တွေလား... "

" ဟုတ်တယ်... ရေတွင်းဟောင်းကို ဆယ်လိုက်တယ် ဖြူချော... ပြီးတော့ မော်တာနဲ့ ရေစုပ်လို့ရအောင်ပြင်နေတာ... ...မှလည်း သဇင်တိုင်တွေကို... ရေလောင်းပေးလို့ရမှာ... "

ဖြူချောကို ခုလောက်ထိ ဂရုတစိုက်ချစ်ဖော်ရတာ ကြည်နူးရ...တယ်။ ဟိုးအရင်တည်းက ပန်းလေးတွေကို ချစ်ခဲ့ဖူးသူမို့... သဇင်ပင်တွေဟာ နှစ်သက်စရာပါ...။

" ကိုထင်ရှားအောင်က ဖြူချောကို သိပ်ချစ်ပါတယ်... ...ချောက စဉ်းစားနေတုန်းပဲလား... "

ဖြူပြာ့ကို ပြောလိုက်ရမလား။

ပြောရမှာကို ရှက်နေသလိုလို...။

" ဖြူချော "

" ဘာလဲ ဖြူပြာရဲ့... "

" ကျွန်တော်တို့ အမွေခွဲကြရအောင်... "

" ဟယ်... မလုပ်ပါနဲ့... ဖြူပြာရယ်... နဂိုရ်ကမှ ...ကြည်လင်တာ... "

" ကိုလေးသော်တာ လက်ထပ်တော့မယ်... သူလည်း ...အသစ် တည်ဆောက်တာ ငွေလိုမှာပဲ... ခုလိုမျိုး ရောနေရတာ ...ချင်တော့ဘူး... ကြက်ခြံတွေပါတဲ့ဘက်ခြံကို ကျွန်တော်ယူမယ်... ...တိုင်တွေပါတဲ့ဘက်ခြံကို ဖြူချောယူ... အိမ်မကြီးပါတဲ့ အခြမ်းကို

www.burmeseclassic.com

www.burmeseclassic.com



တော့ သူတို့ယူပါစေ..."

"ခုလိုခွဲဝေပြီး... နေဖို့အိမ်ကရော..."

"ကိုယ့်ခြံထဲ ကိုယ့်ဘာသာ အိမ်ဆောက်ကြတာပေါ့... ဖြူချောလည်း ကိုထင်ရှားအောင်နဲ့ လက်ထပ်ပြီး ကိုယ့်ခြံထဲ ကိုယ် အိမ်ဆောက်နေလိုက် "

"ပြောဘော့လွယ်လိုက်တာ ဖြူပြာရယ်..."

"ဖြူချောက နေရာတကာ ကြောက်နေ... ကိုယ့်ခြံနဲ့ကိုယ်ဆို သေချာခြံခတ်ထားမယ်... သူခိုးဝင်လာရင် အသေပဲ... ကျွန်တော် ခွေးတစ်ကောင်မွေးမယ်... ခွေးကို သေချာသင်ပေးထားမယ်..."

"ဖြူပြာ လျှောက်မလုပ်ပါနဲ့ သေချာစဉ်းစားပါဦး "

"ဖြူချော ဘာတွေကြောက်နေလဲ... ဖြူချောမှာမှ ရှေ... မားမားမတ်မတ်ရပ်ပေးမယ့် ကိုထင်ရှားအောင်ရှိသေးတယ်... နောင်တစ်နေ့ ဖြူချောက သာယာတဲ့ အိမ်ကလေးတစ်ခုရမှာပါ... ကျွန်တော်ဆို အရာရာ တစ်ယောက်တည်း ကြံ့ကြံ့ခံရင်ဆိုင်ရမှာ..."

"ကိုလေးသော်တာနဲ့ တိုင်ပင်မယ်... ပြတ်ပြတ်သားသား ပေါ့..."

ဖြူပြာဘယ်လိုပြောပြော ဖြူချောမပြတ်သားသလိုပါပဲ... ဖေဖေရှိစဉ် ငယ်ဘဝက အတူပျော်ပျော်ပါးပါး ပြေးလွှား... ဆော့ကစားခဲ့တဲ့ မောင်နှမတွေလေ...။ ခုချိန် တကယ့်ကို သွေး... အေးစက်နေစေကာမူ ဖြူချောဘက်ကတော့ ရက်စက်သလို မပြု... ပါဘူး...။

ကိုထင်ရှားအောင်နှင့် လက်ထပ်ပြီဆိုရင်လည်း အန်... သက်ထားတို့စိတ်နှင့် အိမ်မကြီးပေါ်မှာ ဖြူချော နေခွင့်ရမှာမဟုတ်...



ဖြူချောစိတ်မှာလည်း သာယာချမ်းမြေ့သော မိသားစုကလေးတစ်ခု အဖြစ်... အေးချမ်းစွာနေချင်ပါတယ်။ အခုနေတဲ့ အိမ်ကလေးက လည်း... ခြံကို သုံးပိုင်းပိုင်းရင် ဖြူချောယူရမယ့် အပိုင်းဘက် ဘယ်လိုမှ မပါနိုင်။

သူကရော အနာဂတ်ဘဝခရီးမှာ... ဘယ်လိုစဉ်းစားမည်မသိ။

ခုချိန်မှာ သူနှင့်ဖြူချောက ချစ်သူတွေ ဖြစ်သွားကြပြီပဲ။

သူနှင့် ဖြူချောတို့ရဲ့ ဘဝခရီးကို နှစ်ယောက် စိတ်တူညီစွာ ဆုံးဖြတ်တည်ဆောက်ကြရမှာလေ...။ ဒါပေမယ့် ခုချိန် အမွေတွေခွဲကြ ...ကြီးကို ခွဲယူကြဆိုရင် ဖြူချောစိတ်မှာ သူတို့ကိုသနားနေသလိုပါလား။

တစ်ခါတစ်ရံမှာတော့ ဖြူပြာလိုစိတ်မျိုးရှိရင် ကောင်းမှာပဲလို့ ဖြစ်နိုင်တာကို တမ်းတမိတော့တယ်။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" ဒီကောင်လေးက စိတ်ရောမှန်ရဲ့လား "

" အာရုံကြောထိလို့ ဆေးရုံသွားသွားတက်ရတယ်တော
ပြောတာပဲ… စိတ်နောက်နေလောက်အောင်တော့ မဆိုးလောက်ပါဘူး
ဒါပေမယ့် အမှားအမှန်တော့ ကောင်းကောင်း ခွဲခြားတတ်ပုံမရဘူး

ကျောင်းလင်းအကြောင်း သူရနှင့်ပြောနေမိပြီ။ ဒီလောက်
အခဲမကျေသလို ဖြစ်နေတာတော့ မကောင်းဘူးထင်ပါရဲ့…။ သူမျှားမျှ
စားသောက်မယ့် ထမင်းဟင်းတွေ သွန်ပစ်တာတော့ စိတ်ဓာတ်
ညှို့ဖျင်းလွန်း အားကြီးနေပြီ။

" ဖြူချောက မောင်လေးတွေပဲဆိုတဲ့ မေတ္တာစိတ်ထားတယ်
ဖြူပြာကတော့ သူ့အပေါ်မကောင်းရင် မကောင်းသလို ပြတ်နိုင်တယ်
ဖြူချောက မပြတ်သားနိုင်ဘူး… အင်းလေ… လက်ထပ်ပြီးရင်လည်း
ခွဲနေကြမှာပဲဟာ…"

" လက်ထပ်ပြီးရင်တဲ့… အခြေအနေတိုးတက်လာပြီပေါ့

" ဖြူချောက ချစ်ပါတယ်လို့ ပြောလို့မှ ပီတိလေးဖြစ်
မကြဲသေးဘူး… စိတ်ကိုချုပ်ပြီး မောသွားတာပဲ…"

" ဖြူချောက ချစ်တယ်တဲ့လား… ဖြူချောတို့မှ
ဒီလောက်ချစ်စရာ မကောင်းတဲ့ ထင်ရှားကိုများ… ဘာချစ်သလဲကွာ

သူရအပြောကြောင့် ရယ်ရတယ်။



" မင်းတို့ကြက်ခြံမှာ ညဆောင့်ဖို့ စိတ်ချရတဲ့ လူတစ်ယောက်တော့ ငှားသင့်တယ်… ဖြူပြာစီစဉ်တာ မှန်တယ်… အခုဆို ကြက်တွေက ဥကာနီးလာပြီ… မင်းတို့ရင်းနှီးထားသမျှ အရှုံးမရှိ ဆုံးရှုံးလို့ မဖြစ်ဘူးလေ… ဒါလည်း မင်းတို့ကို သံယောဇဉ်များနေလို့ကတော့ ဒီက မခွဲနိုင်ဖြစ်တော့မယ်…"

" သံယောဇဉ်များပါကွာ… များပါ… များလေ ကောင်းလေပဲ…"

သူရရှိနေတာက တာကယ့်အဖော်ကောင်းပဲ။ ရင်ဖွင့်လို့ရတယ်လေ။

" ဖြူပြာ့စကားတစ်ခွန်းကို မင်းသတိထားမိလား… ဖြူချောသူတို့ကို ကာကွယ်ပေးတာ များနေပြီထင်တယ် အခု ကံသည်ထက်ကဲလာပြီ… နောက်ဆို ဖြူချောနဲ့ကျွန်တော် တစ်ယောက်ယောက်ဘီးတပ်ကုလားထိုင်ပေါ်ရောက်မလား… သေမလားဆိုတာ ငါနားမလည်ဘူး "

" ဟုတ်တယ် တစ်မျိုးပဲ ငါမေးကြည့်ပါဦးမယ် "

" ဖြူချောက ဆွေမျိုးတွေကို ညှာတာတတ်တဲ့သူလေ… အမှန်အတိုင်း ပြောချင်မှပြောလိမ့်မယ်… ဖြူပြာ့ကို မေးကြည့်ရင်တော့ အမှန်ကို သိနိုင်ပါတယ်…"

" အင်း… ဖြူပြာ့ကိုမေးကြည့်တာပေါ့…"

သဖင်တိုင်တွေက အခုဆို စိစိရိရိ လှလှပပဖြစ်နေပြီ။ ရေတွင်းကရေတွေကို ပြန်ဆယ်ပြီး မော်တာနှင့်ရေလောင်းနိုင်အောင် အသေအချာလုပ်ရတယ်…။ ချစ်သူ အတွက်ပဲလေ။ ချစ်သူအတွက် ဥယျာဉ်ခြံကလေးတစ်ခုတော့ ဖြစ်အောင် ပျိုးပေးချင်တာကိုး…။

www.burmeseclassic.com

www.burmeseclassic.com



ပန်းပင်လေးတွေ ပန်းပွင့်လေးတွေကို ချစ်တတ်တဲ့ ချစ်သူမဟုတ်လား။

ဆိုင်ကယ်က ပျဉ်းမမြိုင်ခြံထဲ ပြန်ဝင်လာတဲ့အခါ...။

" ရှေ့မှာတွေ့နေတာဖြူနုပေါ့သူရ... သူကတော့ မလွယ်ဘူး"

ဖြူနုအနားဖြတ်တဲ့အချိန်မှာ သတိထားရတယ်...

မတော်တဆ ရှဲ့ထဲ ဖြတ်မောင်းမိလို့ကတော့ နည်းနည်းပဲ

စင်သွားဦး တမင်လုပ်ပါတယ်ဆို ရန်တွေ့မှာ အသေအချာပါပဲ။

" မဆိုးဘူး... အနီးကပ်ကြည့်တော့မှ တော်တော်လှတာ—

ကျော့စွာညီမလေးယောက်ကြိုက်တာယူဆို... ငါကတော့ ဖြူနုပဲယူမယ်"

" တိုးတိုးပြောစမ်းပါသူရရာ... ကြားသွားလို့... ကောင်မလေး

က လွယ်တာမဟုတ်ဘူး.... ငါကတော့ ဖြူချောမှဖြူချောပဲ..."

" ငါကတော့ ဖြူနုလေးမှ ဖြူနုလေးပဲ..."

သူရတစ်ယောက်ကတော့ ခုလိုမျိုး နောက်ပြောင် ပြောနေကျ

ပါပဲလေ...။ ဆိုင်ကယ်ဝင်လာသံကို ဖြူချောကြားလေမလား။ ဒီနေ့

ဖြူချောကျောင်းပိတ်တယ်။ အချိန်တိုင်း ချစ်သူ့မျက်နှာလေးကို

တွေ့ချင်နေမိတယ်။

" ကိုကြီးရား..."

" ဟာ... ဒီကောင်မလေး... ဆိုင်ကယ်နဲ့တိုက်မိသွားမယ်—"

ဆိုင်ကယ်ကို အရှိန်လျှော့ရပ်လိုက်တယ်။

ဖြူဖွေးနှင့် ခုရက်ပိုင်း မတွေ့ရပါဘူး။ ဖြူဖွေးက မြို့ထဲမှာရှိတဲ့

ဒေါ်သက်ထားရဲ့... အစ်ကိုဝမ်းကွဲတစ်ယောက်အိမ်မှာ တစ်ခါတလေ

သွားနေတတ်တယ်လေ။ ဒါကြောင့် ဖြူဖွေးနှင့်သူရ တစ်ခါမှ မဆုံရသေး

တာပေါ့။

" ဘယ်တုန်းက ပြန်ရောက်လဲ ဖြူဖွေး "



" မနက်ကမှရောက်တယ်... ကိုကြီးရားသူငယ်ချင်း ရောက်နေ

တယ်ဆို..."

" သူရလေ... သူရရေ... ဖြူဖွေး... ကျော့စွာညီမ

လေးယောက်မှာ အချောဆုံးပဲမဟုတ်လား..."

" အံမယ်... အပိုတွေပြောပြန်ပြီ... ကိုကြီးရားမျက်လုံးထဲမှာ

မဖြူချောအလှဆုံးဆိုတာ... ဖြူဖွေးမသိတာလိုက်လို့... မဖြူချောနဲ့

ကိုကြီးရား မင်္ဂလာဆောင်ကြသေးဘူးလား... ဖြူဖွေးရဲ့မုန့် အဝစား

လို့ပါဆိုမှ..."

ဖြူဖွေးလေးကတော့ ဖြူနုတို့ဘာပြောပြော... ထင်ရှားအောင်

ကို တွေ့တယ်ဆို ခင်မင်ပျော်ရွှင်နေတာပါပဲ။ ထင်ရှားအောင်ကလည်း

ဖြူဖွေးကိုတော့ ခင်မင်ပါတယ်။

" ကိုကြီးရား... ဘာကျွေးစရာရှိလဲ... လက်ဘက်သုပ်ကလေး

သုပ်ဘူးလား... အစ်ကိုသူရရောက်နေတာ... အိမ်မှာ စားစရာ

သောက်စရာ ဖွဖွလုံလုံဝယ်ထားနော်... ဖြူဖွေးလည်း လာကပ်စား

ဦးမယ်..."

ဖြူဖွေးကတော့ ထင်ရှားအောင်တို့နှစ်ယောက် အိမ်ပေါ်တက်ကို

ဒီ တံခါးဖွင့်တာကို လိုက်ဝင်ဖို့ ပြင်နေပြီ။ ဒါကို ဖြူနုပဲမြင်မြင်

ဒေါ်သက်ထားပဲမြင်မြင်... ကျော့လင်းပဲမြင်မြင် ပြောကြဦးမှာ။

" ဖြူဖွေး... ကိုကြီးရားတို့ကို တစ်ခုကူညီပါလား... ကြက်စာ

ဝယ်တဲ့ကိစ္စ ပြောစရာရှိလို့ ဖြူပြာ့ကို သွားခေါ်ပေး... ပြီးတော့

ဖြူပြာနဲ့ ဖြူဖွေးပြန်လိုက်လာခဲ့... ကိုကြီး လက်ဘက်သုပ်ထားပေးမယ်

နော်..."

" ကောင်းပြီ... ကောင်းပြီ... ခေါ်ပေးမယ် ပြန်လာမယ်...

www.burmeseclassic.com

www.burmeseclassic.com



စားမယ် "

ဖြူဖွေးထွက်သွားမှ သူရကို အခြေအနေတွေ ရှင်းပြရတယ် ဖြူဖွေးရဲ့ ဖြူစင်သန့်ရှင်းပြီး ကလေးဆန်သောစိတ်ကို သိပေမယ့် ဖြူနုတို့က မလွယ်။ ပျဉ်းမမြိုင်မှာနေရတာ... တတ်နိုင်သ အမေပြာမခံရအောင် ဆင်ခြင်နေရမလို ဖြစ်နေပါပြီ။

¤ ¤ ¤

လမ်းမကြီးပေါ်ချိုးကွေ့လိုက်တာမှာ... ဆိုင်ကယ်တစ်စီးနှင့် ကြိုနေသောချစ်သူကို တွေ့ရပါပြီ။ ကြည်နူးမှု ပီတိနှင့်အတူ ပြုံးမြမိတာပေါ့...။

" မောင် စောင့်နေတာကြာပြီ ချော..."

" ဘယ်သူက ဘယ်သူ့ကို စောင့်နေတယ် "

" မနောက်နဲ့ မနောက်နဲ့ ချာတိတ်မနော်... နောက်လို့က တော့ ဆိုင်ကယ်ပေါ်တင်ပြီး အိမ်ပြန်မပို့ပဲ အပြီးခေါ်သွားလိုက်မှာ... ဖြူချောနဲ့ ထင်ရှားအောင်လို့ခေါ်တာတွေက စိမ်းလွန်းပါတယ်... ဒါကြောင့် မောင်ကတော့ ချောလို့ပဲ ခေါ်မယ်..."

" ဖြူချောကိုယ်ဖြူချော... ချောလို့မပြောတတ်ပါဘူး "

" မောင်နဲ့ပြောမှပြောပေါ့..."

ဆိုင်ကယ်လေးမှာ ချစ်သူကို တင်ပြီး စကားတွေပြောလို့ ပြန်လာသမျှ စိတ်အနှောက်အယှက်မရှိ... ပျော်ရွှင်နေတာပါပဲ။ ပျဉ်းမမြိုင်အိမ်ကြီးနားလည်း ရောက်ရော... အိမ်ရှေ့ဝရန်တာပေါ်မှာ ဘီးတပ်ကုလားထိုင်နှင့်အတူ ဒေါ်သက်ထားကို မြင်လိုက်ရပြီ။

" မောင်တို့ကို ဒေါ်သက်ထား ကြည့်နေတယ်... ချောကို ဘာပြောမလဲ မသိဘူး..."

" ပြောလည်းပြောပေါ့.. ချောနဲ့မောင်က ချစ်သူတွေပဲ...

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင် လက်ထပ်ကြမှာလို့ ပြောလိုက်မယ် ”

“ ဝမ်းသာပါတယ်ဗျာ… မောင်က… ချော စိတ်ညစ်မှာ စိုးရိမ်လို့ပါ…”

ချောကို အိမ်ရှေ့မှာ ဆိုင်ကယ်ရပ်ပေးခဲ့ချိန်… ကျော်လင်းနှင့် လူတစ်ယောက်ကို တွေ့လိုက်ရတယ်။ ကျော်လင်းက မမဖြူချော… ကျွန်တော်ပျင်းလို့ ကိုမင်းကိုသွားခေါ်လာတယ်လို့ လှမ်းပြောသံကို ကြားလိုက်ရတဲ့အခါ… ဒီလောက်ဆို သိပါတယ်။

မင်းမင်းဆိုတဲ့ လူပါလား။

နာမည်ကိုသာကြားနေရတယ်။ ခုတစ်ခါပဲ တွေ့ဖူးတာ။ ရုပ်ရည်သန့်ပြန့် ချောမောတာပါလား။ ထင်ရှားအောင်တို့ထက်လည်း ငယ်ရွယ်တော့ ပိုပြီးနုပျိုပါတယ်။

မင်းမင်းက ဖြူချောကိုချစ်နေတာတဲ့… အင်းလေ… ချောက ခေါင်းခါခဲ့ပြီးသားလို့ ပြောတာပဲ။ ပြီးတော့ ထင်ရှားအောင်ကို ချစ်တယ်လို့ ဖြေခဲ့ပြီးသား။ ဆိုင်ကယ်ကို အိမ်ရှေ့မှာရပ်ထားခဲ့ပြီး အိမ်ပေါ်လှမ်းကြည့်တော့ တံခါးပိတ်ထားတယ်။

သူရဘယ်သွားပါလိမ့်။

ကြက်ခြံတွေဘက်မှာ ဖြူပြာနှင့်အတူရှိနေသလားတွေးပြီး ကြက်ခြံတွေဘက် ထွက်လာခဲ့တာပါ။ ထင်တဲ့အတိုင်း ဖြူပြာနှင့် သူရက ကြက်ခြံရှေ့ ခုံတန်းမှာထိုင်လို့။

“ ထင်ရှား ပြန်လာပြီလား ”

“ အင်း… မင်း မတွေ့တာနဲ့ ဒီမှာရှိမယ်ဆို လာခဲ့တာ ”

“ ကြက်ခြံမှာ ဝင်ပေါက်လုံးဝမရှိအောင်ကို ရိုက်ထားပြီးပြီ ဆိုပေမယ့်… ကျွန်တော်စိတ်မချလို့ ကိုထင်ရှားအောင်… သံချောင်း



အတွက် အိပ်စရာနေရာကလေး တစ်ခုလည်း လုပ်ပေးထားတာ…”

“ တကယ်ဆို ဖြူပြာနဲ့ထင်ရှား… ဒီလောက် ကျယ်ကျယ် ပြန့်ပြန့် အလုပ်လုပ်တာမှာ… လူလိုတယ်… မင်းတို့နှစ်ယောက် ပင်ပန်းတာပေါ့ ”

“ မင်းရှိတယ်လေ…”

“ ငါကပြန်မယ့်လူ… ခဏပဲရှိတာ…”

“ ကိုသူရကလည်း ရန်ကုန်မှာ ဘာသံယောဇဉ်မှ မရှိရင် မပြန်နဲ့ဗျာ… ပျဉ်းမမြိုင်မှာပဲ နေလိုက်တော့… ကိုထင်ရှားအောင်နဲ့ ဖြူချောလက်ထပ်ပြီးရင် အတူနေပေါ့… ဒါမှမဟုတ် ကျွန်တော့်တာသာ အိမ်တစ်လုံးဆောက်ပြီးရင် လာနေလို့ရတယ်…”

“ ဟာ… ဒီဖြူပြာဟာလေ ”

ဖြူပြာကတော့ ပျဉ်းမမြိုင်ကို ခွဲခြမ်းဖို့ပဲတွေးနေတာပါလား။

“ ဖြူပြာ… အိမ်ပေါ်မှာ မင်းမင်းရောက်နေတယ်… ကျော်လင်း ပျင်းလို့ဆို သွားခေါ်လာတာတဲ့ ”

“ ဘာလဲ… အူတိုနေတာလား… အူတိုမနေပါနဲ့ဗျာ… ဖြူချောက သူ့ကိုငြင်းထားပါတယ်… ခင်ဗျားကို ချစ်သူအဖြစ် လက်ခံထားတာပဲ… ခေါင်းထဲထည့်မနေပါနဲ့… ကျော်လင်းက ဒီလိုပါပဲ… မင်းမင်းက သူ့ကိုအလိုလိုက်တော့ ခင်မင်နေတာ ပေါ့လေ…”

“ မင်းကလည်း ဟုတ်သားပဲ… ဖြူချောက မင်းချစ်သူပဲ ဘာစိုးရိမ်စရာမှ မရှိဘူး…”

ပြောမည့်သာပြောရတယ်။ ချစ်သူကို ချစ်တော့လည်း… လက်မထပ်ရခင်မှာ မမြင်နိုင်တဲ့ ကံကြမ္မာတွေကို ထိတ်လန့်နေမိ

www.burmeseclassic.com

www.burmeseclassic.com



သလိုပါပဲ။ ချစ်သူနှင့်မဝေးချင်။

ချော…

မောင်တို့ လက်ထပ်ကြပါစို့လို့ပြောတော့မယ်။ ချစ်သူကို မစွန့်လွှတ်နိုင်မှတော့ ပိုင်ဆိုင်နိုင်ဖို့ ကြိုးစားရတော့မှာ။

အနာဂတ်အတွက် ပြင်ဆင်ကြပါစို့လား ချော။

¤ ¤ ¤

" ဘယ်သူလဲဟင်… ဝင်ခဲ့လေ "

တံခါးခေါက်နေသံကြောင့် မီးပူတိုက်နေရာမှ လှမ်းပြောလိုက်ပါတယ်။ တံခါးဖွင့်ဝင်လာတော အန့်တီသက်ထားပါလား။ အိုးတပ်ကုလားထိုင်က ဖြူချောရှိရာ တရွေ့ရွေ့ရောက်လာနေပါပြီ။ ဘာပြောဦးမလို့လဲ…။

" ဖြူချော… မင်းဟာ ဣန္ဒြေရှိတဲ့ မိန်းကလေးတစ်ယောက်လို့ မမေ့ရင် သူစိမ်းယောကျ်ားလေးတစ်ယောက်နဲ့… တပူးတတွဲတွဲ သွားလာနေတာ မကောင်းဘူး… ပြီးတော့ အဲဒီသူစိမ်းဆွေက ငါတို့ဖျဉ်းမမြင်မှာလာပြီး လူတွင်ကျယ်လုပ်နေတယ်… ဖြူပြာဆိုတဲ့ မိန်းကလေးက နားမလည်တာတတ်ပေမယ့်… မင်းက နားလည်တတ်လိမ့်မယ် ထင်နေတာ…"

" အန့်တီသက်ထားသိတဲ့အတိုင်း… ကိုထင်ရှားအောင်နဲ့ ဖြူချောကို ကိုကြီးကျော်စွာမဆုံးခင် သဘောတူခဲ့တာပဲလေ… ဖြူချောကလည်း သူဟာ လက်ထပ်သင့်သူ ဟုတ်မဟုတ် လေ့လာနေခဲ့တာပါ… အခုအချိန်မှာတော့… ဖြူချောဆုံးဖြတ်ပြီးပါပြီ… ကိုကြီး သဘောတူခဲ့သလို ကိုထင်ရှားအောင်ကို ဖြူချောလက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီလေ…"

အန့်တီသက်ထား မျက်နှာပျက်သွားတယ်ဆိုတော… ဖြူချော

www.burmeseclassic.com



သိတာပေါ့…။ ကိုကြီးကိုယ်တိုင်က သဘောတူခဲ့တာပဲ။

" မင်းကပါ ဒီလိုဖြစ်နေပြီဆိုရင်တော့… ပြောစရာမရှိတော့ပါဘူး… ဒါပေမယ့် တစ်ခုတော့ မင်းသိထားရမယ်… မင်းလက်ထပ်ပြီးရင် ပျဉ်းမငြိမ်အိမ်မကြီးမှာ နေစရာမလိုတော့ဘူး…"

" ရှင်…"

" မင်းတို့သိပ်မက်နေတဲ့ အမွေတွေကို ခွဲပေးမှာပါ… ဖြူပြာက ခဏခဏလာပြီး ပျဉ်းမငြိမ်ကို သုံးပိုင်း ပိုင်းမယ်… သုံးပိုင်းပိုင်းမယ်နဲ့ လာပြောနေတာ… ကြာတော့ ငါလည်း သည်းမခံနိုင်တော့ဘူး… ပျဉ်းမငြိမ် အိမ်မကြီးကို ငါယူမယ်… မင်းလည်းမင်းယူမယ့် ခြံတစ်ပိုင်းမှာနေပေါ့… ငါ့သူငယ်ချင်း အင်ဂျင်နီယာတစ်ယောက်ကို ခေါ်ထားတယ်… ခြံကို ဘယ်လို သုံးပိုင်းပိုင်းကြမလဲဆိုတာ… ငါစဉ်းစားထားပါတယ်…"

ဖြူပြာကလည်းလေ…။ အန်တီသက်ထားကို အမွေခွဲခိုင်းသွားပြောနေတာလား။

" ခြံကိုခွဲဝေပိုင်းခြားပြီးပြီဆို မင်းဒီအိမ်ပေါ်မှာ နေစရာမလိုတော့ဘူး… ဖြူပြာကိုလည်း ဒီအတိုင်းပဲ ပြောထားတယ်…"

ခုလိုမျိုးပြောတော့လည်း ဖြူချောရင်ထဲ စိတ်မကောင်းသလိုဖြစ်ရပါတယ်။ ပျဉ်းမငြိမ်အိမ်မကြီးဟာ… ဟိုးငယ်စဉ် မေမေရှိစဉ်တည်းက ဖြူချောနေခဲ့တာပါ…။ ဖြူချောကဖြင့် ပျက်ဆီးယိုယွင်းအိုဟောင်းနေတဲ့ အိမ်မကြီးကို ဖြူချောပိုင်ငွေနဲ့ ပြန်ပြင်ဖို့တောင် စဉ်းစားထားတာ။ ခုတော့ ဖြူချောကို အိမ်မကြီးပေါ်က ဆင်းစေချင်နေပြီလေ။

ဖြူချောကဖြင့် လောလောဆည် လက်ထပ်ဖို့ စဉ်းစားရသေး



တာမဟုတ်… အမွေခွဲပြီးရင် နေစရာအိမ် လိုလာတော့မယ်။ မောင်နှင့်ကလည်း လက်ထပ်ဖို့ ချက်ချင်း မစဉ်းစားရသေးတော့ အိမ်တစ်အိမ်တောင် ဘယ်လိုဆောက်ရမယ်မသိ။

" မင်းတို့က မင်းတို့လမ်း မင်းတို့ရွေးကြတာပါ… ဒီတော့လည်း သွားကြပေါ့ မင်းတို့အဖေကိုယ်တိုင်က မင်းတို့အပေါ်ပိုခဲ့တာပဲ"

အန်တီသက်ထားစိတ်မှာတောင် ဒီလိုခံစားချက်ရှိနေတာ။ အန်တီသက်ထားရဲ့ အပြောတွေမှာလည်း… ဖြူနှင့်တို့ ပိုပြီး သွေးကွဲလာတာ နေမှာပါ…။

အန်တီသက်ထား ပြန်ထွက်သွားပြီ။

ဖြူချောမှာသာ အတွေးတွေ စိတ်မောစရာတွေ ရှိနေပါပြီ။

ဖြူချောအနာဂတ်ကို ပြင်ဆင်ရတော့မယ်။

ဖြူချောဘဝမှာ မောင်ရှိနေခဲ့ပြီပဲ။ ဘယ်အရာကိုမဆို မောင်နှင့် တိုင်ပင်ရမှာပေါ့…။ မောင်ဟာ ဖြူချောရဲ့ လက်တွဲဖော်မှီခိုအားထားရာပဲလေ။

" ဖြူချော… ဖြူချော… ဖြူချော…"

" ဖြူပြာရယ်… ဘာလို့ ဒီလောက်အော်နေရလဲ ဝင်လာခဲ့ပါလား…"

ဖြူပြာက အခန်းထဲရောက်တာနှင့် ဖြူချောအိပ်ရာပေါ် ထိုင်လိုက်ချလိုက်ပြီလေ။

" ဖြူချော်နဲ့ ကိုထင်ရှားအောင် ဘယ်တော့လက်ထပ်ကြမလဲ…"

" လိုဦးမှာပါ ဖြူပြာ "

" လိုမနေနဲ့ ကြာမနေနဲ့… ခင်ဗျားနဲ့ ကျွန်တော့်မှာ

www.burmeseclassic.com

www.burmeseclassic.com



နေစရာရှိမှာ မဟုတ်တော့ဘူး… ကိုထင်ရှားအောင်တို့နေတဲ့ အိမ်ကလေးက ဘယ်မြေထဲပါမလဲ… ကြည့်ရတာ အိမ်မကြီးရဲ့ မြေမှာပဲ ပါလိမ့်မယ်… ကျွန်တော်နဲ့ ဖြူချောက နောက်ပိုင်းကို ယူရမှာ… ဖြူချောက ကိုလေးနဲ့လည်းခွဲရဦးမယ်… ကျွန်တော်က ကြက်ခြံတွေပါအောင်ယူမယ်… ဖြူချောက သဇင်တိုင်တွေရှိတဲ့အပိုင်းကိုယူ… ဘယ်လိုပဲယူယူ ကျွန်တော်နဲ့ဖြူချောက အိမ်အသစ်တစ်လုံးစီဆောက်ကြရမယ်… ကျွန်တော်က မထူးတဲ့အတူတူ ကြက်ခြံအားအိမ်ဆောက်နေရုံပဲ… ဖြူချောဘာသာ စဉ်းစားထား…"

" ခေါင်းရှုပ်လိုက်တာ ဖြူပြာရယ်… ကိုလေးနဲ့ သွားတိုင်ပင်မှပါ…"

ဟုတ်တယ်လေ။

ခုလိုမျိုး ရုတ်တရက်ကြီး ပြောင်းလဲသွားလိမ့်မယ်လို့ ဘယ်ထင်ပါ့မလဲ။ ဒါကြောင့်လည်း ကြိုတင်စဉ်းစားထားတာ ဘာတစ်ခုမှ မရှိပါဘူး။ မတတ်နိုင်ပါဘူး။ ဖြူချောကတော့ မောင်နှင့်တိုင်ပင်ပြီး ကိုလေးဆီသွားမယ်… ကိုလေးက ဘာတွေပြောမလဲနားထောင်ကြည့်ရဦးမှာပေါ့…။

" ကိုလေးဆီသွားဦးမယ် "

" ကောင်းတယ်… မြန်မြန်သွား…"

မောင့်ကို ပြောပြလိုက်မယ်…။

တကယ်လို့များ မောင်နှင့်လက်ထပ်လိုက်မယ်ဆိုရင်ကော။

¤ ¤ ¤

ကိုလေးရဲ့ခြံကို မောင်က ဆိုင်ကယ်နှင့်လိုက်ပို့ပါတယ်။ ဆိုင်ကယ်စီးရင်း ဖြူချောကတော့ စိတ်မကောင်းစွာ အတွေးတွေနှင့်လိုက်ခဲ့မိတာပေါ့…။ ဘဝဆိုတာ မနက်ဖြန်တောင်မှ မရေမရာပါလား။ မေမေဆုံး ဖေဖေဆုံး ကိုကြီးဆုံးနဲ့ အခုဆို ကိုလေးကလည်း ဘာဖြစ်နေရာ…။

" ဘယ်လမ်းဝင်ရမလဲ ချော…"

" ရှေ့နားကုက္ကိုပင်အောက၀င်ရမယ်…"

ကိုလေးတို့ခြံ ရောက်ခဲ့ပြီ။

ဖြူချောနဲ့မောင့်ကို ရုတ်တရက်တွေ့လိုက်ရတော့ ကိုလေး…ညြသွားပုံ ရပါတယ်။ ဒါကြောင့်လည်း ပျဉ်းမမြိုင်မှာ ဖြစ်နေတဲ့…ခြေအနေကို ကိုလေးသိအောင် ပြောပြရတယ်…။

" အန်တီသက်ထားက မလွယ်ပါဘူး… အန်တီသက်နှင်း…က် စိတ်ဓာတ်မကောင်းဘူး… အင်းလေ… ဘယ်တတ်နိုင်မလဲ… …င်ရှားကရော… ဘယ်လိုသဘောရလဲ "

" သော်တာ့ကို အဲဒါလည်းလာပြောတာ… ဖြူချောကို…ကတော့ အမြန်ဆုံး လက်ထပ်ချင်ပါတယ်…"

" ညီမလေးကရော…"

ကိုလေးမေးတော့ ဘာပြောရမှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



ရှက်နေမိသလိုပါ။ ကိုလေးကလည်း နားလည်တယ် ထင်ပါရဲ့...။

" ညီမလေးကပါ... ကိုထင်ရှားကို နှစ်သက်သဘောကျတယ်ဆို လက်ထပ်ပါ... ကိုကြီးကိုယ်တိုင်ကပါ သဘောတူခဲ့တာ... ကျွန်တော်ကလည်း ကိုယ့်အိမ်ထောင် ကိုယ်ထူထောင်တော့မှာမို့ ညီမလေးအဆင်ပြေသွားရင် ဝမ်းသာပါတယ်..."

" ကိုလေး... အန်တီသက်ထား အမွေခွဲမယ်ဆို... ခြံကို ပိုင်းတော့မှာ..."

" ကိုလေးက ဒီခြံကို ကိုကြီးဆီကရပြီပဲ... ပျဉ်းမမြိုင်က ခြံကို ညီမလေးယူလိုက်ပါတော့... ဒီခြံဟာ ကိုကြီး သူ့ငွေနဲ့ ဝယ်ထားတာ... ခြံနာမည်မှာကို ကျော်စွာ သော်တာ ဖြူချောလို့ ရေးခဲ့တာ... ကိုလေးဒီခြံပဲ ယူလိုက်မယ်... ဒါဆို ပျဉ်းမမြိုင်ကရ ခြံကို ညီမလေးယူပေါ့... ကိုထင်ရှားအောင်ကလည်း ကိုကြီး ယုံကြည် သလို ညီမလေးအပေါ် သစ္စာရှိရှိနဲ့ တစ်သက်တာအတွ စောင့်ရှောက်ပါလို့... ကျွန်တော်က တောင်းဆိုပါရစေ "

" စိတ်ချပါ သော်တာ... ဖြူချောအပေါ် ကိုယ် ထာ ချစ်ခင်သစ္စာရှိစွာ ယုံကြည်ထိုက်တဲ့ ခင်ပွန်းကောင်းဖြစ်ရပါစေမယ်... ကိုယ်တို့လက်ထပ်မယ့်နေ့ လာပြောဦးမယ်... အမြန်ဆုံးတော့ ဖြ များနေပြီ "

" ကျွန်တော် အရင် လက်ထပ်မလို့ဟာ... အခု ညီမလေး အရင် စွံနေပါရောလား "

ကိုလေးကောင်မလေးက သင်တန်းတက်ဖို့ တစ်နှစ်ရှိတ ဆို... ရန်ကုန်ဆင်းရတော့ ပြန်လာမှပဲ လက်ထပ်ဖြစ်တော့



တဲ့လေ...။ ကိုလေးကပါ ကြည်ဖြူစွာ ခွင့်ပြုလိုက်ပြီဆိုတော့... ဖြူချောရင်ထဲ သာယာချမ်းမြေ့ရပါတယ်။

အပြန်မှာတော့... မောင်လည်း ဘယ်မှ မရောက်သေးဘူးဆို မို့အစွန်က တောင်ပေါ်ဘုရားလေး ဝင်ဖူးကြပါတယ်။

" မောင်တို့ အမြန်ဆုံးလက်ထပ်ရတော့မယ်... ဒေါ်သက်ထား ကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေပြီ..."

" ချောလေ... အန်တီသက်ထားကို ချစ်လှချည်ရဲ့ မဟုတ် ပေမယ့် သံယောဇဉ်ရှိပါတယ်... ဒါပေမယ့် ချောကို အိမ်မကြီး နေနဲ့ ဘာညာ ပြောလိုက်တော့ စိတ်မကောင်းဖြစ်သွားတယ်... ချောကဖြင့် ပျဉ်းမမြိုင်ကို ပြင်ဆင်ဖို့ စဉ်းစားနေတာ... အခုတော့ ရက်စက်သလိုပါပဲ..."

" စိတ်မကောင်းမဖြစ်ပါနဲ့ ချောရယ်... ချောရှေ့မှာ မောင် တစ်ယောက်လုံး ရှိနေတာပဲဟာ..."

ဖြူပြာကတော့ သူ့ထုံးစံအတိုင်း ကြက်ခြံတွေဘေး အိမ် ဆောက်နေမတဲ့...။ ဖြူချောရတဲ့ မြေနေရာမှာ အိမ်တစ်အိမ်ဆောက်ပြီး မောင်နှင့်လက်ထပ်လိုက်တာ... အကောင်းဆုံးဖြစ်မယ်ထင်ပါရဲ့...။

" အန်တီသက်ထားက ခြံကို သုံးပိုင်းပိုင်းဖို့ အင်ဂျင်နီယာ ကောင် ခေါ်ထားလိုက်ပြီ... ဖြူပြာလည်း အိမ်ဆောက်ဖို့ ပြင်နေပြီ..."

" ချောလည်း အိမ်တစ်အိမ်ဆောက်ရမှာပဲ မဟုတ်လား... ချောရတဲ့ မြေနေရာကို ကြည့်ပြီး မောင်အိမ်ဆောက်ပေးမှာပေါ့... ဘာတွေ စိတ်ပူနေလဲ... ချောရှေ့မှာ မောင်ရှိမှာပါ..."

" အန်တီသက်ထားကို့အတွက် ကျန်ခဲ့တဲ့ ငွေတစ်ပုံဟာ ဆောက်မယ်ဆို မနည်းပါဘူးမောင်... ဖြူချောတို့လို မိသားစု

www.burmeseclassic.com

www.burmeseclassic.com



မနည်းလို့သာ နည်းတယ်ထင်တာပါ… အန်တီသက်ထားက ထိန်းသိမ်းပြီး သားသမီးတွေအတွက် လိုမယ်ထင်တာ ဖြည့်ဆည်းပေးမယ်ဆိုရင် တော်ရုံ ကုန်မသွားပါဘူး…”

“ ကျော်လင်းဆေးဖိုးလည်းရှိမှာပေါ့ ”

ပျဉ်းမမြိုင်ခြံထဲ ဆိုင်ကယ်ဝင်လာတိုင်း ဝရန်တာက‌ေ အန်တီသက်ထား ကြည့်နေတတ်ပါတယ်။ တကယ်တော့ ဖြူချော စိတ်မှာ အန်တီသက်ထားကို ဘီးတပ်ကုလားထိုင်ပေါ်ကနေ ဘယ်‌ မသွားရတဲ့အတွက်လည်း သနားပါတယ်။

“ ချော ”

“ ရှင် ”

“ ခုချိန် ပျဉ်းမမြိုင်အိမ်မကြီးမှာ ချောနေနေတာ သဲတိနဲ့ဆ‌ နေနော်…”

“ ဘာလို့လဲ မောင်ရဲ့ ”

“ အမွေကိစ္စတွေရှိနေကြတယ်လေ… ချောကအေးတယ် ဖြူပြာကစွာတယ်… ဖြူပြာ့ကိုမထိရဲကြပေမယ့် ချောကိုဆို နိုင် ကြမှာ… မောင်စိတ်မချဘူး…”

“ မဟုတ်တာမောင်ရယ်… ချောတို့တွေက မိသားစုတွေ သွေးအရင်းကြီးရှိပါသေးတယ်…”

“ ဒါက ချောဘက်က အမြင်လေ ”

မောင်စိတ်ပူသလိုမျိုးတော့ ဖြူချောစိတ်မပူပါဘူး။ ဖြူ စိတ်မှာ… ခုချိန်ထိ ပျဉ်းမမြိုင်ဟာ မိသားစုတွေပါပဲလေ…။ ရက် သောစိတ် မရှိနိုင်ပါဘူး…။ မောင်က ချောကို အိမ်မကြီးရှေ ရပ်ပေးပြီး အိမ်ကလေးဆီ ဆိုင်ကယ်နှင့် ထွက်သွားပါပြီ။



ဖြူချောက မောင်ထွက်သွားရာ ငေးကြည့်နေပြီးမှ အိမ်ထဲဝင်ဖို့ ခြေတစ်လှမ်းအလှမ်းမှာ…။

ဝုန်းဆိုတဲ့အသံတစ်ခုနှင့်အတူ လေရှိန်ဟပ်သွားတော့…။

“ အမလေး ”

ဖြူချောလန့်ပြီး အော်မိပါပြီ…။

ကွဲကြေမွနေတဲ့ ပန်းအိုး အစိတ်စိတ် အမွှာမွှာတွေက ဖြူချောဆီးမှာ ဂမုန်းပင်ကြီးကလည်း မြေစိုင်ခဲတွေ ဖွာကျဲလို့…။ ဒီပန်းအိုးဟာ ဝရန်တာပေါ်မှာထားတဲ့ ဂမုန်းပန်းအိုးပါ…။ ဖြူချော ခုနကရပ်နေသော နေရာတည့်တည့်ကို ပြုတ်ကျလာခဲ့တာပါလား…။

မောင့်ကိုရပ်ကြည့်ပြီး ခြေလှမ်းတစ်လှမ်းပဲအရွှေ့…။

တစ်လှမ်းသော ခြေလှမ်းက ထိခိုက်မှုကို ကာကွယ်ပေးခဲ့ တာ…။

ဖြူချောနေရာမှာရပ်ပြီး တုန်ရီစွာ မျက်ရည်တွေပဲ ကျနေခဲ့တာ ပါ… ရှေ့ဆက်လျှောက်ဖို့ ခြေတစ်လှမ်းတောင် မဝံ့ရဲတော့သလိုပါပဲ…။

“ ဖြူချော…”

ဖြူပြာအသံကိုကြားပြီး အနားကိုဖြူပြာရောက်လာတယ်ဆိုရင် — ဖြူချောစိတ်တွေက ဝမ်းနည်းထိခိုက်ကြေကွဲလွန်းစွာဖြင့် ဖြူပြာ့ ရင်ခွင်မှာ ပုံးပုံးလဲကျသွားခဲ့တယ်။ ဖြူချောက ကြောက်တတ်လွန်း သူပါလေ။

¤ ¤ ¤

www.burmeseclassic.com

“ ဒါ တမင်သက်သက်လုပ်တာနေမှာ... ဖြူချော ခင်ဗျား ငြိမ်မနေနဲ့... ခြံထဲကို ခင်ဗျားတို့ ဆိုင်ကယ်နဲ့ ဝင်လာတော့ ဝရန်တာမှာ ဘယ်သူရှိသလဲ ”

ဖြူပြာရဲ့ မေးခွန်းကြောင့် ထင်ရှားအောင်စဉ်းစားပေမယ့် ဒီတစ်ခါ အပေါ်ကို မော့မကြည့်မိလိုက်ပါဘူး...။ အရင်တုန်းကဆို ဘီးတပ်ကုလားထိုင်နှင့် ဒေါ်သက်ထားထိုင်နေတာကို တွေ့မိတတ်ပါ တယ်။ ဒီတစ်ခါမှ မော့မကြည့်လိုက်မိ။

“ ကိုယ်သတိမထားမိဘူး... ဖြူပြာ ”

“ ဖြူချောရော...”

“ ဟင့်အင်း... ဟင့်အင်း... ဖြူချောမသိဘူး... တော်ပါတော့ ဖြူပြာရယ် အဲဒီအကြောင်းကို ပြန်မပြောပါနဲ့... အခုပြောရင် အ ရင်တွေတုန်လွန်းလို့ပါ... တော်ပါတော့...”

“ ဖြူချော... တမင်လုပ်တာ ဖြူချောသေရင် အ မပေးရအောင် ”

“ မဟုတ်နိုင်ပါဘူး... ဖြူပြာ... အဲလိုမျိုး မတွေးပါနဲ့တွယ် ဖြူချောသေလည်း ကိုလေးရှိတယ်... အမွေကပေးရမှာ ပေးရမှာ မတော်တဆပါ...”

“ ဖြူချောကလေ... အကောင်းပဲတွေးနေတာကို



ရှာလှျှောက် ခုထက် ပိုသတိထားသင့်ပြီ ကျွန်တော်က သိပ်မကြောက် တတ်ဘူး... ဖြူချောကသာ ကြောက်တတ်တာ... အမြန်ဆုံး အိမ်ပြောင်း သင့်ပြီ ”

ဖြူပြာပြောတာတွေ ဖြစ်နိုင်သလား။ ဖြူချောကတော့ ပန်းအိုး ဟာ တစ်ခုခုကြောင့် မတော်တဆ ပြုတ်ကျလာတာပါ... တမင် လုပ်တာ မဟုတ်နိုင်ပါဘူးတဲ့...။

ဘယ်လိုပဲ ဖြစ်ဖြစ်...

အမြဲရှိနေတဲ့ ပန်းအိုးဟာ ဘာကြောင့်ပြုတ်ကျလာသလဲ။

ချော...။

ချစ်သူကို စိတ်မချနိုင်တော့ဘူး။

ချောမှာ အန္တရာယ်ရှိနေပြီလား။

“ ချော... သတိနဲ့တော့နေပါ... ဖြူပြာကသတ္တိရှိတယ်... အန္တရာယ်တစ်ခုခုရှိရင်တောင် ရင်ဆိုင်နိုင်တယ်... ချောက နုနည့်တော့ အားလုံး ကြောက်နေတာ... မောင်စိတ်မချနိုင်ဘူး... မောင်တို့ အမြန်ဆုံး သက်ထပ်ကြရအောင်လား ”

“ ကိုသူရ... ကြားလား... ကျွန်တော့်ကျတော့ ရင်ဆိုင်နိုင် တယ်တဲ့... ဖြူချောကျတော့ စိတ်မချဘူးဖြစ်နေတယ်... တော်တော်မျှတ တာပဲ...”

ဖြူပြာကတော့လေ...။ မမျှတဘူးလို့ ပြောကာမှပြော...။

ဖြူပြာက ရဲရင့်တာပဲ။ ဖြူချောက ကြောက်တတ်သူလေ... ပန်းအိုးပြုတ်ကျတဲ့ ကိစ္စဟာ ရိုးသားတယ်ပဲ ဖြစ်စေဦးတော့... စိတ်မှာတော့... စနောင့်စနင်း ဖြစ်ရတာပဲ မဟုတ်လား...။

“ ဖြူချော... ကျော်လင်းကြောင့်လည်း အန်တီသတ်ထား

www.burmeseclassic.com

www.burmeseclassic.com



ခုလိုမျိုး ဘီးတပ်ကုလားထိုင်ပေါ် ရောက်သွားရတာ မဟုတ်လား… ကျော်လင်းကြည့်ရတာ… စိတ်မှန်သေးရဲ့လား…"

" ဟယ်… အဲလိုမပြောပါနဲ့…"

ဖြူပြာအပြောကြောင့် ထင်ရှားအောင်နဲ့သူရ တစ်ယော… မျက်နှာတစ်ယောက် ကြည့်ရပါပြီ။ ခုမှ သိချင်သော အကြောင်းအ… တစ်ခု သိနေသလိုပါ။

" အန်တီသက်ထားရဲ့ ဒေါသကြောင့် ဒီလိုဖြစ်ရတာ… ဖြူပြာရယ်… ကျော်လင်းကို စိတ်ဆိုးပြီး လှမ်းရိုက်လိုက်တာ… အရှိန်မထိန်းနိုင်လို့ လိမ့်ကျရတာပါ…"

" ဒါက သူတို့အပြောတွေပါ… အခုဆို ကျွန်တော်ကတော… ဘယ်သူ့မှ မယုံဘူး…"

" မဟုတ်တဲ့ စကားမျိုးတွေကို အထင်နဲ့ လျှောက်မပြော… နဲ့လား ဖြူပြာ… ကျော်လင်းလေးခမျာ ကျန်းမာရေးမကောင်းတဲ့ကြ… မဟုတ်တာ အထင်ခံရပါမယ် "

" ဖြူချောကတော့လေ… အခု ကျွန်တော်ကတော… ဆုံးဖြတ်ပြီးပြီ… မြေကြီးကိုတိတိကျကျ တိုင်းတာက တစ်ကဏ္ဍ… ကြက်ခြံတွေပါတဲ့ နေရာ ကျွန်တော်ယူမယ် ပြောပြီးပြီ… ဒီတော… ကြက်ခြံအနားမှာ အိမ်ဆောက်တော့မယ်… သစ်မှာမယ် လက်သ… ခေါ်မယ်…"

" ငွေတွေကရော… ခွဲရဦးမှာလား "

" ခွဲရမှာပေါ့… ကျွန်တော်ကတော့ ချက်ချင်း ခွဲနိုင်းတော… မယ်… ခုလိုအချိန်မှာ… အမွေမခွဲပေးချင်လို့ ညစ်ပတ်နေဦးမယ်…"

" ခြံကိုခွဲဖို့ အင်ဂျင်နီယာတောင် ခေါ်ထားပြီဆိုမှတော…



ပေးမှာပေါ့ ဖြူပြာရယ်… စကားကို အဆင်ပြေအောင် အေးအေး ဆေးဆေး ပြောနော်…"

" ဖြူချောက အကောင်းမြင်လွန်းတယ်… မျက်စိကို မှိတ်ပြီး ယုံမနေနဲ့… မျက်လုံးဖွင့်ကြည့်…"

ဖြူပြာပြောတာပဲ မှန်သလား။ ဖြူချောပြောတာပဲ မှန်သလား။ ဒါပေမယ့်… ချောနှင့် အမြန်ဆုံး လက်ထပ်ချင်ပြီ။

" ချက်ချင်း ပြင်ဆင်ရမယ် "

ဖြူပြာကတော့ သွေးပူစွာ တက်တက်ကြွကြွနဲ့ သူ့စေ့ ချက်ချင်းတောင်းပြီး ချက်ချင်း အိမ်ဆောက်မယ်ဖြစ်နေပါပြီ…။

" ဖြူချောလည်း… ကိုထင်ရှားအောင်နဲ့ လက်ထပ်လိုက်…"

ဖြူချောကတော့… ဖြူပြာလိုမဟုတ်ပဲ… ငြိမ်သက်အေးဆေး လွန်းပါတယ်။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

ပန်းအိုးပြုတ်ကျတာ မရှိသေးဘူး… ဝရန်တာမှာ ဘယ်သူ
သလဲလို့ ဖြူပြာအတင်းမေးတယ်။ မောင်ကတော့ သူ သတိမထား
လိုက်မိဘူးလို့ ပြောပါတယ်။ သတိမထားလိုက်မိတာကပဲ
ကောင်းကောင်းလေ…။ တကယ်ဆို ဖြူချောတို့ ခြံထဲဝင်လာ
အချိန်မှာ ဝရန်တာဆီ ဖြူချောကြည့်ခဲ့မိတာ… အန်တီသက်ထား
ရှိနေတာပဲ။ အန်တီသက်ထားက တမင် ပန်းအိုးကို တွန်းချတယ်
ဖြူချော မထင်ပါဘူး…။

သူတို့တွေဟာ ဖြူချောကို မချစ်ကြပါဘူးဆိုရင်တော
အသက်သေဆုံးအောင်ထိတော့… ရက်စက်ကြမယ်မထင်…။

အမွေကြောင့်ဆိုလည်း… ဖြူချောသေတော့ မပေးရမှာ
မဟုတ်တာ…

ကိုလေးရှိနေသေးတာ။

ကိုလေးကိုပဲ ရမယ့် တစ်ပုံ ပေးကိုပေးရမှာ…။

ဖြူပြာကတော့ ဘယ်သူ့အပေါ်ဖြစ်ဖြစ် အဆိုးပဲမြင်
သံသယတွေ များလွန်းပါတယ်။

ဖြူချောမှာ အတွေးတွေများနေတော့ အိပ်မပျော်နိုင်။ ဖြူပြာ
တစ်ခုအားကျတာက ဆုံးဖြတ်ရင် ပြတ်သားတယ်။ ဖြစ်အောင်လည်း
လုပ်တော့မှာ…။



ဖြူချောမှာတော့ မောင့်ကို လက်ထပ်ဖို့တောင် ကိုလေးတို့
လည်း ပြောပြီးပါလျက်…။

နာရီမှ စက္ကန့်တံ ရွေ့လျားနေတာတောင် ကြားနေရတယ်…။

" မီး… မီး… မီးတဲ့ ဖြူပြာ… ဖြူပြာ…"

ဆူဆူညံ့ညံ့အော်လိုက်တဲ့ အသံပါလား။ ဖြူပြာကတော့
လျှင်တယ်… ဖြူချောရှေ့ကပြေးနှင့်ပြီ။ ဖြူချောတို့ ကြက်ခြံတွေနား
ရောက်တဲ့အခါမှာတော့ လောင်နေတဲ့ မီးက ငြိမ်းသွားပါပြီ။ ဒါပေမယ့်
ဖြူပြာအိမ်ဆောက်ဖို့ ပုံထားတဲ့ သစ်ပုံတစ်ပုံတော့ အတော်များများ
ပါသွားတယ်။ အငြိမ်းမြန်လို့… အသိမြန်လို့ပေါ့… မဟုတ်ရင်
ကြက်ခြံတွေအားလုံး မီးလောင်တော့မယ်။ ကြက်တွေလည်းသေ…
ပစ္စည်းတွေလည်းဆုံး…။ ဒါဟာ ဖြူပြာနဲ့မောင့်အတွက် ကြီးမားသော
ဆုံးရှုံးမှု တစ်ခုဖြစ်တော့မယ်…။

" ဒါဟာ ရှို့မီးပဲ "

" ဖြူပြာ… ကံကောင်းတာဟာ… သူရအပြင်ထွက်ရင်း
ညှော်နံ့ရလို့ လိုက်ရှာတာမှာ… သိရတာ… သူရမနိုးရင် အကုန်
ကုန်မှာ…"

" ကျွန်တော် မသင်္ကာဘူး… ဒါဟာ တစ်ယောက်ယောက်က
သက်သက်မဲ့ လုပ်တာ… ကျွန်တော်စီးပွားပျက်အောင် လုပ်တာ…
ကြက်ခိုးစားလို့ မရတာနဲ့ ကြက်ခြံမီးရှို့တာနေမှာ… ကျော်လင်းမှ
ဟုတ်ရဲ့လား "

" ဖြူပြာကလည်းကွယ်… တစ်ခါလာ ကျော်လင်း…
တစ်ခါလာ ကျော်လင်းနဲ့…"

" သူမလုပ်လို့… ဘယ်သူလုပ်မလဲ ဖြူချော… ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သွားရှင်းမယ် ”

“ ဖြူပြာ... နင်မျက်လုံးနဲ့ တပ်အပ်မြင်တာမဟုတ်ပဲ သွားပြောရင် အန့်တီသက်ထားက အရင်တစ်ခါကလိုပဲ ပြောလိမ့်မယ်.... သေချာတွေ့မှ ပြောလို့လေ...”

“ ဟာကွာ... စိတ်ရှိလက်ရှိဆို သေကုန်မယ် ”

ဖြူပြာကတော့ မီးလောင်သွားတဲ့ သစ်ချောင်းတွေကြည့်ပြီး ဒေါသတွေ များနေပြီ။ ဖြူချောကတော့ ကြက်ခြံတွေ မီးမကူးတာပဲ ဝမ်းသာလှပါပြီ။ ဒီခြံတွေက မောင့်ရဲ့ စီးပွားရေးလုပ်ငန်းတွေလေ။ မီးလောင်သွားရင် မောင်စိတ်ဓာတ်ကျသွားမလား စိတ်ပူတာပေါ့...။

“ ဖြူချောနဲ့ ဖြူပြာ့မှာ ရင်ဆိုင်ရမယ့် အခက်အခဲတွေ... တစ်ခုမဟုတ်တစ်ခုတော့ ရှိနေပြီ... နှောင့်ယှက်ဖျက်ဆီးတာဟာ ပစ္စည်းဆုံးရှုံးရတာမျိုးဆို ကိစ္စမရှိဘူး... မတော်တဆ လူကို အန္တရာယ်ပြုမလား...”

ကိုသူရတောင်... ဒီလို ချင့်ချင့်ချိန်ချိန် စဉ်းစားနေပြီလေ။ ဖြူချောကတော့ ဘာမှမယုံရဲအောင် ခံစားရတယ်။ ဖြူချောတို့တွေက သွေးသားမဝေးကြပါဘူး...။ ခုလိုဖြစ်စရာလား...။

“ မကောင်းတော့ဘူး... ဒီနေ့မနက်ဖြန် အမွေခွဲပစ်မယ်...”

“ ဖြူပြာရယ်... စဉ်းစဉ်းစားစားလုပ်ပါ...”

“ ဘာမှစိတ်ညစ်မနေနဲ့... ဖြူချော... ကျွန်တော်လုပ်သလို အကုန်လိုက်လုပ်... ခုချိန်မှာ တစ်ချိန်ကဆိုတဲ့ ခံစားမှုတွေဖျောက်... ကိုယ့်အတွက် ကိုယ်စဉ်းစား ”

ဖြူပြာက အိမ်ဆောက်မပြီးမချင်း သူ့အခန်းမှာလာအိပ်တဲ့ သူနှင့်သာ တပူးတွဲတွဲနေတဲ့...။ ဖြူချောဘဝမှာ ခုလိုမျိုး စိတ်ည



တ်ပျက်ပြီး နေစရာမရှိသလို ဖြစ်လာမယ် ထင်ကိုမထင်တာ...။

“ ဖြူချော ဖြူပြာ့နဲ့အတူနေပါ... မောင်စိတ်ပူတယ်...”

ဖြူချော တကယ့်ကို ဘာလုပ်ရမယ်မသိပါ။

မောင်ကလည်း စိတ်ပူသတဲ့...။

ဖြူချောတို့တွေ မီးလန့်ပြီး ငြိမ်းကြ... တော်ကြ... ဆူကြတာ ာင် အိမ်မကြီးပေါ်က တစ်ယောက်တစ်လေမှ ဆင်းမလာကြပါဘူး။

ဖြူချောနှင့်ဖြူပြာဟာ တကယ်ပဲ... ဖျဉ်းမမြိုင် အိမ်မကြီး ါကနေ ဝေးကွာသွားကြပြီလား။

ဖြူချောမျက်ရည်ကျရပြီ။

ကိုကြီးကျော်စွာကိုလည်း အရမ်းသတိရတာပါပဲ...။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

"ချောကို ငါစိတ်မချဘူး... ခုချိန် အတင်းလက်ထပ်ခိုင်း ပြန်ရင်လည်း မကောင်းဘူး..."

"ဖြူချောမှာ ဖြူပြာလို ညီမတစ်ယောက်ရှိတာ ကံကောင်း တာပဲ ဘာပဲပြောပြော... ဖြူပြာက ထက်ထက်မြက်မြက်ရှိတော့ တွေးတတ်တယ်... ဒေါသလေးရှေ့ထားတာ တစ်ခုပဲ ဆိုးတာ..."

သူရကတော့ ဖြူပြာ ခုထက်ပိုပြီး ငြိမ်သက်သွေးအေးရှ ဆုံးဖြတ်မယ်ဆို... ကောင်းမယ်လို့ပြောပါတယ်။ ဖြူပြာ့ခမျာ သ တော်တော်များများ မီးလောင်သွားရာတာ။ ဟိုရက်က သံချောင်းတ စောင့်အိပ်ပေးတယ်... ဒီညကျမှ သံချောင်းကလည်း သူ့အ နေမကောင်းလို့ဆို ပြန်တာ...။

"ကြက်ခြံတွေမီးလောင်ရင်တော့ အကုန်ဆုံးရှုံးရတော့မှာ နောက်ရက်တွေ ကြက်ခြံမှာ ငါသွားနေရရင် ကောင်းမလား သူရ"

"ဖြူပြာ့အိမ်လည်းဆောက်မှာပဲ... ငါတို့ ယာယီတဲလေး ဆောက်ပြီး သွားနေကြတာပေါ့"

"ငါ့ကြောင့် မင်းပင်ပန်းပါတယ်..."

"ပြောစရာလား ထင်ရှား... မင်းကြောင့် ပျဉ်းမပြင်မှာ ငါနေနေတာပါ... သဇင်တိုင်တွေလည်း မင်းကြောင့် ငါလာပျိုး တာ... မင်းမရှိရင် ဒီနေရာကို ငါ ရောက်လာစရာအကြောင်းမရှိဘူး



မင်းကြောင့်နေတာ... အေးအတူပူအမျှပဲ"

"အေးပါကွာ... သူရရာ အေးပါ..."

သူရရှိနေတာ အဖော်ကောင်းပါ။ သူ့ အနေဆင်းရဲမှာ စိုးလို့သာ ပြောရတာ။

"ပျဉ်းမပြင်မှာနေရတာ... အနှောင့်အယှက်ပေးမယ့်လူတော့ တကယ်ရှိနေတာပဲ... ဘယ်သူလဲ..."

"ဖြူပြာကတော့ တစ်ခါလာကျော်လင်း တစ်ခါလာ ကျော်လင်းနဲ့ပဲ... ကျော်စွာဟာ ဝရန်တာက ရိုးသားစွာ လိမ့်ကျသွားပါ တယ်သာဆိုတာ... မြင်တဲ့လူလည်း တစ်ယောက်မှမရှိဘူး..."

"ငါကတော့... ချောမှာ အန္တရာယ်ရှိမှာပဲ စိတ်ပူနေပြီ"

"ဘာမှကြိုပြောလို့မရဘူး ထင်ရှား... အိမ်ရှေ့ဝရန်တာ ပေါ်မှာ... ဒေါ်သက်ထားဟာ ဘီးတပ်ကုလားထိုင်ပေါ်ထိုင်ပြီး... မင်းတို့ ဆိုင်ကယ်နဲ့ ဝင်လာရင် ကြည့်ကြည့်နေတတ်တယ်ဆို... မင်းလည်းမြင်ဖူးတယ်... ငါလည်းမြင်ဖူးတယ်... ပန်းအိုးဟာ သူ့ အလိုလိုတော့ ခုန်ချမလာပါဘူး..."

သူရပြောမှ ပိုလို့တောင် စိတ်ပူလာတယ်။ ဖြူချောကို ထင်ရှားအောင် မျက်ဝန်းရှေ့မှာ ပျောက်နေချိန်... တစ်ခုခု ဖြစ်နေမလား...။ စိုးရိမ်နေမိပါပြီ။ သက်ပြင်းမောတွေသာ အရှိက်ရှိက်နဲ့...။ ဘာမှလည်း လုပ်မပေးနိုင်...။ မှောင်မဲနေတဲ့ တော်ဝန်းကျင်ကို လှမ်းကြည့်မိပါတယ်...။

"သူရ... ဟိုသရက်ကိုင်းပေါ် ကျော်လင်းရောက်နေပြီနဲ့ပြီ ... သေချာကြည့်မှ မြင်ရမှာ... ငါက တစ်ခါတွေ့ဖူးလို့... မှန်းဆလို့ နေတာ..."

www.burmeseclassic.com

www.burmeseclassic.com



" သရက်ကိုင်းပေါ်က မည်းမည်းအရိပ်ကြီးလား "

" အား..."

" နေစမ်းပါဦးကွာ... ဒီလိုအချိန်ကြီး ဒီလိုနေနေတာ ဟုတ်ကောဟုတ်ရဲ့လား... ကြက်ခြံကို မီးရှို့တာရော မဖြစ်နိုင်ဘူးလား... ကောင်လေးက မကျန်းမာလို့ဆို... ကျောင်းလည်းမတက် ဘာမှလည်း အလုပ်မလုပ်နဲ့ စိတ်လေနေပြီ ထင်တယ်..."

" အမွေလုရင်း တစ်ယောက်နဲ့တစ်ယောက် မုန်းကြ... အာဃာတ ထားကြ... သတ်ကြ... ဒါတွေ ကြားဖူးပေါင်းများပြီ... အခုရော..."

" ဖြူပြာပြောတော့ ပျဉ်းမမြိုင်ဟာ အရမ်းချမ်းသာတယ် ထင်ရား... သူတို့မှာ ရွှေငွေတွေလည်း ခွဲစရာရှိသေးတယ် "

" ငါကတော့ ချောကိုချစ်လို့ပါ... အမွေတွေ ဘာတွေလည်း ဘာမှမသိပါဘူး... ငါ့လိပ်ပြာ ငါလုံပါတယ်..."

" မင်းစိတ်ဓာတ်ကို ငါသိပါတယ်..."

မှောင်ရိပ်သစ်ကိုင်းမှာ ကျော်လင်းရှိနေပါသေးတယ်။ အိပ်နေရမယ့် အချိန်မှာ... ခြံထဲဘာလုပ်နေတာလဲ...။ ဘယ်သူ့ကို ဘာတွေများ ကြံစည်နေသလဲ မသိနိုင်။ ရှေ့တည့်တည့်လာပြီး အန္တရာယ်လုပ်လို့ကတော့... မကြောက်ပါဘူး...။ ဒါပေမယ့် မီးလောင်တာတွေကတော့ ကြိုမမြင်နိုင်။ ထင်ရားအောင်က ကိုယ့်အတွက် ကိုယ်တော့ စိတ်မပူပါဘူး...။ ချောက အရေးကြီးပါတယ်...။

" ဖြူပြာ အိမ်ဆောက်ပြီးရင် ချော လိုက်နေဖို့ကောင်းတယ်... အိမ်မကြီးထဲမှာ... ချော နေနေရတာ စိတ်မကောင်းဘူး... စိတ်မချဘူးလေ..."



" အိပ်ကြရအောင် ထင်ရား... စဉ်းစားကြသေးတာပေါ့... သိပ်လည်း စိတ်မပူပါနဲ့ မသေမယ့်သူဟာ... ရိုက်သတ်လည်း သေပါဘူး... အိပ်စို့..."

တံခါးတွေလိုက်ပိတ်ကြတယ်။

အိမ်ကလေးရဲ့ မီးကိုပိတ်လိုက်ပြီဆိုတော့ ဝန်းကျင်အားလုံး အမှောင်ထုထဲ ရောက်သွားပြီပေါ့။ စိတ်မှာ ကျော်လင်းရှိနေသေးလားလို့ သတိတရ ဖြစ်သွားတာနဲ့ မီးငြိမ်းထားပါလျက်... မှန်ပြတင်းမှ အသာလေးချောင်းကြည့်ပြီး သရက်ကိုင်းဆီ စူးစိုက်ကြည့်တဲ့အခါ...။

အရိပ်မည်းကြီးက ရှိနေဆဲပါ...။

အတော်ကြာကြာ ရပ်ကြည့်တဲ့အထိ... ရှိနေဆဲ။

ဘာလို့များ ဒီလို လာနေနေပါလိမ့်။

သရက်ကိုင်းပေါ်ထိုင်ရတာ ဘာခံစားချက်ရှိလို့လဲ။ အိမ်မကြီး ရှိရာဘက် လှမ်းကြည့်တော့ ချောတို့နေတဲ့ အခန်းတွေဘက်က မြင်ရပါဘူး...။ ဒါပေမယ့် မီးလုံးဖွင့်လိုက်တဲ့ အလင်းရောင်မျိုးကို ဖျတ်ခနဲ မြင်ရတယ်။ တစ်ယောက်ယောက် နိုးလာတာလား မသိ။

" ကျော်လင်းရေ... ကျော်လင်း "

ခပ်အုပ်အုပ်အော်ခေါ်နေတဲ့ အသံကိုကြားရတယ်။ ဖြူနုအသံ ထင်ပါရဲ့။ ကြည့်ရတာ ကျော်လင်းကိုမတွေ့လို့ ဖြူနုလိုက်ရှာတယ် ထင်တယ်။ သရက်ပင်ပေါ်က အမည်းရိပ်က ဖျတ်ခနဲ လှုပ်ရှားလာပြီး ခနဲပျောက်ကွယ်သွားပြီ... သူ့အစ်မခေါ်တော့လည်း ပြန်သွားသားပဲ။

နောက်ဘက် မီးလုံး ပြန်မှိတ်သွားပြီး ပျဉ်းမမြိုင်တစ်ခုလုံး အမှောင်ထဲ ပျောက်ကွယ်သွားပါရောလား။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" အန်တီသက်ထား မျက်နှာကြီး သေချာကြည့်လိုက်လား ဖြူချော... စိတ်ပျက်ပြီးတော့ ငိုတော့မလိုပဲ...."

" သနားပါတယ်..."

" ဘာမှမသနားနဲ့ ဖြူချော... ကျွန်တော်က အဒေါ်ဆိုပြီး ရိုရိုသေသေ လေးလေးစားစား နေတယ်... သူကအမြဲလို ခပ်စိမ်းစိမ်းနဲ့ ကျွန်တော်နဲ့ ဘယ်နှစ်ခါ အကောင်းပြောလဲ... သူ့သားသမီးတွေ သူ့သားသမီးတွေ အတ္တတွေ အများကြီးနဲ့ပါ..."

" ဒါကတော့ ဒါပေါ့ဖြူပြာရယ် ဒါပေမယ့် လူကြီးပဲ ခွင့်လွှတ်လိုက်ပါ..."

ဖြူပြာ့အခန်းမှာ ဖြူချောသွားအိပ်ပါတယ်...။ စကားပြောဖော် ရှိနေတော့ တော်တော်နဲ့ မအိပ်ဖြစ်ကြဘူး...။ အမွေတွေအားလုံး ခွဲဖို့ သန်ဘက်ခါဆို ရှေ့နေရော... ခြံခွဲဖို့ အင်ဂျင်နီယာတွေပါ ချိန်းထားပြီးပြီလေ...။ ခုလိုကျတော့လည်း စိတ်ကထိခိုက်နေသလို

" အန်တီသက်ထားက အိမ်မကြီးကိုယူမှာ ကိုထင်ရှားအော နေတဲ့ အပိုင်းက အိမ်မကြီးဘက်ပါသွားလိမ့်မယ်... အမွေတွေခွဲပြီး ဘာမှဆက်ဆံစရာ မရှိတော့ဘူး... မဟုတ်တာတော့ ကျွန်တော်ခြ ဝင်မလုပ်လေနဲ့... မလွယ်ဘူး... တစ်ချက်တည်း ပုံလဲသွားအောင် လက်သီးနဲ့ထိုးမှာ..."



" ယုံပါတယ်... ထစ်ခနဲရှိ လက်သီးနဲ့ပဲ ဖြေရှင်းချင်နေတာ"

" ကိုသူရနဲ့ ကိုထင်ရှားအောင်လည်း ကြက်ခြံနား သွားအိပ် နေကြတာ... အားနာတယ်... ကျွန်တော့်အိမ်ကလည်း... ခုမှ တိုင်ထူနေတာ..."

" ဘဝဆိုတာ ထူးဆန်းတယ်နော်... ဖြူချောဖြင့် ခုလောက် မြန်မြန် လက်ထပ်ရမယ် ထင်ကိုမထင်ဘူး..."

" ဘာဖြစ်လဲ ဖြူချောရာ... ခင်ဗျားတို့ နှစ်ယောက်မှာ ချစ်ခြင်းမေတ္တာ ယုံကြည်မှု... ရှိနေမှ..."

ဖြူချောနှင့် မောင်လက်ထပ်တော့မယ်... ပြီးတော့ သစ္စင်တိုင် တွေရှိတဲ့ ဘက်မှာ... အိမ်ကလေးဆောက်မယ်...။ ဖြူပြာနှင့်ကတော့ လုပ်ငန်းအရရော... သံယောဇဉ်အရပါ ဆက်သွယ်မှု ရှိနေဦးမှာပေ မယ့်... ခြံတွေကို အပိုင်းပိုင်းခွဲလို့ ခြံခတ်ပြီးပြီဆိုရင်ပဲ... အန်တီသက်ထား နှင့်ကတော့ ဝေးပါပြီ...။

" မောင်နဲ့ဖြူချော လက်ထပ်ပြီးရင်... ဖြူချောတို့..."

စကားမဆက်နိုင်တော့...။

ရိပ်ခနဲဖြတ်သွားသော မည်းမည်းအရိပ်ကြီးလို...။

ဖြူချော စကားမဆက်နိုင်တော့။

" ဘာလဲ... ဘာလဲဖြူချော "

" မည်းမည်းကြီးပဲ... ဘာကြီးလည်းမသိဘူး..."

ဖြူပြာက စိတ်မြန်ပြီး သွက်လက်တော့ ဖျတ်ဆို မှန်တံခါးဖွင့် လိုက်ကြည့်တယ်...။

" ဘာတွေလဲ... ဘာတွေလဲဟင် ဖြူပြာ..."

" ဟိုသစ်ကိုင်းပေါ်မှာ... လူထင်တယ်... မည်းမည်းကြီး—

www.burmeseclassic.com

www.burmeseclassic.com



ဟာ… ဟာ… ဟုတ်တယ်… လူ… လူ… ဆားဝရန်တာကို ကူးသွားပြီ… လာ… လာ ဖြူချော… ကိုကြီးနဲ့ ကိုလေး အခန်းကို ဝင်တာ ထင်တယ်… သွားကြည့်ကြရအောင်…"

ဖြူပြာက ဖြူချောလက်ကိုဆွဲခေါ်လို့သာ။

ရင်ထဲမှာ ထိတ်လန့်ကြောက်ရွံ့ခြင်းတွေနှင့် လိုက်ခဲ့ရတယ်…

ဖြူပြာအခန်းက ကိုကြီးတို့အခန်းနှင့် ပိုနီးတယ်လေ။ ကိုကြီးရဲ့ အခန်းတံခါးက ပွင့်လို့ပါလား။ အခန်းထဲကို ဖြူပြာကဝင်မယ် အလုပ်မှာ…။

" မင်းတို့… ဘာလုပ်နေကြလဲ… အားလုံးအိပ်နေကြပြီ… ပြေးလိုက် လွှားလိုက်နဲ့…"

" အန်တီသူကြီးထားကရော မအိပ်သေးဘူးလား…"

" ငါအိပ်မှာ…"

အိပ်မှာပြောပေမယ့် ဘီးတပ်ကုလားထိုင်ကို နောက်ပြန် မလှည့်ပဲ ရပ်ထားဆဲ။ ဘာလုပ်နေတာလဲ။ ဒါကြောင့် ဖြူပြာ အိပ်ကြရအောင်လို့ ပြောလိုက်တယ်။ အခန်းထဲပြန်ရောက်လာတယ်… ဖြူပြာကကျေနပ်ပုံမရ… ပြတင်းပေါက်ကို သေချာဖွင့်ပြီး ကြည့်နေ ပြန်တယ်…။

" ကျွန်တော်သေချာမြင်တာ… မည်းမည်းအရိပ်ကြီး ကိုကြီး အခန်းဝရန်တာကို ခုန်ကူးတယ် "

" အဲဒီ ဝရန်တာဟာ ကိုကြီးလိမ့်ကျပြီးတည်းက အခု အပျက်အတိုင်းဖြစ်နေတာ… ဟုတ်ပါ့မလား "

" ကျွန်တော်… သေသေချာချာ မြင်တာပါ ဖြူချော… မနက်မှ သွားကြည့်ဦးမယ်…"



" ကဲပါ ဖြူပြာရယ်… နင်နဲ့ငါလည်း မနက်ဖြန်သိမှာပေါ့ ပြောင်းတော့မယ်… စိတ်လျှော့ပါ…"

မီးမှိတ်လိုက်တဲ့အခါ မှောင်ပိန်းနေပါတယ်…။

ဖြူပြာကတော့ ဘယ်လောက်ကောင်းသလဲဆို… ချက်ချင်းပဲ ကို အသက်မှန်မှန်ရှူပြီး, "အိပ်ပျော်သွားပါပြီ…။ ဖြူချောမှာသာ အိပ်လို့လည်းမရ…။ မှန်ပြတင်းဆီကို ကြည့်တဲ့အခါ… ရွှေလူးနေတဲ့ အရိပ်တွေဟာ သစ်ရွက်တွေ လှုပ်ရှားတာလားမသိ… ဒါပေမယ့် ကြောက်တယ်။

မှောင်…

မှောင့်ရင်ခွင်မှာ… လုံခြုံစွာ ခိုနားပါရစေတော့…။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

ခြံကိုသုံးပိုင်းပိုင်းလိုက်တဲ့အခါမှာ... ထင်ရှားအောင်တို့ လက်ရှိနေတဲ့ အိမ်ကလေးဟာ အိမ်မကြီးကိုယူတဲ့ ဒေါ်သက်ထား တို့ရဲ့အပိုင်းထဲ ပါသွားပါတယ်...။ ဖြူပြာကတော့ သူယူချင်သလို ကြက်ခြံပါတဲ့ အပိုင်းကို ယူသွားပြီးတော့... ချောကတော့ သဇင်တိုင်လေးပါတဲ့... အစွန်ဆုံးအပိုင်းကို ရလိုက်ပါတယ်။ ခြံကို ခွဲဝေတိုင်းတာပြီးတာနှင့်။

" မင်းတို့စိတ်ကြိုက်ခွဲဝေပြီးပြီနော်... အိမ်မကြီးက မင်းတို့နဲ့မဆိုင်တော့ဘူး... မနက်ဖြန်ပဲဆင်းလေ..."

ဒေါ်သက်ထား ဒီမျှပြောတာတော့ မကောင်းပါဘူး။

" ရတယ်... အန်တီသက်ထား မနက်ဖြန်ဆို 'ကျွန်တော့်အိမ် လေးက နေဖြစ်ရုံရပြီ... ပြောင်းမယ်..."

" အိမ်ကလေးပေါ်က လူတွေရော ဆင်းရမှာနော် "

ထင်ရှားအောင်တို့ပါ ပါလာပြီ။

ဖြူပြာ့အိမ်ကလေးကတော့ နေလို့ရတယ်ဆိုရုံပါ... သေချာ ပြီးသေးတာလည်း မဟုတ်သေးဘူး...။ ထင်ရှားအောင် စိတ်မကောင်း ပါဘူး...။ ထင်ရှားအောင်နှင့် သူရအတွက်က ဘာအရေးလဲ မြို့ထဲ ဘုန်းကြီးကျောင်းဖြစ်ဖြစ် သွားနေလည်းရတယ်။ ဖြူချောအတွက် ဘယ်လိုလုပ်မလဲ...။



" ကိုထင်ရှားအောင်တို့ရော ဖြူချောပါ လောလောဆည် ကျွန်တော်နဲ့ လာနေ..."

" မနေဘူး ဖြူပြာ... ကျောင်းဆောင်မှာ အိမ်ကလေးတစ်လုံး ငှားဖို့ ပိတ်ထားတာရှိတယ်... အဲဒါ ဖြူချောငှားဖို့ပြောပြီးပြီ... မနက်ဖြန် မနက်မှာ... မောင်နဲ့ရှုံးတက် လက်မှတ်ထိုးလိုက်မယ်... ပြီးတော့ အဲဒီအိမ်ကိုပဲ တစ်ခါတည်း ပြောင်းနေမယ်... ကိုသူရကိုပါ ခေါ်သွားမယ်..."

ချောက ပြတ်သားမယ့် ပြတ်သားတော့လည်း တိကျလှ ချည်လား။

ထင်ရှားအောင်ကတော့ သိပ်အလောတကြီးမပြောရက်လို့ မပြောခဲ့တာပါ...။ အခုတော့ အိမ်ငှားဖို့ကပါ အစစ... ဖြူချော စီစဉ်နိုင်တာပါလား...။

" ဖြူချောတို့ လက်ထပ်တော့မယ်... ဝမ်းသာလိုက်တာ..."

ဖြူပြာက တကယ်ဝမ်းသာနေပါတယ်။ သူရကတော့ ငါ လိုက်ရှုပ်သလို ဖြစ်နေပြီ။ မင်းတို့ရဲ့ မင်္ဂလာဦးမှာ ငါမနေချင်ဘူး အားနာတယ်ကွဲ...။ သံချောင်းတို့နဲ့ ကြက်ခြံမှာပဲ နေခဲ့မယ်ဆို အတင်းစီစဉ်ပါလေရော...။ ထင်ရှားအောင်ကြောင့် သူရလိုက်လာနေ တာ အခုလိုမျိုး ထားရမှာတော့ မဖြစ်နိုင်ဘူးဆိုတော့။

" ကိုသူရအတွက် ဘာမှမပူပါနဲ့... ကျွန်တော် ထမင်းဟင်း ချက်ကျွေးပါမယ်... အိမ်လည်း ဝိုင်းဆောက်ပေးပါဦး... ညအိပ်ချိန် ဆော့ သံချောင်းတို့နဲ့ အိပ်ပေါ့... စိတ်ချပါ ကိုထင်ရှားရဲ့ ကိုသူရကို ဆောင့်ရှောက်ပါမယ်..."

ဖြူပြာကတော့လေ... တကယ့်ယောကျ်ားလေးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လိုပါပဲလား။

" ဖြူချော ခင်ဗျားရဲ့ ခြံအကုန်ထိ လိုက်ဖြလိုက်လေ..."

ဖြူပြာပြောတော့မှ ချောနှင့်ထင်ရှားအောင် ခြံအစပ်ထိ လျှောက်ခဲ့ကြတာ။

ဖြူချောရတဲ့အပိုင်းက အစေးဆုံးလို ဖြစ်နေပါတယ်။

လမ်းမဆီရောက်ဖို့တောင် အတော်လမ်းထွင်ဖောက်ရဦးမှာ။

ဖြူချောကတော့ ရသမျှပေါ့တဲ့...။ မောင်စိုက်ပျိုးပေးတဲ့ သစ်ပင်တိုင်တွေနဲ့နေရတာ... ချောနှစ်သက်ပါတယ်တဲ့လေ။

" ရေကတော့ ရေတွင်းကို မောင်ဆယ်ပြီး မော်တာနဲ့ အဆင်ပြေပါပြီ... အိမ်ကိုလည်း... ဒီအနားတဝိုက်မှာပဲ... ဆွေးမလား ဟင် မောင် "

" ချောအိမ်... ချောသဘောပါ... မောင်က အရေးမကြီး ပါဘူး... ချောစိတ်ကြိုက်ဖြစ်ရင် ပြီးတာပါပဲ..."

" ချောအိမ်ချောသဘော မပြောပါနဲ့လား... မောင်နဲ့ အတူနေမယ့်အိမ်... ပြီးတော့ မောင့်ငွေနဲ့ မောင်က ဆောက်ပေးမှာကို ချောတို့ ခွဲခြားလုပ်စရာလိုလို့လား မောင်ရယ်... ပြီးတော့... မနက်ဖြန် လက်ထပ်မယ်ဆိုတာ မောင်နဲ့ချောမှာ နေစရာနေရာမရှိတော့..."

" မောင်အရမ်းဝမ်းသာပါတယ်ချော... မောင်က ခုလိုမျိုး မြန်မြန်ပဲ လက်ထပ်ချင်နေတာပါ... ချောကို မျက်စိရှေ့မှာထား အနီးကပ်စောင့်ရှောက်ချင်နေတာ... အခုလိုနေရတာ စိတ်မချပေမဲ့ ကြည့်နေရတာပဲ မဟုတ်လား... လက်ထပ်ကြရအောင် တဖွဖွပြော ချောစိတ်ညစ်မှာလည်းစိုးနေတာ... ချောဆုံးဖြတ်ပေးလို့ အရမ်း ဝမ်းသာပါတယ်..."



" အခုဆို မိသားစုတွေက ငွေတွေကြောင့် သွေးကွဲကုန်ပါပြီ... မေတ္တာတွေလည်း မရှိကြတော့ဘူး... ဒါတွေဟာ မဖြစ်သင့်တဲ့ ရင်မောစရာတွေပါပဲမောင်... စိတ်ချမ်းချမ်းသာသာနဲ့ မောင့်ရင်ခွင်မှာ အေးအေးဆေးဆေး နေရရင်တော်ပါပြီ..."

" စိတ်ချပါချောရယ်... မောင့်ရင်ခွင်မှာ ချောလုံခြုံအေးချမ်းစွာ နေရပါစေမယ်... တစ်သက်လုံးအတွက် မပြောင်းလဲတဲ့ အချစ်စစ်နဲ့ ပါ..."

ချောပခုံးစွန်းလေးကို ပွေ့ယူပြီး ရင်ခွင်မှာ ဖက်ထားလိုက် ပါတယ်...

ခုလိုအချိန်လေးပဲ ချစ်သူမှာ လုံခြုံနေသလိုလို။

ချစ်သူကို ရင်ခွင်မှာ အခုလို အမြဲထားချင်ပါတယ်။

ဟင်... စိန်ပန်းပင်ကိုင်းပေါ်မှာ တွဲလောင်းခိုနေတဲ့သူကို ခုမှမြင်တာပါ... ဒါက ခုချိန် ဖြူချောပိုင်ဆိုင်တဲ့ မြေနေရာဖြစ်သွားပြီ ဆိုပေမယ့် ခြံခတ်ရသေးတာမှ မဟုတ်တာ...

" ဟင်... ကျော်လင်းလေး..."

ချောကလည်း ကျော်လင်းကို မြင်သွားတာနှင့် ထင်ရှားအောင် ရင်ခွင်မှ ရုန်းထွက်ပြီး ခပ်ခွာခွာလေးရပ်နေပါတယ်...။

" မမဖြူချောရက်စက်တယ်... ကိုကြီးမင်းမင်းက ဘာဖြစ်လို့ လဲ... ရက်စက်တယ်... ရက်စက်တယ်..."

လှည့်ထွက်ပြေးပါပြီ။

ထင်ရှားအောင်တို့သာ ရပ်နေဆဲ...။

" ကျော်လင်းကိုကြည့်ရတာ မင်းမင်းကိုချစ်ခင်လေတော့ မောင်နဲ့ ဘယ်လိုမှ သဘောမတူဘူးထင်ပါရဲ့လေ... သူ့သိပ်ဖိတ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



သွားပုံရတယ်... အဆင်ပြေအောင် ကြည့်နေနော်... ဒီတစ်ညပေမယ့် မောင် အရမ်းစိတ်ပူတယ်..."

" စိတ်မပူပါနဲ့... ဖြူပြာလည်းရှိတာပဲမောင်... ဒီတစ်ည လေးပါ..."

အခုမှပဲ အနမ်းပန်းကလေးတွေပွင့်သွားနိုင်တယ်...

ရင်ခွင်က သဇင်ပွင့်လေးကတော့ ရနံ့သင်းသင်းလေးနဲ့— သိပ်ချစ်တယ် ချောရယ်...။

¤ ¤ ¤

အပြင်မှာတော့ မိုးက သည်းသည်းမည်းမည်း ရွာလွန်းနေ လား။

မနက်ဖြန်ဆို... မောင်နှင့်လက်ထပ်တော့မယ်... ပြီးတော့ ထားတဲ့ အိမ်ကလေးမှာ သွားနေရတော့မယ်...။ မြန်ဆန်လိုက်တာ။ လေးက ခွဲယူတဲ့ငွေတွေယူရင်း မနေ့ကလာသွားပြီးပါပြီ...။ က်ထပ်ဖို့ကိုလည်း သဘောတူပြီးပြီလေ...။

မထင်ထားခဲ့သမျှတွေဟာ အခုလိုဖြစ်တတ်ပါသလား...။ ပဲပြောပြော မောင်နှင့်အတူလျှောက်ရမည့် ဘဝခရီးလမ်းပဲလေ။ ရွေးတဲ့လမ်းဟာ မောင့်အချစ်ကြောင့် ဖြောင့်ဖြူးသာယာလိမ့်မယ် ည်ပါတယ်။

" ဟာ... မိုးရွာတယ်... ဖြူချော... မိုးကလည်း ဆောင်းဝင် မုန်တိုင်းဝင်ရတယ်လို့ဗျာ... ကြက်တွေက ဥဥတော့မှာ... းတွေမိကုန်မှာ စိတ်ပူရတယ်... မိုးကလည်း ရွာလိုက်တာ... ကသွားရဦးမယ်..."

" မိုးရွာပါတယ်ဆိုမှ ဘယ်ကိုသွားဦးမှာလဲ..."

" ကြက်စာအိမ်တွေ မိုးပက်မှာစိုးလို့..."

ဖြူပြာကလည်းလေ... အငြိမ်ကိုမနေဘူး...။

" ဖြူချောရေ... ပစ္စည်းတွေသိမ်းနော်... ကျွန်တော်ကတော့

www.burmeseclassic.com

www.burmeseclassic.com



သိမ်းပြီးနေပြီ... မနက်ဖြန်ကတော့ ကျွန်တော့်ကို အပီကျွေးရမှာဗျာ... ကောင်းကောင်းစားပစ်မယ်... တဝကြီးစားပစ်မယ်..."

"စားရပါမယ် စိတ်ချပါ... ကိုသူရနဲ့ ဖြူပြာကိုမှ မကျွေးရင် ဘယ်သူ့ကျွေးမှာလဲ... ဖြစ်နိုင်ရင် အဲဒီနှစ်ယောက်ကိုတောင်... သဘောတူချင်တာ..."

"တော်ပါဖြူချောရာ... ဖြူချောဘာသာပဲ ကိုအင်ရှားအောင်ကြီးကို ချစ်မဝစွာချစ်ပါ... ကျွန်တော်က ချစ်တတ်တဲ့ နှလုံးသားမရှိဘူး... ကျွန်တော့်ကိုယ် ကျွန်တော်ပဲ ချစ်ပါရစေ... သွားမယ်..."

ပြောပြောဆိုဆို ထွက်သွားပြီး...

ဟဲ့ ဖြူပြာ မိုးအရမ်းသည်းနေတယ်... ထီးယူသွားဆိုတော့ မိုးကာပါတယ်တဲ့... ပေပေတေတေနဲ့ပါလား။

မနက်ဖြန်တဲ့...

တွေးကြည့်ရင် ရင်ခုန်ပျော်ရွှင်ရသလို...။

"မမဖြူချော..."

ကျော်လင်းလေးပါလား...။

လာလေ မောင်လေး၀င်ခဲ့ဆိုတော့ ၀င်မလာပဲ တံခါးကနေ...။

"မမဖြူချောက ကိုကြီးမင်းကို တကယ်ရက်စက်တယ်"

"မမ သူ့ကိုမှ မချစ်ပဲ"

"မမဖြူချော... ကိုကြီး၀ရန်တာပေါ်က ဘယ်လိုလိမ့်ကျသွားတယ်ဆိုတာ သိချင်ရင် ခဏလိုက်ကြည့်ပါလား"

"ဟင်... ကိုကြီးလိမ့်ကျသွားတာ..."

"ဟုတ်တယ်... လာကြည့်..."



ကျော်လင်းလေးနောက်ကို ဖြူချောလိုက်ခဲ့မိပါပြီ။ ဖြူချောလက်ကို ဆွဲပြီး ကျော်လင်းလေးက ခေါ်လာခဲ့ပါတယ်။ နှလုံးရောဂါရှိတဲ့ ကိုကြီးတစ်ယောက် ၀ရန်တာကနေ ဘယ်လိုကျသွားပါလိမ့်။ ကျော်လင်းလေးက မြင်ခဲ့လို့လား သိချင်မိတယ်...။

စိတ်ညှိုးခံရတဲ့ လူတစ်ယောက်လို ကိုကြီးကို မြင်လိုက်လားဟင်ဆို လိုက်လာခဲ့တာ...။

၀ရန်တာဟာ မပြုပြင်ခဲ့တဲ့အတွက် လက်တန်းတွေက ကျိုးပဲ့ပြီး မိုးတွေကလည်း သည်းလွန်းစွာ ပက်နေလိုက်တာ...။

"ဘယ်လိုကျသွားတယ်ဆိုတာ... မမဖြူချောကိုပြမယ်"

ပြောပြီးတော့ ဖျတ်ခနဲဆို... ၀ရန်တာအကျိုးပေါ်ကနေ ခပ်လှမ်းလှမ်း သရက်ကိုင်းပေါ် ခုန်တက်သွားပြီ။

"ဟယ်... ကျော်လင်းလေး ဘာလုပ်တာလဲ ဆင်းခဲ့... ဆင်းခဲ့... မိုးတွေလည်း သည်းနေတယ်... မင်းလိမ့်ကျတော့မယ်..."

ကျော်လင်းလေးကို ဖြူချော စိတ်ပူစွာ ရှေ့ကို တရွေ့ရွေ့နှင့် လှမ်းနေမိပြီ...။

သစ်ကိုင်းပေါ်မှာတော့ ကျော်လင်းလေးက တွဲလောင်းခိုနေရာကနေ... ဟိုဘက်ကိုင်းကို ခုန်ကူးလိုက်တဲ့အခါ ဖြူချောလန့်ပြီး မျက်ဝန်းတွေတောင်... ပြာသွားပါတယ်။

"ကျော်လင်းလေး... ပြန်လာခဲ့... မိုးနဲ့သစ်ကိုင်းတွေ ချော်နေမှာ... လိမ့်ကျမယ်... လိမ့်ကျမယ်... ပြန်လာခဲ့... အမလေး..."

ကျော်လင်းလေးက ဖျတ်ဆို အောက်ဘက်သစ်ကိုင်းကို အပေါ်ကနေ လွှတ်ချလိုက်တဲ့အခါ... ဖြူချောစိတ်မှာ ကျပြီလို့ အသည်းအေးစွာ ယောင်ပြီး လှမ်းလိုက်တော့မှ...။

www.burmeseclassic.com

www.burmeseclassic.com



" အမလေး…"

လက်တန်းကျိုးပဲ့ပြီး မိုးစိုနေတဲ့ ပျဉ်ချပ်တွေကနေ ဖြူချော ချော်ပြီး ကျသွားတဲ့အခါမှာတော့…။

ဖြူချောသေရတော့မယ်…

ဖြူချော ကြောက်တယ်… ကြောက်တယ်…။ မောင်ရေ… မောင်ရေ… မျက်ဝန်းတွေပြာဆပြီး ဘာမှမသိသလို ဖြစ်သွားတဲ့အချိန် ဖြူချောလက်တစ်ဖက်ကို တင်းတင်းကျပ်ကျပ်ဆွဲထားတဲ့ ခံစားမှုနဲ့ အတူ… ဆူဆူညံညံအသံတွေထဲမှာ… ဖြူချော နောက်ဆုံးကြားလိုက်ရ တဲ့ အသံကတော့…။

" ဖြူချော…"

ဒါဟာ… ဒါဟာ ဖြူပြာ့အသံပဲ…။

ဖြူပြာ ဖြူပြာလို့ အသံမထွက်နိုင်စွာ ရေရွတ်ရင်း ဖြူချော အသိစိတ်မှာ… ဘာမှမရှိတော့ပါဘူးလေ…။

¤ ¤ ¤

" ကံကောင်းလို့ပါလား ဖြူချောရယ်…"

ဘယ်လိုပဲဖြစ်ဖြစ် ကြောက်ရွံ့ထိတ်လန့်စွာ သတိလစ်သွားတဲ့ ဖြူချောကို ဆေးရုံပို့လိုက်ကြရပါတယ်။ သတိရလျှင်ရခြင်းပဲ… ကြောက်တယ်… ကြောက်တယ်လို့ ရွတ်နေသေးတာ…။ ချောများ တစ်ခုခုဖြစ်သွားရင် မောင်ရင်ကျိုးရပါပြီ။

" အောက်ထပ်ရောက်တော့ မိုးသည်းလွန်းနေတာရယ်… အန်တီသက်ထားက အပေါ်မှာ ဖြူချောတစ်ယောက်တည်းလားဆိုတဲ့ မေးခွန်းကြောင့် စိတ်ထင့်ပြီး ကျွန်တော် အပေါ်ကိုပြန်တက်ခဲ့တာပါ…"

ဖြူပြာ အပေါ်ပြန်တက်လာတော့ အခန်းထဲမှာ ဖြူချောမရှိ တာနဲ့ ဘယ်သွားပါလိမ့်ဆို ပြတင်းပေါက်ကနေ ကြည့်တဲ့အခါ… သရက်ကိုင်းပေါ်မှာ ဘားတန်းခိုသလို တစ်ကိုင်းပြီး တစ်ကိုင်း ခိုပြနေတဲ့ ကျော်လင်းကို မြင်ရတော့ အံ့သြပြီး ကိုကြီးနေတဲ့ အခန်းဆီ ပြေးခဲ့တာတဲ့…။

" ခုမှ ကျွန်တော် သဘောပေါက်တာ… ကျော်လင်းလေး ဟာ… စိတ်ဖောက်ပြန်ပြီး တစ်ကိုင်းပြီးတစ်ကိုင်း ခုန်ချလိုက် ခုန်တက်လိုက်လုပ်တာကို စိတ်ပူပြီး ကိုကြီးဟာ ဝရန်တာကနေ လှမ်းချော့ခေါ်ပါလိမ့်မယ်… မနိုင်တဲ့ ဝရန်တာက ကျိုးကျသွားတာပါပဲ"

" ဖြူချောလည်းလေ… ကျော်လင်းလိမ့်ကျပြီလို့ မှတ်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မမီနိုင်တာရယ်… လိမ့်ကျနိုင်တဲ့ အန္တရာယ်ကို မေ့ပြီး…”

“ ဟုတ်တယ်… စိတ်ဖောက်ပြန်တဲ့လူကတော့ သူ့အသက် အန္တရာယ်ရှိမရှိ ဘယ်ဂရုစိုက်မလဲ… သူ့ကိုစိုးရိမ်တဲ့ လူတွေကသာ သူလိမ့်ကျမှာ ပူပန်ရင်း လိမ့်ကျဖို့ ဖြစ်ကုန်ကြတာ…”

“ ကျော်လင်းလို စိတ်ဖောက်ပြန်နေတဲ့ လူက ဘေးလူတွေကို အန္တရာယ်ပြုမှာ စိုးရိမ်စရာပဲ… ဆေးရုံပို့သင့်တယ် ”

“ ဆေးရုံပို့လိုက် ခဏကောင်းလိုက်နဲ့ပါ ”

“ ဝဋ်ကြွေးကြီးတစ်ခုလို ဖြစ်နေပါပြီ…”

“ အန်တီသက်ထားခမျာလည်း… သူ့သားအရင်းဆိုတော့ စိတ်ပူရှာမှာပါပဲ… အခုပဲကြည့်လေ… ကျော်လင်းစိတ်ဖောက်နေတော့ အပေါ်မှာ ဖြူချောနဲ့ နှစ်ယောက်ပဲရှိရင် တစ်ခုခုဖြစ်မှာ စိတ်ပူလို့ သူပါ အပေါ်တက်လာခဲ့တာတဲ့…”

ဖြူချော လိမ့်ကျသွားပြီ သိတာနဲ့… ဖြူပြာလည်း မှုန်ထူပြီး လှမ်းဖမ်းဆွဲလိုက်တဲ့အခါ လက်ကလေးတစ်ဘက်ပဲ မီသတဲ့လေ။ ဖြူပြာခမျာ သူပါ ရောလိမ့်ကျမှာ စိတ်ပူပြီး တိုင်လက်တန်းကို… အတင်း ဖက်ထားခဲ့ရတယ်တဲ့။

“ ဝရန်တာက သွေးနေတော့… ကျွန်တော်တို့နှစ်ယောက် ကျပြီဆိုရင် သေမှာလို့ တွေးနေတုန်း… ကျွန်တော့်ခြေထောက်ကို အန်တီသက်ထားက ဆွဲထားပေးတယ်လေ… တကယ် ဒုက္ခရောက်ရတော့မယ်ဆို သွေးတဲ့ စကားပြောစွာ ကူညီတာပါပဲ… ကျွန်တော် တကယ် ကျေးဇူးတင်ရတယ်…”

ချောဆီမှာ ဖြူပြာကယ်တဲ့ အသက်ပဲရှိတော့တာပါ…။

မနက်ဖြန်ပဲ လက်ထပ်တော့မယ် ဖြူချောများ တစ်ခုခုဖြစ်ရင်



ထင်ရှားအောင် စိတ်ဆင်းရဲရတော့မှာ…။

“ နောက်ကို အားလုံး ချစ်ချစ်ခင်ခင် နေသင့်တယ် ဖြူချော…”

ဖြူပြာလို ခပ်ကြမ်းကြမ်း ကောင်မလေးကတောင် ဒီလို ပြောလာပါရောလား။ ဖြူပြာလည်း ချက်စိရှေ့ ရင်တုန်စရာတွေ ဖြစ်ရတော့ ဖြူချောလောက် မဆိုးပေမယ့် အတော်ထိတ်လန့်သွား ပုံရပါတယ်။

အန်တီသက်ထားက ဖြူပြာကို ပြောပြတယ်တဲ့။ ဝရန်တာ ပေါ်မှာ ခုလိုပဲ ကျော်လင်း ကျွမ်းထိုးကောင်းတာ… ပန်းအိုးကြီးကို ခြေထောက်နဲ့ခတ်မိလို့ ပြုတ်ကျပြီး ဖြူချောကံကောင်းလို့ မထိတာ လို့လည်း ပြောသတဲ့…။

“ ဖြူပြာက အတော့်ကို သန်မာတာပဲ… လူတစ်ယောက်ကို လက်က ဆွဲထားဖို့ဆိုတာ မလွယ်ဘူး…”

“ ကံကောင်းတာက လက်မောင်းကို မိမိရရမိလိုက်လို့ပါ… လက်ဖျားလေးလောက်ဆို ဘယ်လွယ်မလဲ… အန်တီသက်ထား အရမ်းအော်တော့… မော်လင်းနဲ့ ဖြူဖွေးရောက်လာပြီး ဝိုင်းဆွဲကြတာ လည်း ပါပါတယ်… ကျွန်တော်တစ်ယောက်တည်းဆွဲတာကြာရင် လက်အံသေပြီး ကျွန်တော်ပါ ပြုတ်ကျရင်ကျ… မကျရင် ဖြူချော ကျတော့မှာပါ…”

“ အရေးအကြောင်းကျတော့ မိသားစုတွေ ညီကြလို့ပေါ့…”

“ ကိုထင်ရှားအောင်… အခုအချိန် စိတ်အမောပြေတော့မှ ပြောရဦးမယ်… ကျွန်တော်ကသာ ထိတ်ထိတ်လန့်လန့်ဖြစ်နေတာ… ဖြူချောက ဘာတွေရွတ်နေတယ် မှတ်လဲ… မောင်… မောင်တဲ့…”

www.burmeseclassic.com



ဖြူချောက ရက်ပြီးတော့ မဟုတ်တာ… ဖြူချော သတိရသမျှကတော့ ဖြူပြာ… ဖြူပြာလို့ခေါ်တာပါတဲ့။

" စိတ်ကတော့ ဖြူပြာခေါ်သလားမသိ… ဖြူပြာကြားတာကတော့ မောင်တဲ့ "

" ဖြူပြာဟာလေ…"

ဘာပဲပြောပြော ကျေးဇူးတင်ပါတယ် ဖြူပြာ။ မင်းရဲ့လျှင်မြန်ဖျတ်လတ်မှုတွေ ရုတ်တရက်ဆုံးဖြတ်နိုင်စွမ်းတွေ သတ္တိရှိရှိ ရင်ဆိုင်ရဲတာတွေကြောင့် ချစ်သောဖြူချောနဲ့ မခွဲခွာခဲ့ရတာ မဟုတ်လား။

¤ ¤ ¤

" ဒါဆို ကျော်လင်းကရော "

" ကျော်လင်းကို မင်းမင်းကပဲ ချောမော့ပြီး ရန်ကုန်ခေါ်သွားတယ်… ဆေးရုံပြန်တင်ရလိမ့်မယ်…"

" သနားပါတယ်…"

ကျော်လင်းရဲ့ စိတ်မှာတော့ ဘာတွေရှိမယ် မသိနိုင်…။ ဒါပေမယ့် စိတ်မမှန်တာ…။ သူ့ကို စိုးရိမ်စိတ်ပူစွာ အစ်ကိုတွေ အစ်မတွေ လိမ့်ကျရတဲ့ အဖြစ်လည်း သိချင်မှသိမှာပေါ့…။

" လမိုက်ညတွေ ကုန်ပြီလို့ သဘောထားပါလား ချော… ချောအတွက် လပြည့်ညတွေချည်း ဖြစ်တော့မှာပါ…"

" ဒီလောက် မိုးသည်းနေတာ… လပြည့်ည ဖြစ်နိုင်ပါ့မလား…"

ကံကောင်းလို့ပေါ့…

ဖြူချောသာ တစ်ခုခုဖြစ်သွားရင်… အဲဒီမိုးသည်းသည်းညဟာ မောင့်အတွက်တော့ အလွမ်းညဖြစ်ရတော့မှာ…။

" ဖြူပြာတောင် အတော်ထိတ်လန့် သံဝေဂရသွားတယ်… အမွေခွဲပြီးကြပေမယ့်… ချစ်ချစ်ခင်ခင် ဆက်နေသွားကြတော့ပါတဲ့…"

အခုတော့ မိုးက မရွာပြန်တော့ပါဘူး…။

" မောင့်အတွက် မိုးသည်းသည်းနဲ့ အလွမ်းည ဖြစ်တော့

www.burmeseclassic.com

www.burmeseclassic.com



မလို့..."

" ဒါကြောင့်လည်း မောင်စိတ်မချမ္ဘာ ချောကို ခုလိုရင်ခွင်မှာပဲ ထားချင်တာပေါ့..."

ဆေးရုံပေါ်ကဆင်းပြီး လက်ထပ်တဲ့ သတို့သမီးလို့ ဖြူချောကို ဖြူပြာကရယ်ခဲ့သေးတာ...။

" မောင်တို့အတွက် ညတွေဟာ မိုးသည်းသည်းရွာစေဦးတော့ အလွမ်းညတွေတော့ မဖြစ်တော့ပါဘူး... မောင်တို့ ထာဝရ အတူရှိခဲ့ပြီပဲ..."

မောင့်ရင်ခွင်ကို မီရင်း အပြင်ကို ဖြူချောကြည့်နေမိတယ်... မိုးမရှိပေမယ့် လေပြင်းတော့ အနည်းငယ်ရှိတယ်...။ ကောင်းကင်ပေါ်မှာ တိမ်တွေတရိပ်ရိပ်...။

" ဟယ်... မောင် ဟိုမှာကြည့်ပါဦး..."

တိမ်စိုင်တွေ ရွေ့လျားသွားတယ်ဆိုရင်ပဲ... လှပသောထက်ခြမ်းတစ်ဝက် လကလေးကို မြင်ရတယ်...။ အများကြီး အလင်းရောင် ပေးနိုင်တာပါလား...။

ဒီညကျတော့လည်း လှပသွားပါပြီ။

" မိုးသည်းညကိုတော့ ပြန်မတွေးရဲအောင်ပါပဲ..."

" ပြီးခဲ့ပြီပဲ ချောရယ်... အခုကြည့်ပါလား လဝန်းကလေးကိုတောင် တွေ့နေရပြီ... သိပ်မကြာခင် လပြည့်ဝန်းကို တွေ့နေရတော့မှာ... မဟုတ်ပါဘူး... အခုဆို လပြည့်ဝန်းကို ချောတွေ့နေရပြီ မဟုတ်လား..."

" ဘယ်မလဲ လပြည့်ဝန်း..."

" ဒီမှာလေ..."



မောင်က သူ့ရင်ဘတ်သူ ပုတ်ပြနေတယ်...

ချောရဲ့ လပြည့်ဝန်းကြီးပါတဲ့လား။ တုတ်ပါတယ်။ ချောကလည်း... မောင်က ချောရဲ့ဘဝမှာ လပြည့်ဝန်းကြီးလို့ပဲ ယုံကြည်ပါတယ်။

မိုးတိမ်တွေ ရောက်ရှိရွေ့လျားနေပြန်ပါပြီ။

မိုးရွာဦးတော့မည်လား။

သည်းချင်လည်း သည်းတော့မိုးရယ်...။

ဒီနေ့ညကတော့ အလွမ်းညမဖြစ်နိုင်။

" ကိုကြီးလည်းသနားပါတယ်... ကျော်လင်းလေးကို စိုးရိမ်ပြီး ဖြစ်ရရှာတာနေမှာ..."

စိတ်က ကိုကြီးဆီရောက်ပြန်တော့ စိတ်မကောင်း။

မောင်ကတော့... ဖူးစာဆိုတာ ထူးဆန်းတယ်... ကျော်စွာက အိပ်မက်ထဲမှာ လာမခေါ်ဘူးဆို ပျဉ်းမမြိုင်ကို မောင်ရောက်လာစရာ အကြောင်းမရှိဘူးတဲ့လေ။ ခုတော့လည်း မောင်က ဖြူချောရဲ့ အနားမှာ ထာဝရရှိနေခဲ့ပြီပဲ...။

ဖြူချော မြင်နေရတဲ့ လဝန်းပိုင်းလေးကတော့ ကွယ်ပျောက်သွားပြီး မိုးတိမ်တွေ ရောက်လာပါရော...။

ဖြူချောအနားမှာကတော့ လပြည့်ဝန်းကြီး ရှိနေခဲ့ပြီပဲ...။

ဟော...

မိုးစက်မိုးပေါက်တွေ။

ရွာပြန်ပါရော...။

ဒါပေမယ့် မိုးရယ်...

သည်းချင်သလောက်သာ သည်းနိုင်ပါပြီ...။

www.burmeseclassic.com

www.burmeseclassic.com



ဖြူရော်အတွက် အလွမ်းညက ကုန်ဆုံးသွားပြီမို့ပါ...။
မိုးသည်းသံကိုပင် ကြည်နူးစွာ နားထောင်ရင်း...။
ရှေ့လျှောက် များစွာသော ချစ်ခြင်းညတွေသာ ရှိတော့မှာမို့...။
သည်းနိုင်ပြီပဲ... မိုး...။

သုန္ဒရီသက်ဝေ

BURMESE CLASSIC .com

www.burmeseclassic.com